# မြန်မာ့အလင်း

အတွဲ (၅၃)
အမှတ် (၁၄၃)

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၆ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၅ ရက် ၂၀၁၄ ခုနှစ်၊ စက်တင်ဘာ ၁၃ ရက်၊ စနေနေ့။


## ဝီရိယနှင့် ဆန္ဒအကျိုး

**ဝီရိယဝတော ကိံ နာမ ကမ္မံ န သိဇ္ဈတိ။**

ဝီရိယရှိသော ပုဂ္ဂိုလ်များအတွက် မပြီးမမြောက်နိုင်သည့် အလုပ်ကိစ္စဟူသည် မရှိ။

**ဆန္ဒဝတော ကိံ နာမ ကမ္မံ န သိဇ္ဈတိ။**

ဆန္ဒရှိသော ပုဂ္ဂိုလ်များအတွက် မပြီးမြောက်နိုင်သည့် အလုပ်ကိစ္စဟူသည် မရှိ။

(မူလဍီ၊ ၃၊ ၁၆၉။)

# နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုတည်တံ့ခိုင်မြဲရေး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ပူးပေါင်းဆောင်ရွက်နေမှုဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၁၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့် ဒုတိယဥက္ကဋ္ဌ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီနိုင်ငံတကာဆက်ဆံရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာဝမ်ကျားလွေ့ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ဆက်လက်ထိန်းသိမ်းစောင့်ရှောက်သွားရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် ဆောင်ရွက်နေမှုများ၊ မူးယစ်ဆေးဝါးတားဆီး နှိမ်နင်းရေးအတွက် နှစ်ဖက်ပူးပေါင်းဆောင်ရွက်နေမှုအခြေအနေများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးအောင်မင်းနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့် ဒုတိယဥက္ကဋ္ဌ ဦးဆောင်သောအဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီး မစ္စတာ ရန်ဟို့လန်လည်း တက်ရောက်သည်။ **(သတင်းစဉ်)**



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့် ဒုတိယဥက္ကဋ္ဌ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံတကာဆက်ဆံရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာဝမ်ကျားလွေ့အား နိုင်ငံတော်သမ္မတ အိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။** (သတင်းစဉ်)

**ယနေ့ မာတိကာ**


**အီဘိုလာထိန်းချုပ်ရေး စေတနာ့ဝန်ထမ်း ၂၀၀၀ ကျော်ကို သင်တန်းပေးမည်** စာ-၄

**လူသားအချင်းချင်းစာနာလို့ လူကုန်ကူးမှုတိုက်ဖျက်စို့** ဆောင်းပါး စာ-၆

ကြော်ငြာအချပ်ပို ရှစ်မျက်နှာပါရှိ

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာအချပ်ပို ရှစ်မျက်နှာ ပါရှိပါသည်။

# ရန်ကုန်ဘူတာကြီးအား ၆၃ ကေ ကျယ်ဝန်းသည့် ယာဒ်ဝင်းအသစ် အပါအဝင် ပုဇွန်တောင်နှင့် ကြည့်မြင်တိုင်ဘူတာများ အဆင့်မြှင့်တင်ရေးစတင်



**ရန်ကုန် စက်တင်ဘာ ၁၂**

ရန်ကုန်ဘူတာကြီး၊ ပုဇွန်တောင်ဘူတာနှင့် ကြည့်မြင်တိုင်ဘူတာရုံ ယာဒ်ဝင်းများအား နိုင်ငံတကာအဆင့်အတန်းမီ ဘူတာရုံကြီးများအဖြစ် အဆင့်မြှင့်တင်ခြင်းများ ပြုလုပ်သွားရန် စတင်စီစဉ်နေပြီဖြစ်ကြောင်း ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား (အောက်မြန်မာပြည်)မှ သတင်းထုတ်ပြန်ထားသည်။

နှစ်ပေါင်း ၁၀၀ ကျော် သက်တမ်းရှိသော သမိုင်းဝင်ဘူတာရုံကြီးများအား နိုင်ငံတကာ အဆင့်မီဘူတာရုံများအဖြစ် အဆင့်မြှင့်တင်ခြင်းကို ဆောင်ရွက်ရန်အတွက် အကြံပေးပညာရှင်များ၊ အဆင့်မြင့်ဗိသုကာပညာရှင်များနှင့် သမိုင်းနှင့် ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းရေးပညာရှင်များ၊ ပို့ဆောင်ရေးကဏ္ဍ ကျွမ်းကျင်သူများ စုပေါင်းကာ ဆောင်ရွက်သွားမည်ဖြစ်သည်။

ယခုလက်ရှိတွင် စီမံကိန်းဆိုင်ရာ မူကြမ်းများ စတင်ရေးဆွဲလျက်ရှိပြီး ကွင်းဆင်းလေ့လာမှုများ၊ ဝန်ထမ်းမိသားစုများ၏ အကြံဉာဏ်ရယူခြင်းများ၊ မြန်မာ့မီးရထားပိုင် နယ်နိမိတ်ပေါ်သို့ ကျရောက်လျက်ရှိသည့် ကျူးကျော်မိသားစုများအား စနစ်တကျ စာရင်းကောက်ယူခြင်းများနှင့် မီးရထားဝန်ထမ်းအိမ်ရာ ပြန်လည် ဖော်ထုတ်ရေးများကို စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း မြန်မာ့မီးရထား(အောက်မြန်မာပြည်)မှ အထွေထွေမန်နေဂျာ ဦးထွန်းအောင်သင်းက ပြောကြားသည်။

"ရန်ကုန်ဘူတာကြီး၊ ပုဇွန်တောင်နဲ့ ကြည့်မြင်တိုင်ဘူတာတွေ *စာမျက်နှာ ၃ ကော်လံ ၁ သို့* ❒

**သတင်း-ခင်လေးမြင့်အောင်**
**ဓာတ်ပုံ- တင်စိုး(မြန်မာ့အလင်း)**







## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့

ကျွန်ုပ်တို့နိုင်ငံတွင် ဒီမိုကရေစီစနစ်ပြန်လည်ကျင့်သုံးလာခဲ့သည်မှာ သက်တမ်းသုံးနှစ်ကျော်မျှသာ ရှိပါသေးသည်။ ပြည်သူလူထုအတွင်း ဒီမိုကရေစီသဘောတရားများ၊ ဒီမိုကရေစီစံနှုန်းများ၊ ဒီမိုကရေစီစနစ်နှင့်အညီ ကျင့်ကြံနေထိုင်မှုများ တိုးပွားရှင်သန်လာရေးအတွက် ကြိုးပမ်းအားထုတ်နေရဆဲဖြစ်ပါသည်။ တစ်နည်းအားဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ် ပေါ်ပေါက်လာရေးအတွက် ဝိုင်းဝန်းကြိုးစားအားထုတ်လျက်ရှိပါသည်။

လာမည့် စက်တင်ဘာ ၁၅ ရက်နေ့သည်ကား အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ (International Day of Democracy) ဖြစ်ပါသည်။ ထိုနေ့ရောက်တိုင်း ဒီမိုကရေစီစနစ် ရှင်သန်ထွန်းကားရေးအတွက် ဆောင်ပုဒ်တစ်ခုခုထုတ်ပြန်လျက် အသိပေးနှိုးဆော်တိုက်တွန်းလေ့ရှိပါသည်။ ယခုနှစ် ဒီမိုကရေစီနေ့ ဆောင်ပုဒ်သည်ကား ''ဒီမိုကရေစီဖော်ဆောင်ရေး လူငယ်များဝိုင်းဝန်းဆောင်ရွက်ပေး'' (Engaging youth on Democracy) ဟူ၍ သတ်မှတ်ထုတ်ပြန်ထားပါသည်။ လူငယ်လူရွယ်များအတွင်း ဒီမိုကရေစီစနစ်သဘောတရားများ ရှင်သန်ထွန်းကားလာပြီး နိုင်ငံတော်နှင့် ပြည်သူတို့၏ အကျိုးစီးပွားဖော်ဆောင်ရာတွင် လက်တွဲပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းထားသည့်သဘောဖြစ်ပါသည်။ ဒီမိုကရေစီစနစ်တိုးတက်ပြန့်ပွားအောင် ဆောင်ရွက်ရာတွင် လူငယ်လူရွယ်များပါ ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရမည့်သဘောဖြစ်ပါသည်။

ဒီမိုကရေစီစနစ်၏ အနှစ်ချုပ်သဘောတရားမှာ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့်တန်းတူညီမျှခြင်းတည်းဟူသော လောကပါလတရားများ ရှင်သန်ထွန်းကားရေးပင်ဖြစ်၏။ လူတိုင်းလူတိုင်းက လွတ်လပ်ခြင်းကို အလိုရှိကြသည်။ လွတ်လပ်ခြင်းဟုဆိုရာတွင် ဥပဒေအရသာဖြစ်၏။ ဥပဒေဘောင်အတွင်းမှသာ လွတ်လပ်စွာဆောင်ရွက်နိုင်၏။ လွတ်လပ်စွာပြောဆိုခြင်း၊ လွတ်လပ်စွာရေးသားခြင်း၊ လွတ်လပ်စွာပြုလုပ်နိုင်ခြင်းတို့သည် ဥပဒေဘောင်အတွင်းမှာသာဖြစ်၏။ ဒီမိုကရေစီရှင်သန်ထွန်းကားသော နိုင်ငံတို့၌ ဥပဒေနှင့် စည်းကမ်းကို အလွန်တန်ဖိုးထားကြလေ၏။

ဒီမိုကရေစီစနစ်သည် လူအများ၏အကျိုးအတွက် လူအများ၏ အလိုဆန္ဒအတိုင်း လူအများက လုပ်ကိုင်ဆောင်ရွက်ကြရသည်ဟု ဆိုထားလေ၏။ ထို့ကြောင့်ပင် ကျွန်ုပ်တို့နိုင်ငံတွင် အများပြည်သူ့ဆန္ဒကို အလေးဂရုမူကာ ပြည်သူ့ဗဟိုပြု အစီအမံများ ဦးစားပေးဖော်ဆောင်ပေးလျက်ရှိသည်မှာ ဒီမိုကရေစီပုံရိပ်ကို ထင်ဟပ်လျက်ရှိပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဒီမိုကရေစီအသွင်သဏ္ဌာန်အမျိုးမျိုးရှိရာတွင် လူတိုင်း လူတိုင်းသည် အသိပညာရှိလျှင် အကောင်းဆုံးဖြစ်သည်ဟု မြန်မာ့စွယ်စုံကျမ်းအတွဲ(၅)၌ ဖော်ပြထားလေ၏။ အကြောင်းသည်ကား ထိုအသိပညာနှင့်ပင် ဒီမိုကရေစီစနစ် ရှင်သန်ထွန်းကားအောင် ထိန်းကျောင်းပြုပြင်နိုင်စွမ်းရှိ၏။ အသိပညာသည် အရေးကြီးရာ ထိုအသိပညာဖြင့်သာ ကောင်းခြင်း၊ ဆိုးခြင်း၊ တရားမျှတခြင်း၊ တရားမမျှတခြင်း၊ ဥပဒေနှင့်အညီဖြစ်ခြင်း၊ မဖြစ်ခြင်းစသည်ဖြင့် စဉ်းစားတွေးခေါ်လုပ်ကိုင်သွားနိုင်မည်ဖြစ်ပါ၏။

သို့ပါ၍ ''ဒီမိုကရေစီဖော်ဆောင်ရေး လူငယ်များဝိုင်းဝန်းဆောင်ရွက်ပေး''ဟူသော ဆောင်ပုဒ်အတိုင်း လူငယ်လူရွယ်များက အသိပညာများ ရှင်သန်တိုးပွားအောင် ဆောင်ရွက်ခြင်း၊ ဥပဒေကိုလေးစားတန်ဖိုးထားခြင်းတို့ဖြင့် ဒီမိုကရေစီစနစ်တိုးတက်အောင် ဆောင်ရွက်ရာတွင် ပူးပေါင်းဆောင်ရွက်သွားသင့်ပါကြောင်း။ ။

## အမှုထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းဖွင့်

**ရန်ကုန် စက်တင်ဘာ ၁၂**

နိုင်ငံတော်ပြုပြင်ပြောင်းလဲမှု တတိယအဆင့်အရှိန်အဟုန်မြှင့်တင်မှု (Third Wave) လုပ်ငန်းစဉ်(၁) အမှုထမ်းစွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်းအမှတ်စဉ် (၂/၂၀၁၄) အား စက်တင်ဘာ ၈ ရက်မှ ၁၂ ရက်ထိ သင်တန်းသား ၄၀ ဖြင့် အမှတ်(၁၄)တပ်ခွဲ အင်းစိန်ရှိ မြန်မာ့မီးရထားစက်ခေါင်းစက်ရုံ (အင်းစိန်) သင်တန်းခန်းမဆောင်၌ ရထားရဲတပ်ဖွဲ့မှူး(ကိုယ်စား)၊ အမှတ်(၃) တပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး ကျော်တေဇက အမှာစကားပြောကြားပြီး သင်တန်းဖွင့်လှစ်ပေးခဲ့သည်။

**(ရထားရဲတပ်ဖွဲ့)**

### ပြည်တွင်းသတင်း

# ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာသည့်အထောက်အကူများသာမက ဒေသဖွံ့ဖြိုးရေးအကောင်အထည်ဖော်ဆောင်ရွက်ရေးဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၁၂**

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်းအား ကုလသမဂ္ဂလူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံး (UNOCHA)မှ ညှိနှိုင်းရေးနှင့် တုံ့ပြန်ရေးဌာန ညွှန်ကြားရေးမှူးဖြစ်သူ Mr. John Ging ဦးဆောင်သောအဖွဲ့သည် စက်တင်ဘာ ၁၁ ရက် နံနက် ၉ နာရီက ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ လာရောက်တွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံရာတွင် နယ်စပ်ရေးရာဝန်ကြီးဌာန၏ အဓိကရည်မှန်းချက်တာဝန်များဖြစ်သည့် နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် နယ်စပ်ဒေသရှိ တိုင်းရင်းသားလူငယ်များကို လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရ၏ ရန်ပုံငွေဖြင့်သာမက ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေမှုများ၊ နိုင်ငံတော်အစိုးရ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ၏ တိုးတက်ဖြစ်ထွန်းနေမှု များ၊ ရခိုင်ပြည်နယ်အတွင်း နိုင်ငံတော်အစိုးရ၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများ၏ တိုးတက်ဖြစ်ထွန်းမှု၊ တွေ့ကြုံရသည့် စိန်ခေါ်မှုများ၊ နိုင်ငံသားဖြစ်မှုဆိုင်ရာ အကောင်အထည်ဖော် ဆောင်ရွက်နေမှုများ၊ အနာဂတ်လုပ်ငန်းစဉ်များကို အတူတကွ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ လုပ်ငန်းစဉ်များ၊ ရခိုင်ပြည်နယ်အတွင်း ကုလသမဂ္ဂ အဖွဲ့အစည်းများနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၏ လူသားချင်းစာနာသည့် အထောက်အကူများကို နှစ်ဖက်အဖွဲ့အစည်းသို့ မျှမျှတတ ထောက်ပံ့ကူညီရေး ကိစ္စရပ်များ၊ လူသားချင်းစာနာသည့် အထောက်အကူများသာမက ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များကိုပါ ပိုမိုအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီခြောက်ခု ဖွဲ့စည်းထားရှိမှုနှင့် လုပ်ငန်းကော်မတီအသီးသီး၏ လုပ်ငန်းတာဝန်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများကို ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ Action Plan ကို ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

### ထင်သာမြင်သာပြုပြင်စရာ


## ယုဇနဥယျာဉ်မြို့တော်၌ ရေကောင်းရေသန့် သုံးစွဲနိုင်ရန် နီးလျက်နှင့်ဝေး

**ရန်ကုန် စက်တင်ဘာ ၁၂**

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် (၉၄)ရပ်ကွက် ယုဇနဥယျာဉ်မြို့တော်၌ A,B,C ဘလောက်အလိုက် တိုက်ခန်းပေါင်း ၇၀၀၀ ကျော်၊ ရပ်ကွက်နေမိဘပြည်သူ ၅၀၀၀၀ ကျော်ခန့် နေထိုင်လျက် နေ့စဉ် အဝီစိတွင်းမှ ဖြန့်ဖြူးပေးပို့လျက်ရှိသောရေ(အနည်ပါ၊ လျှော်ဖွပ်သုံးစွဲရန်မသင့်)ကို နေ့စဉ်နှင့်အမျှ လျှော်ဖွပ်သုံးစွဲလာခဲ့သည်မှာ ကြာမြင့်ခဲ့ပြီဖြစ်ပါသည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် ရေကောင်း ရေသန့်ဖြန့်ဖြူးသုံးစွဲနိုင်ရန်အတွက် ရေမရရှိသေးသော မြို့နယ်များကို နိုင်ငံတော်က ဦးစားပေးကူညီပံ့ပိုးအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ (၉၄) ရပ်ကွက် ယုဇနဥယျာဉ်မြို့တော်၌ မြေအောက်ရေလှောင်ကန်ကြီးများနှင့် ရေတွန်းအားပေးစက်ကြီးများ တည်ဆောက်ပြီးစီးခဲ့သည်မှာလည်း လပေါင်းများစွာ ကြာခဲ့ပြီဖြစ်ပါသည်။

မြေအောက်ရေလှောင်ကန်ကြီးထဲသို့ ရေကောင်းရေသန့်များ ရောက်ရှိသည်ကို မြင်တွေ့နေရသော်လည်း ယနေ့အချိန်အထိ ယုဇနဥယျာဉ်မြို့တော်သူ မြို့တော်သားများ တစ်ရက်ပြီး တစ်ရက်၊ တစ်လပြီး တစ်လ ရင်သပ်ရှုမောစွာဖြင့် စောင့်မျှော်လျက် ရေကောင်း ရေသန့်များ သုံးစွဲနိုင်ခြင်းမရှိသေးသည့်အတွက် နီးလျက်နဲ့ဝေးနေသည်ကို ထင်သာမြင်သာ တင်ပြလိုက်ရပါသည်။

**ကျင်မောင်**



## MFF 100 PLUS U-15 SUPER CUP 2014 လူငယ်ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

**မန္တလေး စက်တင်ဘာ ၁၂**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူး၍ Alpine နှင့် 100 PLUS တို့၏ ပံ့ပိုးကူညီမှုဖြင့် MFF 100 PLUS U-15 SUPER CUP 2014 လူငယ်ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၁ ရက် နံနက် ၉ နာရီက မန္တလာသီရိဘောလုံးကွင်း၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်တက်ရောက်အမှာစကား ပြောကြားပြီး လူငယ်ဘောလုံးပြိုင်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဘောလုံးပြိုင်ပွဲဖွင့်ပွဲပွဲစဉ်အဖြစ် အုပ်စု (က)မှ မြန်မာဘောလုံးအကယ်ဒမီ(က) အသင်းနှင့်(ခ) အသင်းတို့၏ အကြိတ်အနယ် ယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးသည်။

ယှဉ်ပြိုင်ပွဲအပြီးတွင် နှစ်ဖက်အသင်းဂိုးမရှိ သရေဖြင့်သာပြီးဆုံးခဲ့ပြီး ယခုကျင်းပသည့် MFF 100 PLUS U-15 SUPER CUP 2014 လူငယ်ဘောလုံးပြိုင်ပွဲတွင် အုပ်စု(က)တွင် ငါးသင်း၊ အုပ်စု(ခ)တွင် ငါးသင်းဖြင့် စက်တင်ဘာ ၁၁ ရက်မှ ၁၈ ရက်အထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**




Junction တွင် 12 . 9 . 2014 မှ စတင်ပြသမည့် ဇာတ်ကားများ

| | | |
|---|---|---|
| Junction Square ( Ph - 01 527055, 09 2544 24544) | | |
| Swelter | Sun to Thu | 10 AM , 1 PM , 4 PM , 7 PM |
| | Fri & Sat | 10 AM , 1 PM , 4 PM , 7 PM , 9 : 30 PM |
| [illegible] (Dell Digital Cinema) | Sun to Thu | 10 AM , 1 PM , 4 PM , 7 PM |
| | Fri & Sat | 10 AM , 1 PM , 4 PM , 7 PM , 9 : 30 PM |
| Three Some | Sun to Thu | 10 AM , 12 : 30 PM , 3 : 30 PM , 6 : 30 PM |
| | Fri & Sat | 10 AM , 12 : 30 PM , 3 : 30 PM , 6 : 30 PM , 9 : 30 PM |
| Junction Nay Pyi Taw ( Ph - 067 421 615) | | |
| [illegible] | Mon to Thu | 11 AM , 2 PM , 6 : 30 PM |
| | Fri to Sun | 10 : 30 AM , 1 : 30 PM , 4 : 30 PM , 7 : 30 PM |

ဦးသာခရင် ၏ သွက်ချာပါဒ လေငန်းဆေးမှုန့်

ပြည်တွင်းသတင်း

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တရုတ် နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့်ဒုတိယဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ



**နေပြည်တော် စက်တင်ဘာ ၁၂**

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံရေးအတိုင်ပင်ခံ ကွန်ဖရင့် ဒုတိယဥက္ကဋ္ဌ တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ နိုင်ငံတကာဆက်ဆံရေးဌာနဝန်ကြီး မစ္စတာ ဝမ်ကျားလွေ့အား ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး လှ၌ေးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံရေးအတိုင်ပင်ခံ ကွန်ဖရင့်ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး မစ္စတာရန်ဟိုလန်လည်း တက်ရောက်သည်။

မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံ သံတမန်ဆက်သွယ်မှုကို ၁၉၅၀ ပြည့်နှစ် ဇွန် ၈ ရက်တွင် စတင်ထူထောင်ခဲ့၍ မြန်မာ-တရုတ် နှစ်နိုင်ငံသံတမန်ဆက်ဆံရေးမှာ ၆၅ နှစ်မြောက် ရှိခဲ့ပြီဖြစ်ပြီး မြန်မာ-တရုတ်-အိန္ဒိယ နိုင်ငံ့ခေါင်းဆောင်များ၏ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးစာချုပ်ကို ချုပ်ဆိုခဲ့သည့် နှစ် ၆၀ ပြည့်အခါသမယလည်းဖြစ်ကြောင်း သိရှိရသည်။

**(မြဝတီ)**

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့် ဒုတိယဥက္ကဋ္ဌ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံတကာဆက်ဆံရေးဌာနဝန်ကြီး မစ္စတာ ဝမ်ကျားလွေ့အား လက်ခံတွေ့ဆုံစဉ်။** (မြဝတီ)

## ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဝေလွင်အား နော်ဝေပါလီမန်နိုင်ငံခြားရေးနှင့် ကာကွယ်ရေးကော်မတီနှင့်အဖွဲ့ လာရောက်တွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၁၂**

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဝေလွင်အား နော်ဝေပါလီမန် နိုင်ငံခြားရေးနှင့် ကာကွယ်ရေးကော်မတီမှ Ms. Anniken Huitfelt ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီခွဲတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံ၍ နှစ်နိုင်ငံဆက်ဆံရေး၊ ကာကွယ်ရေးကဏ္ဍဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်ညွန့်နှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဝေလွင် နော်ဝေပါလီမန်နိုင်ငံခြားရေးနှင့် ကာကွယ်ရေးကော်မတီမှ Ms. Anniken Huitfelt အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။** (သတင်းစဉ်)

## အစ္စရေးသံအမတ်ကြီး ဝိညာဉ်ငှက်စာအုပ်များလှူဒါန်း

**မြစ်ကြီးနား စက်တင်ဘာ ၁၂**

အစ္စရေးသံအမတ်ကြီး Mr. Hagay M. Behar သည် ကချင်ပြည်နယ်သို့ တရားဝင်သွားရောက်လည်ပတ်ခဲ့ပြီး စက်တင်ဘာ ၁၀ ရက်က မြစ်ကြီးနားရှိ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်းအား ဂါရဝပြုသွားရောက်တွေ့ဆုံကာ စိုက်ပျိုးရေးနှင့် သင်တန်းလေ့ကျင့်သင်ကြားခြင်းဆိုင်ရာ နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးများအပေါ် ဆွေးနွေးခဲ့ကြသည်။ ထို့အပြင်သံရုံး၏ "ဝိညာဉ်ငှက်"စာအုပ်စီမံကိန်းကို ရှင်းလင်းပြသခဲ့ပြီးနောက် မြန်မာဘာသာနှင့် ကချင်ဘာသာဖြင့် ရေးထားသော "ဝိညာဉ်ငှက်" စာအုပ်ပေါင်း ၃၀၀ ကျော်ကို ကချင်ပြည်နယ်အတွင်းရှိ လူထုစာကြည့်တိုက်များအတွက် လှူဒါန်းခဲ့သည်။ **(အောက်ပုံ)**

ထို့အပြင် အစ္စရေးသံအမတ်ကြီးသည် မြစ်ကြီးနားမြို့ရှိ သီတာရေနှစ်ခြင်းဘုရားရှိခိုးကျောင်းသို့ သွားရောက်ပြီး စာအုပ် ၁၀၀ ကျော်လှူဒါန်းခဲ့ရာ ဘုရားကျောင်းမှ ဥက္ကဋ္ဌဖြစ်သူ Reverend Zaw Ba က ဘုရားရှိခိုးကျောင်းအသိုက်အဝန်းကိုယ်စား လက်ခံယူသည်။

ထို့အတူ အစ္စရေးသံအမတ်ကြီးသည် စက်တင်ဘာ ၉ ရက်က ပူတာအိုမြို့ရှိ KBC ဘုရားရှိခိုးကျောင်းတွင် စာအုပ်လှူဒါန်းပွဲကျင်းပခဲ့ပြီး Reverend Ohn Thein Oo က ပူတာအိုမြို့နယ်တွင် ဖြန့်ဝေပေးရန် စာအုပ် ၁၀၀ ကျော်လှူဒါန်းခြင်းအပေါ် ကျေးဇူးတင်စကားပြောကြားသည်။

အဆိုပါ ပညာရေးစီမံကိန်းသည် အစ္စရေးသံရုံး(ရန်ကုန်)မှ ဧရာဝတီစာအုပ်ပွဲတော်အတွင်း ဖေဖော်ဝါရီလက စတင်အကောင်အထည်ဖော်ခဲ့ပြီး မြန်မာ၊ ကချင်၊ ကရင်၊ မွန်၊ ရှမ်းနှင့် ချင်းဘာသာစကားများဖြင့် ဘာသာပြန်ဆိုထားသည့် စာအုပ်ပေါင်း ၅၀၀၀ ကျော်ကို မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာကြည့်တိုက်များသို့ လှူဒါန်းခဲ့ပြီးဖြစ်သည်။ ဤစီမံကိန်း၏ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံရှိ မျိုးဆက်သစ်လူငယ်များအား စာဖတ်သည့်အလေ့အထကို တိုးမြှင့်ပေးရန်ဖြစ်ကြောင်း သိရသည်။

အစ္စရေးသံရုံးအနေဖြင့် နေပြည်တော်ကောင်စီနယ်မြေ၊ မန္တလေး၊ စစ်ကိုင်း၊ ပဲခူး၊ မကွေးနှင့် ဧရာဝတီတိုင်းဒေသကြီး၊ မွန်၊ ကရင်နှင့် ရခိုင်ပြည်နယ် စသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်စာအုပ်များ လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **ကျော်သဲအိမ်**



**❐ ရှေ့ဖုံးမှ**

ကို အဆင့်မြှင့်တင်ဖို့အတွက် ယာဒ်ဝင်းပုံစံတွေ စတင်ရေးဆွဲလျက်ရှိပြီး တစ်ဖက်မှာလည်း မြန်မာ့မီးရထား ပိုင်မြေနေရာတွေမှာရှိတဲ့ အဆောက်အအုံတွေ၊ နေထိုင်သူတွေ၊ ဆိုင်ခန်းတွေနဲ့ ကျူးကျော်သူတွေအားလုံး အဆင်ပြေမယ့် နည်းလမ်းတွေကို ပညာရှင်တွေ စုပေါင်းပြီး အဖြေရှာညှိနှိုင်းနေပါပြီ။ နိုင်ငံတကာမှာလည်း ရထားပို့ဆောင်ရေး လုပ်ငန်းတွေကို တစ်ဆင့်ပြီးတစ်ဆင့် မြှင့်တင်နေကြတာဖြစ်လို့ ကျွန်တော်တို့လည်း အကောင်းဆုံး ဆောင်ရွက်သွားဖို့ရှိတယ်။ သို့သော် ဘူတာသုံးခုစလုံးက ရန်ကုန်မြို့ရဲ့ အထင်ကရ ရှေးဟောင်း အဆောက်အအုံတွေဖြစ်တာကြောင့် ပညာရှင်တွေနဲ့ ဘက်ပေါင်းစုံကနေ ညှိနှိုင်းဆောင်ရွက်မယ်" ဟု ဦးထွန်းအောင်သင်းက ပြောသည်။

၁၈၇၇ခုနှစ်တွင် ရန်ကုန်ဘူတာကြီးကို စတင်တည်ဆောက်ခဲ့ပြီး အဆင့်ဆင့်ပြုပြင်ခဲ့ရာ သက်တမ်းအားဖြင့် ၁၃၇နှစ် ရှိခဲ့ပြီဖြစ်ပြီး အကျယ်အဝန်းအားဖြင့် ၁ ဒသမ ၂၆ ဧကခန့်နှင့် နေ့စဉ် ရထားစင်းရေ ၁၀၀ ကျော် ဖြတ်သန်းသွားလာလျက်ရှိသည်။ ရထားလမ်းပေါင်း ၃၁ လမ်းခန့်ရှိကြောင်း သိရသည်။

အဆင့်အတန်းမြင့်မားပြီး လုံခြုံစိတ်ချရမှုနှင့် မြန်ဆန်ချောမွေ့မှုများကို ရရှိနိုင်စေရန်နှင့် မကြာမီ ကျင့်သုံးရန်လျာထားသည့် လျှပ်စစ်ရထား မောင်းနှင်မှုများအတွက် လိုက်ဖက်ညီသည့် ရထားဘူတာများ ဖြစ်ပေါ်လာစေရန်အတွက် ရည်ရွယ်ကာ ပြုပြင်ပြောင်းလဲရခြင်းဖြစ်ကြောင်း ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ သိရှိရသည်။

"ရန်ကုန်ဘူတာကြီးအတွက် ယာဒ်ဝင်းပုံစံတွေကို စတင်ရေးဆွဲထားပါတယ်။ စီမံကိန်း အေ၊ ဘီနဲ့ စီဆိုပြီး သုံးမျိုးရှိပါတယ်။ ယာဒ်ဝင်းအသစ်က ၆၃ ဧက ကျယ်ဝန်းမှာဖြစ်ပါတယ်။ အဲဒီယာဒ်ဝင်းထဲမှာ မီးရထား ဝန်ထမ်းအိမ်ရာ၊ သိမ်ဖြူမီးရထား ရပ်ကွက်၊ အခန်းပေးအခန်းယူတိုက်ခန်းတွေ၊ ချမ်းမြေ့ဈေး၊ အမ်အိုင်စီ မြေငှားဆိုင်ခန်း ၁၃၇ ခန်း၊ အခြားငှားရမ်းထားတဲ့ အဆောက်အအုံတွေအပြင် မီးရထားဆေးခန်းနဲ့ ဘာသာရေးအဆောက်အအုံတွေ ပါဝင်ပါတယ်။ အားလုံးကို ညှိနှိုင်းဆောင်ရွက်ပြီး ပြန်လည်နေရာချထားရေးနဲ့ လျော်ကြေး အစီအစဉ်တွေကို နစ်နာမှုမရှိအောင် ဆောင်ရွက်ပေးသွားဖို့ ရှိပါတယ်"ဟု မြန်မာ့မီးရထား (အောက်မြန်မာပြည်)မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ရန်ကုန်ဘူတာကြီးအပြင် ပုဇွန်တောင်ဘူတာနှင့် ကြည့်မြင်တိုင်ဘူတာများ အဆင့်မြှင့်တင်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် ဝန်ကြီးဌာနမှ တာဝန်ရှိသူများအပါအဝင် မြို့ပြဖွံ့ဖြိုးတိုးတက်ရေးပညာရှင် အမျိုးသားစာပေဆုရ ဒေါက်တာကျော်လတ်၊သန်လျင် သမဝါယမတက္ကသိုလ် ပါမောက္ခချုပ်ဒေါက်တာ သိန်းထွန်း၊ ရန်ကုန်နည်းပညာတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာခင်သန်းယု၊ သန်လျင်သမဝါယမတက္ကသိုလ်မှ ဒုပါမောက္ခချုပ် ဒေါက်တာဌေးဌေးလွင်တို့ စုပေါင်းကာ ညှိနှိုင်းဆွေးနွေးခဲ့ကြပြီး အကြမ်းရေးဆွဲမှုများကို ပြည်ထောင်စုဝန်ကြီးထံ တင်ပြသွားမည်ဖြစ်ကြောင်း သိရသည်။

ပုဇွန်တောင်နှင့် ကြည့်မြင်တိုင်ဘူတာရုံများ အဆင့်မြှင့်တင်ခြင်းတွင်လည်း အနာဂတ်စီမံကိန်းများအတွက် အဆောက်အအုံသစ်များ ဖော်ဆောင်ခြင်းနှင့် စီမံကိန်းများအတွက် မူကြမ်းရေးဆွဲမှုများ ပြုလုပ်ထားကြောင်းသိရသည်။

ကြည့်မြင်တိုင်ဘူတာ ယာဒ်ဝင်းတွင် အထက်ကြည့်မြင်တိုင် ကားလမ်းကြီးဘေး ကြည့်မြင်တိုင်ဘူတာကုန်တင်လမ်းအဖြစ် အသုံးပြုသည့် မြေနေရာများ၊ ဗားကရာတံတားအနီး ဝန်ထမ်းလိုင်းခန်းများ၊ ကြည့်မြင်တိုင်ဘူတာ မြောက်ဘက်ခြမ်း လိုင်းခန်းများပါဝင်ပြီး စုစုပေါင်း ဧက ၁၄ ဒသမ ၃၇၆ ကို အဆင့်မြှင့်တင်သွားမည်ဖြစ်ပြီး အဆိုပါ ယာဒ်ဝင်းများအတွင်း အဆောက်အအုံ ၃၈ လုံး၊ အိမ်ခန်းပေါင်း ၁၂၉ ခန်းနှင့် အမ်အိုင်စီဆိုင်ခန်း ခြောက်ခန်းပါဝင်လျက်ရှိသည်။

အဆိုပါ နေရာများအတွင်း အဆင့်မြင့်အဆောက်အအုံ သုံးလုံး၊ ယာဉ်ရပ်နားစခန်းများနှင့် စီးပွားရေးဆိုင်ရာ ရုံးခန်းများ၊ ခေတ်မီ ဝန်ထမ်းအိမ်ရာများ၊ ဟိုတယ်နှင့် အခြားအထပ်မြင့်အိမ်ရာ စီမံကိန်းများကို တိုင်းဒေသကြီး အစိုးရအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီတို့နှင့်ညှိနှိုင်းကာ အကောင်အထည်ဖော်သွားမည် ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့အနေနဲ့ တိုင်းဒေသကြီး အစိုးရအဖွဲ့၊ မြို့တော်စည်ပင်တို့အပြင် ဂျိုက်ကာ၊ မြန်မာနိုင်ငံဆောက်လုပ်ရေးအင်ဂျင်နီယာအသင်း၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်တို့နဲ့ ရှေးဟောင်းသုတေသီတွေ အားလုံးစုပေါင်းပြီး အကောင်အထည်ဖော်မှာ ဖြစ်ပါတယ်" ဟု မြန်မာ့မီးရထား (အောက်မြန်မာပြည်)မှ အထွေထွေမန်နေဂျာက ပြောကြားသည်။

ထို့အတူ အထက်ပုဇွန်တောင်ကားလမ်းမကြီးဘေးနှင့် ပုဇွန်တောင် ဘူတာယာဒ်ဝင်းအုတ်တံတိုင်းအကြား တောင်ဘက်ခြမ်းနှင့် မြောက်ဘက်ခြမ်းများရှိ အကျယ်အဝန်း မြေဧရိယာ ဧက ၂ ဒသမ ၂၆တွင် ပါဝင်သည့် အဆောက်အအုံ ၁၅လုံး၊ အိမ်ခန်းပေါင်း ၄၀ ခန့်နှင့် ဆိုင်ခန်း ၃၇ ခန်းတို့အား အဆင့်မြှင့်တင်သွားရန် ပညာရှင်များနှင့် မူကြမ်းများ ရေးဆွဲလျက်ရှိသည်။

**ကြိုးပမ်းလျက်ရှိ**

ညှိနှိုင်းဆွေးနွေးမှု လုပ်ငန်းစဉ်များအား ၂၀၁၄ ခုနှစ်အတွင်း အပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်ပြီး ၂၀၁၅ခုနှစ်အတွင်း စီမံကိန်းဆိုင်ရာ အကောင်အထည် ဖော်မှုများကို ဆောင်ရွက်သွားနိုင်ရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

"ဈေးကွက် စီးပွားရေးအရ အဆင့်မြှင့်တာလည်း မြှင့်ပေါ့။ သို့သော် အထင်ကရ ရှေးဟောင်းအဆောက်အအုံတွေဆိုတာ ကမ္ဘာတစ်လွှား တန်ဖိုးထား ထိန်းသိမ်းနေတာဖြစ်လို့ ထိခိုက်မှုတော့ မရှိစေချင်ဘူး။ တဖြည်းဖြည်းနဲ့ ရန်ကုန်မြို့မှာ ရှေးဟောင်းအဆောက်အအုံတွေ ပုံစံ ပြောင်းကုန်ပြီ"ဟု သမိုင်းဝင်အဆောက်အအုံများ ထိန်းသိမ်းရေးဆောင်ရွက်လှုပ်ရှားသူ ဒေါက်တာမြင့်မြင့်ဝင်းက ပြောကြားသည်။

နိုင်ငံတကာသတင်း

# အီဘိုလာထိန်းချုပ်ရေး စေတနာ့ဝန်ထမ်း ၂၀၀၀ ကျော်ကို သင်တန်းပေးမည်



**မွန်ရိုဗီးယား(လိုက်ဘေးရီးယား) စက်တင်ဘာ ၁၂**

အနောက်အာဖရိကတွင် ဖြစ်ပွားနေသော အီဘိုလာရောဂါထိန်းချုပ်နိုင်ရေး စေတနာ့ဝန်ထမ်း ၂၀၀၀ ကျော်ကို ကြက်ခြေနီက သင်တန်းပေးရန် စီစဉ်လျက်ရှိသည်။

"နေ့တိုင်းလိုလို ဒါဇင်နဲ့ချီပြီး ရောဂါအသစ်ဖြစ်သူတွေ တိုးလာတာပဲ တွေ့ရတယ်။ ဒီရောဂါဖြစ်ပွားနေတာက လျော့သွားတဲ့လက္ခဏာကို မတွေ့ရဘူး"ဟု အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအဖွဲ့ချုပ်နှင့် လခြမ်းနီအဖွဲ့ အာဖရိကဌာနခွဲမှ အကြီးအကဲ အလက်ဆန်စံဂလောက ပြောသည်။

"လူတွေကသေနေတာ၊ ကျွန်တော်တို့အနေနဲ့ အီဘိုလာကိုရပ်တန့်သွားအောင် ပြင်းပြင်းထန်ထန်မလုပ်နိုင်ခဲ့ရင် ဖြစ်ပွားတဲ့နှုန်းက ကျသွားမှာမဟုတ်ပါဘူး"ဟု ၎င်း၏ ကြေညာချက်တွင် ဖော်ပြသည်။

အဆိုပါရောဂါသည် ယခုနှစ်စကတည်းက စတင်ဖြစ်ပွားခဲ့ရာ ရောဂါအဆိုးရွားဆုံးဖြစ်ပွားနေသော နိုင်ငံသုံးနိုင်ငံဖြစ်သည့် ဂီနီ၊ ဆီယာရာလီယွန်နှင့် လိုက်ဘေးရီးယားနိုင်ငံတို့၌ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအဖွဲ့က စေတနာ့ဝန်ထမ်း ၃၅၀၀ကို သင်တန်းပေးခဲ့ပြီး နောက်ထပ် ၂၀၀၀ ကျော် ထပ်မံသင်တန်းပေးသွားမည်ဟု ကြက်ခြေနီက ပြောသည်။

အဆိုပါသုံးနိုင်ငံသည် ဒေသတွင်း၌ အဆင်းရဲဆုံးနိုင်ငံများတွင် ပါဝင်သည်။ ယင်းနိုင်ငံတို့၌ အီဘိုလာရောဂါ အဆိုးရွားဆုံးဖြစ်ပွားလျက်ရှိရာ လူပေါင်း ၂၃၀၀ သေဆုံးသွားခဲ့ပြီဖြစ်သည်။ ယင်းရောဂါသည် မတ်လက ဂီနီနိုင်ငံ၌ ပထမဆုံးစတင်ဖြစ်ပွားခဲ့ပြီး လိုက်ဘေးရီးယားနှင့် ဆီယာရာလီယွန်နိုင်ငံများသို့ ပျံ့နှံ့သွားခဲ့သည်။

(ပရက်စ်တီဗွီ)

## နိုင်ဂျီးရီးယား ဘိုကိုဟာရမ်များ မိုင်ဒူဂူရီကို သိမ်းပိုက်ထား

**နိုင်ဂျီးရီးယား စက်တင်ဘာ ၁၂**

နိုင်ဂျီးရီးယား စစ်သွေးကြွများသည် ဘော်နိုပြည်နယ် အရှေ့မြောက်ပိုင်း အဓိကမြို့တော်ဖြစ်သော မိုင်ဒူဂူရီကိုဝိုင်းရံထားကြောင်း ဒေသခံအကြီးအကဲများက သတိပေးပြောကြားခဲ့သည်။

လူဦးရေ နှစ်သန်းကျော်နေထိုင်သည့် အဆိုပါမြို့ကို အစိုးရတပ်ဖွဲ့ဝင်များက ရုတ်တရက်ဝင်တိုက်ခြင်းမှ အခိုင်အမာကာကွယ်ရန် လိုအပ်နေသည်ဟု ၎င်းတို့က ပြောကြားခဲ့သည်။ ဘိုကိုဟာရမ်စစ်သွေးကြွများသည် မိုင်ဒူဂူရီနှင့် ကီလိုမီတာ ၅၀(မိုင် ၃၀)ခန့်ရှိသော ဒေသများကို သိမ်းပိုက်ခဲ့ကြောင်း ၎င်းတို့က ပြောကြားခဲ့သည်။

ဘိုကိုဟာရမ် စစ်သွေးကြွများသည် လွန်ခဲ့သောလက ၎င်းတို့ထိန်းချုပ်ထားသော ဒေသများကို အစ္စလာမ်တိုင်းပြည်အဖြစ် ကြေညာထားသည်။ အစိုးရက ဘော်နိုအကြီးအကဲများညီလာခံ(ဘီအီးအက်ဖ်)၏ ထုတ်ပြန်ကြေညာချက်အပေါ် မည်သည့် မှတ်ချက်မျှ မပေးခဲ့သေးပေ။

(ဘီဘီစီ)

## စီးကရက်သောက်သုံးမှုလျှော့ချရန် ဈေးနှစ်ဆမြှင့်မည်



**ဆိုးလ် စက်တင်ဘာ ၁၂**

တောင်ကိုရီးယားနိုင်ငံ၌ ဆေးလိပ်သောက်သုံးမှုနှုန်းလျော့ပါးသွားစေရန် ဆေးလိပ်ဈေးနှုန်းကို နှစ်ဆနီးပါးတိုးမြှင့်သွားရန် အစိုးရက တင်ပြထားသည်။

အဆိုပါအစီအစဉ်အရ လာမည့်နှစ်တွင် ဆေးလိပ်တစ်ပါကင်ကို ပျမ်းမျှဈေးနှုန်း ကိုရီးယားဝမ်ငွေ ၄၅၀၀ (အမေရိကန်ဒေါ်လာ ၄ ဒသမ ၃၅)ထိ မြှင့်တင်သွားရန် စီစဉ်လျက်ရှိသည်။ လက်ရှိဈေးနှုန်းမှာ တစ်ပါကင်လျှင် ဝမ် ၂၅၀၀ ရှိသည်။

သို့သော်လည်း အဆိုပါတင်ပြချက်သည် ပါလီမန်အတွင်း ထင်ရှားသောအတိုက်အခံများနှင့် ရင်ဆိုင်ရဖွယ်ရှိနေကြောင်း ယွန်ဟတ်သတင်းအေဂျင်စီက သတင်းဖော်ပြသည်။

အစိုးရအနေဖြင့် ကမ္ဘာ့ဖွံ့ဖြိုးပြီး နိုင်ငံအကြား အမြင့်ဆုံးရှိနေသည့် အမျိုးသားများဆေးလိပ်သောက်သုံးမှုကို လျှော့ချသွားရန် မျှော်လင့်ထားသည်။

တောင်ကိုရီးယားအမျိုးသားများတွင် ဆေးလိပ်သောက်သုံးသူ ၄၁ ရာခိုင်နှုန်းရှိကြောင်း သက်ဆိုင်ရာစာရင်းဇယားများအရ သိရသည်။ တောင်ကိုရီးယားတစ်နိုင်ငံလုံး ဆေးလိပ်သောက်သုံးမှုသည် တစ်နိုင်ငံလုံးလူဦးရေ၏ ၂၃ ရာခိုင်နှုန်းရှိရာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့က ပျမ်းမျှခန့်မှန်းမှု ၂၁ ရာခိုင်နှုန်းထက် မြင့်တက်နေသည်ဟု ဆိုသည်။

(ဘီဘီစီ)

## အိုင်အက်စ်စစ်သွေးကြွဦးရေ မူလခန့်မှန်းသည်ထက်သုံးဆရှိ

**ဝါရှင်တန် စက်တင်ဘာ ၁၂**

အစ္စလာမ့်နိုင်ငံ(အိုင်အက်စ်) စစ်သွေးကြွအုပ်စုသည် အီရတ်နှင့်ဆီးရီးယားနိုင်ငံတို့၌ ၃၁၀၀၀ ရှိရာ ယခင်ခန့်မှန်းထားသည်ထက်သုံးဆပိုများကြောင်း စီအိုင်အေက ပြောသည်။

အဆိုပါခန့်မှန်းမှုအသစ်သည် မေလမှ ဩဂုတ်လအထိ ထောက်လှမ်းရေးသတင်းအချက်အလက်များပေါ်တွင် အခြေခံကြောင်း ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောသည်။

အိုင်အက်စ်တို့က လွန်ခဲ့သောလများအတွင်း အီရတ်နယ်မြေအများစုကို သိမ်းပိုက်ပြီး ပြန်ပေးဆွဲခံရသူအချို့ကို ခေါင်းဖြတ်သတ်ဖြတ်လျက်ရှိသည်။ ၎င်းတို့အား အမေရိကန်ဦးဆောင်ပြီး လေကြောင်းမှ တိုက်ခိုက်လျက်ရှိသည်။

အဆိုပါစစ်သွေးကြွများအား တိုက်ခိုက်ချေမှုန်းရာတွင် အကူအညီများ ပိုမိုဖြည့်ဆည်းပေးရန် တူရကီနိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသော အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီက မျှော်လင့်ထားသည်။ အငြိမ်းစားဗိုလ်ချုပ်ကြီး ဂျွန်အောလင်းသည် အိုင်အက်စ်တို့အား တိုက်ခိုက်ချေမှုန်းရန် နိုင်ငံတကာညွန့်ပေါင်းအဖွဲ့ကို တာဝန်ယူဖွယ်ရှိကြောင်း အမေရိကန်တာဝန်ရှိသူများက ပြောသည်။

ကြာသပတေးနေ့တွင် အာရပ် ၁၀ နိုင်ငံက အီရတ်နှင့်ဆီးရီးယားရှိ အဆိုပါစစ်သွေးကြွများအား တိုက်ခိုက်ရာတွင် အမေရိကန်ကို ကူညီပေးရန် သဘောတူလိုက်သည်။

ယခင်က အိုင်အက်စ်စစ်သွေးကြွ ၁၀၀၀၀ ခန့်သာရှိလိမ့်မည်ဟု စီအိုင်အေက ယုံကြည်ထားကြောင်း ပြောရေးဆိုခွင့်ရှိသူ ရိုင်ယန်ထရာပနီက ပြောသည်။

(ဘီဘီစီ)

## ဆီးရီးယားတပ်ဖွဲ့များ ဟယ်ဖားယားအနောက်ပိုင်းကို အပြည့်အဝပြန်လည်ထိန်းချုပ်နိုင်

**ဒမတ်စကတ် စက်တင်ဘာ ၁၂**

ဆီးရီးယားတပ်ဖွဲ့ဝင်များသည် ဟားမာပြည်နယ် အနောက်ပိုင်းဒေသများနှင့် မြို့တော်ဟယ်ဖာယားကို အပြည့်အဝပြန်လည်ထိန်းသိမ်းနိုင်ခဲ့သည်။ အမျိုးသားကာကွယ်ရေး အပျော်တမ်းတပ်ဖွဲ့ဝင်များ၏ ပံ့ပိုးမှုနှင့်တပ်စုများသည် မြောက်ပိုင်းဟားမာဒေသရှိ ကျေးရွာအတော်များများကိုလည်း ရှင်းလင်းခဲ့သည်။ များသောအားဖြင့် နိုင်ငံခြားသားလူမျိုးများပါဝင်သော စစ်သွေးကြွအများအပြားစစ်ဆင်ရေးတွင် အသတ်ခံခဲ့ရပြီး ၎င်းတို့၏ ယာဉ်များ၊ ထောက်ပံ့ရေးပစ္စည်းများလည်း ဖျက်ဆီးခံခဲ့ရကြောင်း တပ်မတော်အခြေစိုက်သတင်းရပ်ဝန်းက ပြောခဲ့သည်။

ဆီးရီးယားတပ်သားများကြောင့် တက်ဖီရီအကြမ်းဖက်သမားများ အကြီးအကျယ်ရှုံးနိမ့်ကာ ဒမတ်စကတ်ဒေသတွင် စစ်ဆင်ရေးဆင်နွှဲနေစဉ်အတွင်း စစ်သွေးကြွခေါင်းဆောင်အတော်များများကိုလည်း သုတ်သင်နိုင်ခဲ့သည်။

ပြည်နယ်များ၏ အဓိကအချက်အချာကျသော မြို့များတွင် သီးခြားစစ်ဆင်ရေးများကြောင့် စစ်သွေးကြွ ဒါဇင်ပေါင်းများစွာ အသတ်ခံခဲ့ရသည်။ လွန်ခဲ့သော လအနည်းငယ်က ဆီးရီးယားတပ်ဖွဲ့များသည် နိုင်ငံအနှံ့အပြားရှိ စစ်သွေးကြွများကို တိုက်ခိုက်ရာတွင် အကြီးအကျယ်အောင်မြင်မှု ရရှိခဲ့သည်။

ဆီးရီးယား၌ သုံးနှစ်ကျော်ကာလအတွင်း စစ်သွေးကြွပြဿနာများကြောင့် လူပေါင်း ၁၉၁၀၀၀ အသတ်ခံခဲ့ရကြောင်း ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံးအဆိုအရ သိရသည်။ ယခုလတ်တလောတွင် အိုင်အက်စ်တက်ဖီရီများက ဆီးရီးယားအရှေ့ပိုင်း ဒေသတော်တော်များများကို ထိန်းချုပ်ထားခဲ့သည်။ ဆီးရီးယားရှိ စစ်သွေးကြွများကို အနောက်အင်အားကြီးနိုင်ငံများက ထောက်ပံ့ထားကြောင်း သိရသည်။

(ပရက်စ်တီဗွီ)

## ကျောင်းသားသုံးဦးသတ်မှုဖြင့် ထောင်ချခံရသူ ထောင်ဖောက်ထွက်ပြေးခဲ့ရာမှ ပြန်လည်ဖမ်းမိ



**နယူးယောက် စက်တင်ဘာ ၁၂**

ကျောင်းသားသုံးဦးကို သေနတ်ဖြင့် ပစ်ခတ်မှုဖြင့် ထိန်းသိမ်းခံထားရသည့် အမေရိကန်ဆယ်ကျော်သက်တစ်ဦးအား ကြာသပတေးနေ့က အိုဟိုင်းယိုးပြည်နယ် အကျဉ်းထောင်မှ ထွက်ပြေးသွားပြီးနောက် ၎င်းကို သောကြာနေ့အစောပိုင်းက ပြန်လည်ဖမ်းမိခဲ့သည်ဟု အရာရှိများ၏ ပြောကြားချက်ကို ကိုးကား၍ သတင်းများဖော်ပြခဲ့သည်။

အသက် ၁၉ နှစ်ရှိ လိန်းသည် ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလက အထက်တန်းကျောင်း တစ်ကျောင်း၏ စားသောက်ဆိုင်၌ လူသတ်မှုကြောင့် ထောင်ဒဏ်တစ်သက်တစ်ကျွန်းသုံးကြိမ် ချခံရခြင်းဖြစ်သည်။

အဆိုပါ ထောင်ဖောက်မှုတွင် အခြား အကျဉ်းသားနှစ်ဦးလည်း ထွက်ပြေး လွတ်မြောက်သွားခဲ့ရာ တစ်ဦးမှာ လွတ်မြောက်နေဆဲဖြစ်သည်။ ၎င်းအမျိုးသား မည်သို့မည်ပုံ လွတ်မြောက်ခဲ့သည်ကို အသေးစိတ် ထုတ်ဖော်ပြောကြားခဲ့ခြင်း မရှိပေ။

သို့သော် ၎င်းတို့သည် ဒေသစံတော်ချိန် ည ၈ နာရီ မတိုင်မီ ခြံစည်းရိုးကို ကျော်တက်ထွက်ပြေး လွတ်မြောက်သွားခဲ့ကြောင်း ဒေသမီဒီယာများက ဖော်ပြခဲ့သည်။

လိန်းကို ဖမ်းမိချိန်၌ ခက်ရင်းခွ ကိုင်ဆောင်ထားခဲ့ကြောင်း ရဲတပ်ဖွဲ့ဝင်များ၏ ပြောကြားချက်ကို ကိုးကား၍ သတင်းများက ဖော်ပြခဲ့သော်လည်း အတည်ပြုခဲ့ခြင်း မရှိပေ။

(ဘီဘီစီ)

# မိုင်းပျဉ်း၊ မိုင်းဆတ်နှင့်ထားဝယ်မြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၁၂**

စက်တင်ဘာ ၁၀ ရက်က မူးယစ်တပ်ဖွဲ့စု(၂၈) ကျိုင်းတုံ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုင်းပျဉ်းမြို့နယ် တာကော်ကျေးရွာအုပ်စု တာကော်(၂)မိုင်ကျေးရွာနေ မနန်းဆိုင်အုံဆိုသူ၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ သိမ်းဆည်းရမိသဖြင့် မနန်းဆိုင်အုံ(၃၅နှစ်)ကို မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားသည်။



ပိုင်ရှင်မဲ့ သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများ တွေ့ရစဉ်။



စောထူးမောင်၊ ဝင်းနိုင်နှင့် ဒေါ်လစ်(ခ)ခင်မာချိုတို့ကို ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

စက်တင်ဘာ ၁၀ ရက်က မိုင်းဆတ်မြို့နယ် နားယောင်းဒေသ "ဝ" အထူးဒေသ ဆက်ဆံရေးတာဝန်ခံက နားယောင်းဒေသ ယောင်ခကျေးရွာအနီး မယ်ကြုတ်ချောင်းအတွင်းမှ မျောပါလာသည့် မူးယစ်ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများအား လွှဲပြောင်းပေးမည်ဖြစ်ကြောင်း အကြောင်းကြားလာ၍ နယ်မြေခံရဲတပ်ဖွဲ့နှင့် မူးယစ်တပ်ဖွဲ့စု(၂၉) မိုင်းဆတ်မှ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုင်းကန်းကျေးရွာ "ဝ" အုပ်ချုပ်ရေးမှူးရုံး၌ ဘိန်းဖြူအလေးချိန် ၇ ဒသမ ၇၃ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၄၀၀၊ စိတ်ကြွရူးသွပ်ဆေးပြားအကြေ ၄၈၀ ဂရမ်ကို စစ်ဘက်ရေးရာလုံခြုံရေးတပ်ဖွဲ့မှတစ်ဆင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့သို့ လွှဲပြောင်းပေးအပ်ခဲ့သည်။ ပိုင်ရှင်မဲ့ သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်ပတ်သက်၍ မိုင်းတွမ်းနယ်မြေရဲစခန်း၌ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားသည်။

စက်တင်ဘာ ၁၀ ရက်က မူးယစ်တပ်ဖွဲ့စု (၃၃) ထားဝယ် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ထားဝယ်မြို့ ရှမ္မလည်ဆွဲရပ်ကွက်နေ စောထူးမောင်ဆိုသူ၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၁၄ ပြား သိမ်းဆည်းရမိခဲ့သည်။

စစ်ဆေး ဖော်ထုတ်ချက်အရ မူးယစ်ဆေးဝါးများ လာရောက်ပို့ဆောင်ပေးသူ ဝင်းနိုင်ဆိုသူကို ထားဝယ်မြို့ ညောင်ရမ်းတောင်ရပ်ကွက်ရှိ ၎င်းနေအိမ်တွင် ဖမ်းဆီးရမိပြီး ဝင်းနိုင်ကိုစစ်ဆေးချက်အရ မူးယစ်ဆေးဝါးများ ရောင်းချပေးသူ ထားဝယ်မြို့ ညောင်ရမ်းတောင်ရပ်ကွက်နေ ဒေါ်လစ်ဆိုသူကို ထပ်မံဖမ်းဆီးရမိခဲ့သည်။ ဒေါ်လစ်အား စစ်ဆေးချက်အရ ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများမှာ ၎င်း၏သားဖြစ်သူ ဝဏ္ဏစိုးဆိုသူ၏ ပစ္စည်းများဖြစ်ကြောင်း သိရှိရသဖြင့် စောထူးမောင် (၇၂နှစ်)၊ ဝင်းနိုင် (၅၀ နှစ်)၊ ဒေါ်လစ်(ခ)ခင်မာချို(၆၂ နှစ်)၊ ဝဏ္ဏစိုး (၃၉ နှစ်) (ဖမ်းမမိသေး)တို့လေးဦးကို မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားသည်။ **(သတင်းစဉ်)**

**မူးယစ်အန္တရာယ်ပပျောက်ရေး ဝိုင်းဝန်းညီညာဆောင်ရွက်ပေး**

ပြည်တွင်းသတင်း

# အမြန်လမ်း၌ ဖြစ်ပွားခဲ့သည့်ခရီးသည်တင်ယာဉ် ခုံးကျော်တံတားအောက်ပြုတ်ကျ၍ ၁၄ ဦးသေ၊ ၂၉ ဦး ဒဏ်ရာရရှိသည့်အမှုမှ ယာဉ်မောင်းအား ပြစ်ဒဏ်များချမှတ်

**နေပြည်တော် စက်တင်ဘာ ၁၂**

၂၀၁၄ ခုနှစ် မေ ၁၂ ရက် ည ၆ နာရီ ၄၅ မိနစ်ခန့်တွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရန်ကုန်-မန္တလေး အမြန်လမ်း၊ မိုင်တိုင်အမှတ် (၁၉၇/၆) အနီး၌ နေပြည်တော်မှရန်ကုန်သို့ ယာဉ်မောင်း မင်းခန့်(ခ) ထွန်းခန့်စိုး မောင်းနှင်လာသော ရာဇာမင်းခရီးသည်တင်မှန်လုံယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ ဝက်လက် မီးရထားခုံးကျော်တံတားထိပ်ကို ဝင်ရောက်တိုက်မိကာ တံတားအောက်သို့ ထိုးကျတိမ်းမှောက်ခဲ့သဖြင့် ယာဉ်ပေါ်ပါ ခရီးသည် ၄၆ ဦးအနက် ၁၄ ဦးသေ၊ ၂၉ ဦးဒဏ်ရာ ရရှိခဲ့သောကြောင့် မင်းခန့်(ခ)ထွန်းခန့်စိုးကို ပလွေးအမြန်လမ်းရဲစခန်းက ယာဉ်(ပ) ၁၂/၂၀၁၄၊ ပြစ်မှုပုဒ်မ ၃၀၄-က/ ၃၃၈/၃၃၇/၂၇၉ ဖြင့် အမှုဖွင့်အရေးယူခဲ့သည်။

အဆိုပါအမှုမှ ယာဉ်မောင်း မင်းခန့်(ခ) ထွန်းခန့်စိုးကို ၁၃-၆-၂၀၁၄ ရက်တွင် ပလွေးအမြန်လမ်း ရဲစခန်းစွဲချက်အမှတ် (၉/၂၀၁၄) ပြစ်မှုပုဒ်မ ၃၀၄-က/၃၃၈/ ၃၃၇/၂၇၉ ဖြင့်လည်းကောင်း၊ အခင်းဖြစ်စဉ်က ယာဉ်မောင်းလိုင်စင်မရှိဘဲ မောင်းနှင်ကြောင်း စစ်ဆေးပေါ်ပေါက်၍ မော်တော်ယာဉ်ဥပဒေပုဒ်မ ၂၁/၆၄ ဖြင့်လည်းကောင်း တရားစွဲတင်ပို့ရာ လယ်ဝေးမြို့နယ်တရားရုံးမှ လက်ခံစစ်ဆေးခဲ့ပြီး ၁၃-၆-၂၀၁၄ ရက်တွင် မင်းခန့်(ခ)ထွန်းခန့်စိုးကို မော်တော်ယာဉ်ဥပဒေပုဒ်မ ၂၁/၆၄ အရ အလုပ်နှင့်ထောင်ဒဏ်သုံးလ ပြစ်ဒဏ်ချမှတ်ခဲ့သည်။ ထို့နောက် အမှုကို ဆက်လက်စစ်ဆေးဆောင်ရွက်ခဲ့ပြီး ၉-၉-၂၀၁၄ ရက်၌ မင်းခန့်(ခ) ထွန်းခန့်စိုးကို ပြစ်မှုပုဒ်မ ၃၀၄-က အရ အလုပ်နှင့် ထောင်ဒဏ် ခုနစ်နှစ်၊ ပြစ်မှုပုဒ်မ ၃၃၈ အရ အလုပ်နှင့် ထောင်ဒဏ် ငါးနှစ်၊ ပြစ်မှုပုဒ်မ ၃၃၇ အရ အလုပ်နှင့် ထောင်ဒဏ် နှစ်နှစ် တို့ အသီးသီးချမှတ်ခဲ့ကြောင်း သတင်းရရှိသည်။ **ရဲပြန်ကြား**

# ရွှေမန်းသူ ခရီးသည်တင်မှန်လုံယာဉ်ကို ခဲဖြင့်ပစ်ပေါက်ခံရမှု အချိန်တိုအတွင်း အမြန်လမ်းရဲတပ်ဖွဲ့မှ ဖော်ထုတ်ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၁၂**

စက်တင်ဘာ ၁၀ ရက် ည ၈ နာရီခွဲက ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင်အမှတ် (၉၀/၁-၂) အကြား မြို့ချောင်းအမြန်လမ်းရဲစခန်းအပိုင် နယ်မြေအတွင်း၌ ရန်ကုန်ဘက်မှ နေပြည်တော်ဘက်သို့ ယာဉ်မောင်း ဦးခိုင်စိုး မောင်းနှင်သော 5C/9853 ရွှေမန်းသူခရီးသည်တင်မှန်လုံယာဉ်ကို ခဲဖြင့် ပစ်ပေါက်ခံရသဖြင့် ခရီးသည်တင်ယာဉ်၏ နောက်ဘက်ခြမ်းလေကာမှန်၌ အလျားသုံးပေ၊ အနံ နှစ်ပေ ခြောက်လက်မကွဲအက်သွားပြီး ခန့်မှန်းတန်ဖိုးငွေကျပ် သုံးသိန်း ဆုံးရှုံးခဲ့ရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ည ၉ နာရီတွင် ဖြူးအမြန်လမ်းရဲစခန်းသို့ သတင်းပို့ခဲ့သဖြင့် ဖြူးအမြန်လမ်းရဲစခန်းမှ မြို့ချောင်းအမြန်လမ်းရဲစခန်းသို့ ဆက်သွယ်အကြောင်းကြားခဲ့ပြီး အခင်းဖြစ်နေရာသို့ စခန်းမှူးနှင့်အဖွဲ့သည် ချက်ချင်းသွားရောက် စုံစမ်းစစ်ဆေးခဲ့ရာ မော်တော်ယာဉ်ကို ခဲဖြင့်ပစ်ပေါက်သူမှာ မောင်--- (၁၅ နှစ်) ရေအေးကျေးရွာ ကျောက်တံခါးမြို့နယ်ဖြစ်ကြောင်း ပေါ်ပေါက်ခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်ကို လေးခွဖြင့် ပစ်သူအပေါ် အရေးယူပေးရန် စက်တင်ဘာ ၁၁ ရက် နံနက် ၁၂ နာရီကျော်က ဦးစိုးဝင်း (၄၄ နှစ်) ယာဉ်ကြီးကြပ်ရေးမှူး ရွှေမန်းသူခရီးသည်တင်ယာဉ်လိုင်း ပါရမီကားဝင်း ရန်ကုန်တိုင်းဒေသကြီး နေသူက တရားလိုပြုလုပ်တိုင်တန်းသဖြင့် မြို့ချောင်းအမြန်လမ်း ရဲစခန်းက အမှုဖွင့်အရေးယူထားပြီး တရားစွဲတင်ရန် ဆောင်ရွက်လျက်ရှိကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

# စိတ်ကြွရူးသွပ်ဆေးပြား ၃၉၀ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၁၂**

စက်တင်ဘာ ၁၀ ရက်က မူးယစ်တပ်ဖွဲ့စု(၃၀)တာချီလိတ် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့ လွယ်တော်ခမ်း ပူးပေါင်းစစ်ဆေးရေးစခန်း၌ မိုင်းဆတ်ဘက်မှ ကျလောဆိုသူ မောင်းနှင်ပြီး လုကာဆိုသူလိုက်ပါလာသည့် ဆိုင်ကယ်ကိုရှာဖွေရာ ကျလောထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၉၀ သိမ်းဆည်းရမိသဖြင့် ကျလော (၂၉ နှစ်)နှင့် လုကာ(ခ) ကျကာ (၃၂နှစ်)တို့နှစ်ဦးကို မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားသည်။ **(သတင်းစဉ်)**



ကျလောနှင့် လုကာ(ခ)ကျကာတို့ကို ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

Victoria Hospital
Quality Care

နား၊ နှာခေါင်း၊ လည်ချောင်း နှင့် လည်ပင်းရောဂါများ
အထူးခွဲစိတ်ကုသမှုအစီအစဉ်

ONE STOP SOLUTION

မလေးရှားနိုင်ငံ နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုပါမောက္ခဆရာဝန်ကြီး မှ
စက်တင်ဘာလ ၁၉ ရက် မှ ၂၁ ရက်နေ့ထိ ခွဲစိတ်ကုသပေးသွားမည်ဖြစ်ပါသည်

လူဦးရေကန့်သတ်ချက်ရှိပါသည်

ရောဂါအခြေအနေကို ကြိုတင် စီစစ်မှုများ ပြုလုပ်နိုင်ရန် ၁၅-၉-၂၀၁၄ မတိုင်မီစာရင်းပေးသွင်းရမည်ဖြစ်ပါသည်။

Hunt Line: +95 1 9666 141 Ext: 7065

PH-09-49300967
09-420185599

**အမည်ပြောင်း**

ကယားပြည်နယ်၊ လွိုင်ကော်မြို့၊ ဒေါနီးကူးရပ်ကွက်နေ (ဘ)ဦးလှသိန်းကျော် ၁၁/စတန(နိုင်)၀၁၀၆၁၄၏သမီး လွိုင်ကော် အထက(၁) တက္ကသိုလ်ဝင်တန်းမှ မစုစိုးစံအား မဆုမြတ်မိုးဟု ပြောင်းလဲခေါ်ပါရန်။
**မဆုမြတ်မိုး**

**ဖခင်အမည်မှန်ကြေညာခြင်း**

မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်၊ အထက(၂)၊ တက္ကသိုလ်ဝင်တန်း(ဘီ)မှ မအေးအေးမိုး၊ သတ္တမတန်း(ဘီ)မှ မရီရီမိုး၊ ဆဋ္ဌမတန်း(ဘီ)မှ မောင်မိုးအောင်စိုးတို့၏ ဖခင်အမည်မှန်မှာ ဦးသောင်းတင်ဖြစ်ပါကြောင်း။
**ဦးသောင်းတင်**
**၈/ရစက(နိုင်)၁၃၄၄၃၂**

မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ ဂုဏ်ပြုဆောင်းပါး

# လူသားအချင်းချင်းစာနာလို့ လူကုန်ကူးမှုတိုက်ဖျက်စို့

ကျီးမနိုးတင်ဝင်း(ပေါင်းတည်)

လူ့သမိုင်းကြောင်း ကမ္ဘာဦးအစကတည်းက လူတို့သည် ဖြဟ္မာကြီးလေးဦးက စခဲ့သည်ဖြစ်စေ၊ အာဒံနှင့် ဧဝက စခဲ့သည်ဖြစ်စေ၊ အသက်ရှင်ရပ်တည်ရေးအတွက် မလွဲမသွေလုပ်ဆောင်ခဲ့ကြရပါသည်။ ထိုကဲ့သို့ အသက်ရှင်ရပ်တည်ရေးအတွက်လုပ်ဆောင်ခဲ့ကြရာတွင် အဆင့်ဆင့်ပြောင်းလဲလာသော ခေတ်နှင့်အသိပညာတိုးတက်မှုတို့အပေါ်တွင် မူတည်၍ အမဲလိုက်ခြင်း၊ စိုက်ပျိုးခြင်း၊ ကုန်ပစ္စည်းချင်း ဖလှယ်ခြင်းမှအစ အရောင်းအဝယ်လုပ်ခြင်းစသည့် အလုပ်များအထိ တိုးတက်ပြောင်းလဲလာခဲ့ပါသည်။

လူတို့သည် အသိဉာဏ်ယဉ်ကျေးမှုတို့ တိုးတက်ပြောင်းလဲလာခဲ့ပြီး ကမ္ဘာရှေးဦး ကျောက်ခေတ်မှသည် ကြေးခေတ်၊ သံခေတ်ပြောင်းလဲရာတွင် ကျေးပိုင်၊ ကျွန်ပိုင်ခေတ်ဟူသော ခေတ်တစ်ခေတ်ကိုလည်း ဖြတ်သန်းခဲ့ကြပါသည်။ အသွေးသားဖြင့် အသက်ဖြင့် ဖွဲ့စည်းထားသော လူသားစင်စစ်များကို ရောင်းကုန်သဖွယ် တိရစ္ဆာန်များသဖွယ် ရောင်းဝယ်ခဲ့ကြခြင်းဖြစ်ပါသည်။

ထိုကျေးပိုင်ကျွန်ပိုင်ခေတ်သည် တစ်စတစ်စမှေးမှိန်ပျောက်ကွယ်သွားခဲ့ပြီး လူသားတို့သည် အသိဉာဏ်များလွန်စွာဖွံ့ဖြိုးတိုးတက်၍ သတင်းအချက်အလက်နှင့် နည်းပညာခေတ်၊ ကွန်ပျူတာခေတ်သို့ ရောက်သောအခါတွင် လူကိုရောင်းကုန်တစ်ရပ်အဖြစ် လုပ်ဆောင်လာကြသောစနစ်သည် လွန်ခဲ့သော ဆယ်စုနှစ်အနည်းငယ်တွင် ကြောက်မက်ဖွယ်ရာအဆင့်သို့ ရောက်အောင် ပြန်လည်၍ ပေါ်ထွန်းလာခဲ့ပါသည်။

သာမန်အတွေးဖြင့် ရိုးရိုးရှင်းရှင်းတွေးကြည့်မည်ဆိုပါလျှင် လူလူချင်း (လူကိုလူက)ရောင်းစားခြင်း၊ ကုန်ကူးခြင်း၊ မှောင်ခိုခြင်းဆိုသည်မှာ ဖြစ်နိုင်စရာအကြောင်းရှိနိုင်မည်မဟုတ်ပါ။ သို့သော် ယနေ့မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးတွင် ဖြစ်ပေါ်လျက်ရှိသောကြောင့် သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းများက အလေးထားဆောင်ရွက်နေရသော အခြေအနေအထိပင် ရောက်ရှိနေပြီဖြစ်ပါသည်။

အဆိုပါလူကုန်ကူးခံရခြင်း၊ လူမှောင်ခိုရောင်းစားခံရခြင်းတို့သည် လူတို့၏ လောဘစိတ်၊ ကြီးပွားချမ်းသာချင်သောစိတ် လွန်ကဲမှု၊ ဗဟုသုတနှင့် အသိဉာဏ်နည်းပါးမှုတို့အပေါ်တွင် အခြေခံ၍ အများဆုံးဖြစ်ပွားတတ်ပြီး လူကုန်ကူး၊ လူမှောင်ခိုခံရသောသူများ၏ မျက်ရည်များ၊ ရှိုက်သံများနှင့် ၎င်းမိသားစုများ၏ပျက်စီးခဲ့ရသော အသိုက်အမြုံများစွာရှိခဲ့ပါသည်။ ရှိနေဆဲလည်းဖြစ်ပါသည်။ ဥပမာအားဖြင့်တင်ပြရလျှင် များစွာရှိသော်လည်း ၎င်းတို့အထဲမှ အချို့ကို ကောက်နုတ်ဖော်ပြရပါလျှင် ငယ်စဉ်ကတည်းက ကွဲကွာနေသောဖခင်ကို မန္တလေးမြို့သို့ သွားရောက်ရှာဖွေရာမှတစ်ဆင့် အမည်မသိမိန်းမတစ်ဦးက ကူညီမည်ဟုပြောဆိုပြီး တစ်ဖက်နိုင်ငံသို့ခေါ်ဆောင်သွားကာ ဇနီးမယားအဖြစ် အဓမ္မရောင်းစားခံရမှု၊ လူမမယ်ကလေးနှစ်ယောက်နှင့် မိခင်အပေါ် အခြားနိုင်ငံတွင် သူတောင်းစားအဖြစ် ရောင်းစားခံရမှု၊ အားကောင်းမောင်းသန်နှင့် ကာယဗလတောင့်တင်းသော လူငယ်လူရွယ်များအား အိမ်နီးချင်းနိုင်ငံတစ်နိုင်ငံ၏ စက်ရုံတစ်ခုထဲတွင် လုပ်အားခမရဘဲရောင်းစားခံရမှု စသည့်စသည့် ဖြစ်ရပ်မှန်များ များစွာရှိခဲ့ပါသည်။

လူကုန်ကူး၊ လူမှောင်ခိုမှုများသည် အသက်ငယ်ငယ်မွေးကင်းစမှ အသက်အရွယ်ကြီးရင့်ပြီး အလုပ်လုပ်ကိုင်နိုင်သောအရွယ် ကျား/မ မရွေး ဖြစ်ပွားလျက်ရှိသဖြင့် မြန်မာနိုင်ငံတွင်လည်း ၂၀၀၅ ခုနှစ် စက်တင်ဘာလ ၁၃ ရက်နေ့မှစ၍ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေကို ထုတ်ပြန်ဆောင်ရွက်ခဲ့ပါသည်။

**လူကုန်ကူးမှုပပျောက်ရေး ရည်ရွယ်ချက်(၅)ရပ်မှာ**

(၁) လူကုန်ကူးမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်၍ နိုင်ငံသားအားလုံး ပူးပေါင်းဆောင်ရွက်ရန်၊

(၂) လူကုန်ကူးမှုကြိုတင်ကာကွယ်ရေးလုပ်ငန်းများနှင့် ပြည်သူလူထုအတွင်း လူကုန်ကူးမှုအသိပညာပေးလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်ရန်၊

(၃) လူကုန်ကူးသူများကို ဥပဒေနှင့်အညီ အမှုခိုင်မာစွာတည်ဆောက်၍တရားစွဲတင်ပို့ရေးဆောင်ရွက်ရန်၊

(၄) လူကုန်ကူးခံရသူများအား အကာအကွယ်ပေးရေးနှင့် ၎င်းတို့၏ ဘဝပြန်လည်ထူထောင်ရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်သွားရန်၊

(၅) လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များအားလုံးတွင် ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပြည်သူလူထုတစ်ရပ်လုံး ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန်တို့ဖြစ်ပါသည်။

လူတစ်ယောက်သည် လူကုန်ကူးခံရပါက အောက်ဖော်ပြပါ ရုပ်ပိုင်းဆိုင်ရာထိခိုက်သော ဆိုးကျိုးများရရှိစေနိုင်မည်ဖြစ်ပါသည် -

(၁) ကူးစက်ရောဂါများရရှိနိုင်ခြင်း (လိင်မှဖြစ်သောရောဂါများအပါအဝင်)

(၂) ဒဏ်ရာအနာတရများ ရရှိခြင်း၊ အချို့တွင် လူစဉ်မမီနိုင်အောင် ဒဏ်ရာရရှိခြင်း၊

(၃) အသက်အန္တရာယ်ထိခိုက်နိုင်ခြင်း၊

(၄) လိင်ပိုင်းဆိုင်ရာများ ပျက်စီးခြင်း၊

(၅) မိမိကိုယ်ကို သေကြောင်းကြံခြင်း၊

လူကုန်ကူးခံရခြင်းသည် ကာယကံရှင်အတွက် ထိခိုက်နစ်နာဆိုးကျိုးများရှိသလို နိုင်ငံအတွက်လည်း

(၁) အမျိုးအနွယ်ပျက်စီးခြင်း၊

(၂) လူ့အရင်းအမြစ်များ လျော့ပါးခြင်း၊

(၃) နောက်ဆက်တွဲလုပ်ငန်းစဉ်များ ရှုပ်ထွေးခြင်း စသည့်ဆိုးကျိုးများ ဖြစ်ပေါ်စေပါသည်။

လူကုန်ကူးသူများသည် အောက်ပါရည်ရွယ်ချက်များဖြင့် ဆောင်ရွက်လေ့ရှိပါသည်-

(၁) ပြည့်တန်ဆာပြုခြင်း၊

(၂) အခြားနည်းများဖြင့် ကာမဆိုင်ရာပြုခြင်း၊

(၃) အဓမ္မလုပ်အားစေခိုင်းခြင်း၊

(၄) အဓမ္မဝန်ဆောင်မှုပေးခြင်း၊

(၅) ကျေးကျွန်ကဲ့သို့ ခိုင်းစေခြင်း၊

(၆) ကျွန်ပြုခြင်း၊

(၇) ကြွေးမြီဖြင့် နှောင်ဖွဲ့စေခိုင်းခြင်း၊

(၈) ခန္ဓာကိုယ်အစိတ်အပိုင်းထုတ်ယူဖယ်ရှားခြင်း၊ ရောင်းချခြင်း စသည်တို့ဖြင့် ဆောင်ရွက်ပြီး အောက်ပါနည်းလမ်းများဖြင့် လူကုန်ကူးမှုများကို လုပ်ဆောင်တတ်ပါသည် -

(က) ခြိမ်းခြောက်ခြင်း၊ အင်အားသုံးခြင်း (သို့)အခြားနည်းဖြင့် အနိုင်အထက်ပြုခြင်း၊

(ခ) သွေးဆောင်ခေါ်ယူခြင်း၊

(ဂ) လိမ်လည်ခြင်း၊

(ဃ) လှည့်ဖြားခြင်း၊

(င) အခွင့်အာဏာအလွဲသုံးခြင်း(သို့) ဘဝရပ်တည်ရန် ခက်ခဲသောအခြေအနေကို အလွဲသုံးစားပြုခြင်း၊

(စ) တစ်ဦးဦးအပေါ် ချုပ်ကိုင်သူ၏ သဘောတူညီချက်ရရှိရန် ငွေကြေး(သို့) အကျိုးအမြတ်ကိုပေးခြင်း(သို့)လက်ခံရယူခြင်း။

လူကုန်ကူးသူများသည် အထက်ပါရည်ရွယ်ချက်၊ နည်းလမ်းများသုံး၍ အောက်ပါပြုလုပ်မှု (၉)ချက်ကို ဆောင်ရွက်လေ့ရှိပါသည် -

(၁) သိမ်းသွင်းစုဆောင်းခြင်း၊

(၂) သယ်ယူပို့ဆောင်ခြင်း၊

(၃) လွှဲပြောင်းခြင်း၊

(၄) ရောင်းချခြင်း၊

(၅) ဝယ်ယူခြင်း၊

(၆) ငှားရမ်းခြင်း၊

(၇) ငှားယူခြင်း၊

(၈) ခိုလှုံခွင့်ပေးခြင်း၊

(၉) လက်ခံခြင်းတို့ဖြစ်ပါသည်။

လူကုန်ကူးခံရသူများသည် ပြစ်မှုကျူးလွန်သူများမဟုတ်၍ လူကုန်ကူးခံရပြီး လူ့အသိုက်အဝန်းသို့ ပြန်လည်ရောက်ရှိလာသော လူကုန်ကူးခံရသူများအား အကူအညီပေးရန် လိုအပ်ပါသည်။

**လူကုန်ကူးခံရသူများသည် -**

(၁) မူလအသိုက်အဝန်းတွင် ပြန်လည်ဝင်ရောက်ရန် ရှက်ခြင်း၊ ကြောက်ခြင်း၊

(၂) ကူးစက်ရောဂါရှိနေခြင်း၊

(၃) စိတ်ကျရောဂါရှိနေခြင်း၊

(၄) စိတ်ပိုင်းဆိုင်ရာ တည်ငြိမ်မှုမရှိခြင်း၊

(၅) ပိုမိုဆင်းရဲနွမ်းပါးလာခြင်း၊

(၆) အပြင်းအထန်နှိပ်စက်ခံရမှုကြောင့် ရရှိသည့်စိတ်ဝေဒနာသည် မည်သူ့ကိုမျှ မယုံကြည်ခြင်း၊

(၇) ဥပဒေဘက်တော်သားများအား ကြောက်လန့်အောင် ပြုလုပ်ခံထားခြင်း၊

(၈) အချို့သောဘာသာရေး၊ ယဉ်ကျေးမှုများက နှိမ့်ချခွဲခြားခြင်းတို့ဖြစ်တတ်ပါသည်။

အချုပ်အားဖြင့်ဆိုရလျှင် လူမှောင်ခို၊ လူကုန်ကူးမှုတို့သည် ယဉ်ကျေးသော လူမှုအသိုင်းအဝိုင်းတွင် ဘာသာရေးအရသော်လည်းကောင်း၊ လူမှုရေးအရသော်လည်းကောင်း မပြုလုပ်အပ်သော ပြစ်မှုဖြစ်၍ ပြည်သူအများက ဝိုင်းဝန်းတားဆီးကာကွယ်စောင့်ရှောက်ကြရန် လိုအပ်ပါကြောင်းနှင့် လူကုန်ကူးမှုနှင့်ပတ်သက်၍ ကိုယ်တိုင်ကြုံတွေ့ရသည်ဖြစ်စေ၊ သတင်းပေးလိုလျှင်ဖြစ်စေ အောက်ပါဖုန်းနံပါတ်များသို့ အချိန်မရွေးဆက်သွယ်သတင်းပေးတိုင်ကြားနိုင်ပါကြောင်း ရေးသားတင်ပြလိုက်ပါသည်-

၀၆၇-၄၁၁၃၁၇၊ ၀၆၇-၄၁၁၃၁၈၊ ၀၉-၄၉၅၅၅၈၈၈၊ ၀၉-၄၉၅၅၅၉၉၉။

# ပြည်ပအလုပ်အကိုင်ရှာဖွေရေး အေဂျင်စီများ စည်းကမ်းလေးစားလိုက်နာရန်အတွက် လိုင်စင်အာမခံကြေး တိုးမြှင့်မည်

သတင်း- သွန်းဝသန်၊ ဓာတ်ပုံ- တင်စိုး(မြန်မာ့အလင်း)

**ရန်ကုန် စက်တင်ဘာ ၁၂**

ပြည်ပသို့ အလုပ်သမားများ တင်ပို့လျက်ရှိသည့် အလုပ်အကိုင်အေဂျင်စီများအား လိုင်စင်အတွက် အာမခံကြေးစပေါ်ငွေအား တိုးမြှင့်ကောက်ခံနိုင်ရေးအတွက် သဘောထားကောက်ခံလျက်ရှိပြီး မကြာမီ စတင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

"ပြည်ပကို တရားဝင်စေလွှတ်နိုင်ဖို့အတွက် လိုင်စင်ရအေဂျင်စီအချို့မှာ စည်းကမ်းဖောက်ဖျက်မှုတွေ ရှိပါတယ်။ ကျွန်တော်တို့အနေနဲ့ အတတ်နိုင်ဆုံး ညှိနှိုင်းဆောင်ရွက်ပေးနေပါတယ်။ စည်းကမ်းထိန်းသိမ်းဖို့နဲ့ အလုပ်သမားအခွင့်အရေးတွေအပြည့်အဝရရှိစေဖို့အတွက် လိုင်စင်အာမခံကြေးကို မြှင့်တင်သွားဖို့ စီစဉ်ရတာဖြစ်ပါတယ်။ အခုလောလောဆယ်မှာတော့ အလုပ်အကိုင်အေဂျင်စီတွေနဲ့ ညှိနှိုင်းနေပြီး သဘောထားကောက်ခံထားပြီး အားလုံးသင့်တော်မယ့် လိုင်စင်အာမခံကြေးအသစ်တစ်ခုကို မကြာခင်ထုတ်ပြန်သွားဖို့ရှိပါတယ်" ဟု အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနမှ



ညွှန်ကြားရေးမှူးချုပ် ဦးမျိုးအောင်က ပြောကြားသည်။

ပြည်ပသို့ တရားဝင်စေလွှတ်လျက်ရှိသည့် အေဂျင်စီများအား စည်းကမ်းပိုင်းစနစ်ကျနစွာ ကိုင်တွယ်ကာ သတ်မှတ်ချက်များနှင့်အညီ စေလွှတ်မှုများ ဖြစ်ပေါ်လာစေရန်နှင့် သတ်မှတ်လျော်ကြေးကိစ္စများ ဖြစ်ပေါ်လာပါက ဖြေရှင်းနိုင်ရန်အတွက် ရည်ရွယ်ကာ လိုင်စင်အာမခံကြေးကို တိုးမြှင့်ရခြင်းဖြစ်ကြောင်း သိရသည်။

"အခက်အခဲတွေကတော့ အလုပ်သမားတွေအတွက်သတ်မှတ်လုပ်အားခ အပါအဝင် မသွားခင်က သိထားတဲ့ အလုပ်အကိုင် ဟုတ် မဟုတ်စတဲ့ ပြဿနာတွေ ဖြစ်လာတဲ့အခါ အလုပ်အကိုင်ရှာဖွေရေး အေဂျင်စီတွေနဲ့ အများကြီး သက်ဆိုင်လာပါတယ်။ ဖြေရှင်းရာမှာ အာမခံတိုးမြှင့်ထားလိုက်ရင် အဲဒီအာမခံငွေထဲကနေ လျော်ကြေးကိစ္စဆောင်ရွက်နိုင်လာမယ်"ဟု ဦးမျိုးအောင်က ဆက်လက်ပြောကြားသည်။

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနလက်အောက်တွင် လိုင်စင်ဖြင့် တရားဝင်အလုပ်လုပ်ကိုင်လျက်ရှိသည့် ပြည်ပအလုပ်အကိုင် အေဂျင်စီ စုစုပေါင်း ၂၂၀ ဝန်းကျင်ရှိနေပြီး အေဂျင်စီလိုင်စင်လုပ်ငန်းရှင်တစ်ဦးအနေဖြင့် ပိုင်ဆိုင်မှုငွေကျပ်သိန်း ၁၀၀၀ တင်ပြရပြီး လိုင်စင်အတွက် ငွေကျပ်သိန်း ၅၀ ကို အာမခံအနေဖြင့် ထားရှိရကြောင်း သိရသည်။ "တရားဝင်ဆိုပေမယ့် တစ်ခုနဲ့တစ်ခု ရပ်တည်ပုံချင်းကတော့ ကွဲပြားတယ်။ စည်းကမ်းတကျတင်ပို့နေတဲ့ အေဂျင်စီတွေရှိသလို အပြောနဲ့အလုပ်မညီတာတွေလည်း အများကြီးရှိပါတယ်။ လက်တစ်လုံးခြားနဲ့အဖြစ်လောက်ကတိတွေပေးပြီး နိုင်ငံခြားရောက်မှ အဆင်မပြေတာတွေလည်းရှိတယ်။အဲဒီအခါကျရင် ပြည်တွင်းက အေဂျင်စီအနေနဲ့ထိုက်သင့်သလောက် ဖြေရှင်းမပေးတာမျိုးဖြစ်လာလို့ စည်းကမ်းသတ်မှတ်မယ်ဆိုရင် ကောင်းတဲ့အေဂျင်စီတွေကိုပါငွေကြေးအခက်အခဲကြောင့် အလုပ်သမားဝန်ဆောင်ခတွေ မြင့်တက်လာမှာမျိုးတော့မဖြစ်စေချင်ဘူး"ဟု အေဂျင်စီအကူအညီဖြင့် ဒူဘိုင်းသို့ သွားရောက်အလုပ်လုပ်နေသည့် ကိုသော်တာထွန်းက ပြောကြားသည်။

**(မြန်မာ့အလင်း)**

# သံဃာအပါး ၅၀၀ ကျော်အား ဆီဆွမ်းလောင်းလှူ

**ကျောက်တံခါး စက်တင်ဘာ ၁၂**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့ ဓူတင်ကုန်းကျောင်းတိုက်မှ ရဟန်းကြီး ဥူးကုမာရ ကြီးမှူးကျင်းပသော စတုတ္ထအကြိမ်မြောက် ဆီဆွမ်းလောင်းလှူပွဲကို စက်တင်ဘာ ၈ ရက် မွန်းလွဲ ၁ နာရီက ကျောက်တံခါးမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်း ၆၀ မှ သံဃာတော်အပါး ၅၀၀ ကျော်တို့ကို ကျောက်တံခါးမြို့နယ် အမျိုးဘာသာသာသနာစောင့်ရှောက်ရေးအဖွဲ့(ကျောက်တံခါးဒေသ)မှ ဦးဆောင်၍ ကျောက်တံခါးမြို့ပေါ် ငါးရပ်ကွက်နှင့် ကျေးလက်ဒေသမှ စေတနာရှင် ဒါယကာ၊ ဒါယိကာမများက စုပေါင်း၍ အလှူရှင် ၆၀၀၀ ကျော်က ဆရာတော် သံဃာတော်များကို မြို့တွင်း၌ ဆီဆွမ်းလောင်းလှူပွဲကျင်းပခဲ့ကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**



**စက်တင်ဘာ ၈ ရက်က ရွှေဘုံသာလမ်းမိသားစု ရွှေသိင်္ဂီရတနာဓမ္မာရုံနှင့် သမာဓိ "စံ" ချိန်ခွင်တို့က ဦးဆောင်၍ သီလရှင်ကျောင်းသို့ပထမအကြိမ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ပန်းဘဲတန်းမြို့နယ် ရွှေဘုံသာလမ်းမပေါ်၌ ကျင်းပစဉ်။**

ကိုကြီးတင်

## လွှတ်တော်ရေးရာကဏ္ဍ

### ပြည်ထောင်စုလွှတ်တော်မှ

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ရရှိပြီး သီးသန့်ရန်ပုံငွေဖြင့် တူးမြောင်းမကြီး တူးဖော်ခြင်းလုပ်ငန်း အလျား ကိုးမိုင်နှင့် တူးမြောင်း အဆောက်အအုံ ၁၈၄ ခုကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ယင်းစီမံကိန်းကြောင့် စိုက်ပျိုးမြေဧက ၉၀၀၀ ကို ရာသီမရွေး ရေပေးဝေနိုင်ခြင်း၊ မိုးခေါင်ခြင်းကြောင့် စိုက်ပျိုးသီးနှံများ ပျက်စီးခြင်း၊ မစိုက်ပျိုးနိုင်ခြင်းစသည့် အကျိုးမဲ့စေမှုတို့မှ ကင်းဝေးပြီး အနာဂတ်အတွက် ကောင်းမွန်ခိုင်မာသော အာမခံချက် ရရှိနိုင်ခြင်း၊ လက်ယာမြောင်းလက်တံသစ်၏ တောင်ဘက်ရှိ ကုန်းမြေများကို စိုက်ပျိုးမြေအဖြစ် ပြုပြင်၍ ရေပေးဝေနိုင်မည်ဖြစ်ခြင်း၊ သိုလှောင်ထားပြီးသော ဆည်ရေကို စိုက်ပျိုးရေအဖြစ် အကျိုးရှိစွာ ဖြန့်ဝေပေးနိုင်ခြင်း၊ ဒေသခံပြည်သူများ၏ နေ့စဉ် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုအတွက် ရေရှည်တွင် အာမခံချက် မြင့်မားစေခြင်း စသည့်အကျိုးကျေးဇူးများ ရရှိနိုင်ပြီး မြောက်ယမားဆည်၏ လက်ယာမြောင်းလက်တံသစ် တူးဖော်ခြင်းလုပ်ငန်း ဧရိယာအတွင်း ကျရောက်မည့် စိုက်ပျိုးမြေဧက ၇၀၀ ခန့်ဆုံးရှုံးခြင်း၊ မြေပိုင်ရှင် တောင်သူများအတွက် ယာယီအခက်အခဲဖြစ်ပေါ်စေနိုင်ခြင်း စသည့်ဆုံးရှုံးမှုများ ဖြစ်ပေါ်နိုင်ပါကြောင်း။

ဆုံးရှုံးလယ်ယာမြေများအတွက် ဆောင်ရွက်ရာတွင် အဆိုပါ မြေဧရိယာများ၏ တောင်သူတစ်ဦးချင်း ပါဝင်မှုကို ဦးပိုင်အလိုက်၊ ကွင်းအလိုက်၊ မြောင်းအလိုက်၊ ကျေးရွာအလိုက် စာရင်းများကောက်ယူလျက်ရှိပါကြောင်း၊ ဆုံးရှုံးလယ်ယာမြေများအတွက် နစ်နာကြေးပေးလျော်နိုင်ရေးကို တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာရွှေ့ပြောင်းအလုပ်သမားနှင့် ထိုင်းနိုင်ငံအတွင်းရှိ ဒုက္ခသည်များစခန်း၌ ရောက်ရှိနေထိုင်ကြသော မြန်မာတိုင်းရင်းသား ဒုက္ခသည်များအား ပြည်တွင်း၌ ပြန်လည်နေရာချထားပေးရန် စီမံဆောင်ရွက်နေမှု အခြေအနေနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ရှင်းလင်းတင်ပြသည်။

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထင်အောင်က ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပထမလေးလပတ်ကာလအထိ အလုပ်သမားရှာဖွေရေးရုံးများမှ ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်းပေါင်း ၁ ဒသမ ၂၆၃ သန်း ဖော်ဆောင်ပေးနိုင်ခဲ့ပါကြောင်း။

ယခုအခါ ပြည်ပရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာပြီဖြစ်၍ သီလဝါ အထူးစီးပွားရေးဇုန်နှင့် ထားဝယ် အထူးစီးပွားရေးဇုန်များတွင်လည်း လုပ်ငန်းများ စတင်အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်သည့်အတွက် မကြာမီကာလအတွင်း ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိခံစားလာနိုင်မည် ဖြစ်ပါကြောင်း၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနအနေဖြင့် ပြည်ပရင်းနှီးမြှုပ်နှံမှု ကုမ္ပဏီများနှင့် ညှိနှိုင်းကာ မြန်မာနိုင်ငံသားများအတွက် အလုပ်အကိုင်အခွင့်အလမ်းသစ်များ ရရှိရန် စီစဉ်ထားပြီးဖြစ်သည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ပြည်ပတွင်ရောက်ရှိနေသည့် မြန်မာနိုင်ငံသား ရွှေ့ပြောင်းအလုပ်သမားများ အနေဖြင့် ပြည်တွင်းကို ပြန်လည်ရောက်ရှိလာလျှင် ၎င်းတို့၏ ကျွမ်းကျင်မှုနှင့် လိုက်လျောညီထွေရှိသည့် အလုပ်အကိုင်များ ရရှိလုပ်ကိုင်နိုင်ရန်အတွက် စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းသည်။



ဒုတိယဝန်ကြီး ဦးထင်အောင် ရှင်းလင်းစဉ်။ (သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ဦးလွင်က ထိုင်းနိုင်ငံအတွင်းရှိ ဒုက္ခသည်စခန်းကိုးခုမှ မြန်မာဒုက္ခသည် ၁၃၀၀၀၀ ဦးအား နေရပ်သို့ မကြာမီ ပို့ဆောင်ပေးမည်ဖြစ်ပါကြောင်း၊ စခန်းကိုးခုတွင်ရှိသော ဒုက္ခသည်များကို နေရပ်သို့ ပြန်လည်ပို့ဆောင်ရေးအတွက် သုံးဖွဲ့ခွဲ၍ ပို့မည်ဖြစ်ပြီး တစ်နှစ်ကြာမြင့်မည်ဖြစ်ပါကြောင်း၊ အဆိုပါ ဒုက္ခသည်များကို စစ်ဘက်ရေးရာ၊ မေ့ဖလန်းဖောင်ဒေးရှင်းနှင့် UNHCR တို့ပါဝင်သော ပူးပေါင်းလုပ်ငန်းအဖွဲ့မှ နိုင်ငံသားစိစစ်ရန်၊ လူတွေ့စစ်ဆေးမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ဇန်ကောက်ပို့စ်သတင်းစာတွင် ဖော်ပြထားပါကြောင်း။

မြန်မာတိုင်းရင်းသား ဒုက္ခသည်များအား ပြည်တွင်း၌ ပြန်လည်နေရာချထားပေးသည့်ကိစ္စရပ်နှင့် ပတ်သက်၍ ထိုင်းနိုင်ငံဘက်မှ သံတမန်နည်းလမ်းဖြင့် ညှိနှိုင်းလာမှုအပေါ် မူတည်၍လည်းကောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ လမ်းညွှန်ချက်များအပေါ် မူတည်၍လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနတို့နှင့် ပူးပေါင်း၍ နိုင်ငံခြားရေး ဝန်ကြီးဌာနအနေဖြင့် ဆက်လက်ညှိနှိုင်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းသည်။

ထို့နောက် ယင်းကိစ္စနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက မြန်မာရွှေ့ပြောင်းအလုပ်သမားများနှင့် ထိုင်းနိုင်ငံအတွင်းရှိ ဒုက္ခသည်စခန်းများ၌ ရောက်ရှိနေထိုင်ကြသည့် မြန်မာတိုင်းရင်းသား ဒုက္ခသည်များကို ပြည်တွင်းတွင် ပြန်လည်နေရာချထားပေးရန် စီမံဆောင်ရွက်နေမှုအခြေအနေများနှင့် ပတ်သက်၍ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ၏ ရှင်းလင်းတင်ပြချက်များနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးတင်ပြချက်များကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့သော ကမ္ဘာ့ဘဏ်မှ အမေရိကန်ဒေါ်လာ သန်း ၂၀၀ ချေးယူရန်ကိစ္စနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဖွဲ့အစည်းဝင်များက ရှင်းလင်းတင်ပြကြသည်။

ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သန်းအောင်က ကမ္ဘာ့ဘဏ်မှ ကျန်းမာရေးကဏ္ဍအတွက် ကနဦးပေးအပ်ငွေ အမေရိကန်ဒေါ်လာ သန်း ၁၀၀ ကို International Development Aids- IDA Credit (အတိုးမဲ့ နှစ်ရှည်ချေးငွေ) အသွင်ဖြင့် ကျန်းမာရေးဝန်ကြီးဌာနသို့ ပေးအပ်ကာ (MEHSAP- Myanmar Essential Health Services Access Project ) ကို အကောင်အထည်ဖော်ရန် ညှိနှိုင်းရေးဆွဲလျက်ရှိပါကြောင်း။

ယင်းစီမံချက်တွင် ပဏာမ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းကို ဆောင်ရွက်နေသော မြို့နယ်ကျန်းမာရေးဌာနနှင့် အောက်ခြေကျန်းမာရေးဌာနများတွင် ကျန်းမာရေးဝန်ဆောင်မှု ကောင်းမွန်စေရန်နှင့် ကျန်းမာရေးစောင့်ရှောက်မှုကို ပြည်သူလူထုက ရယူသုံးစွဲမှု အားကောင်းလာစေရန်၊ လူတိုင်းလက်လှမ်းမီနိုင်မည့် ကျန်းမာရေးဝန်ဆောင်မှု လွှမ်းခြုံရေးစနစ် ဖြစ်ထွန်းပေါ်ပေါက်လာရေးအတွက် လိုအပ်သော ကျန်းမာရေးဆိုင်ရာ လူ့စွမ်းအားအရည်အသွေးတိုးမြှင့်မှုနှင့် ကျန်းမာရေးစနစ် တည်ဆောက်ရန်နှင့် ဘေးဒုက္ခကပ်အပါအဝင် မမျှော်လင့်သည့် အရေးပေါ်ကိစ္စရပ်များတွင် ကူညီရန် စသည့်အချက်များ ပါဝင်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟံစိန်က ဧရာဝတီမြစ်ဝှမ်းဘက်စုံ စီမံခန့်ခွဲရေးလုပ်ငန်းဆောင်ရွက်ရန်အတွက် ကမ္ဘာ့ဘဏ်မှ အမေရိကန်ဒေါ်လာ သန်း ၁၀၀ ချေးယူမည့် ကိစ္စနှင့်ပတ်သက်၍ ရှင်းလင်းရာတွင် ဧရာဝတီဘက်စုံ စီမံခန့်ခွဲရေး စီမံကိန်းတွင် ရေအရင်းအမြစ် စီမံခန့်ခွဲမှုအဖွဲ့အစည်းများ အထောက်အကူပြုစွမ်းဆောင်ရည် တည်ဆောက်ခြင်း၊ မိုး/ဇလ စောင့်ကြည့်အကဲခတ်ခြင်းနှင့် သတင်းအချက်အလက် စနစ်များခေတ်မီစေခြင်း၊ ဧရာဝတီမြစ်အတွင်း မန္တလေးမြို့မှ ညောင်ဦးမြို့အထိ ရေကြောင်းသွားလာမှု မြှင့်တင်ရေး စသည့် လုပ်ငန်းစဉ်များ ပါဝင်ပါကြောင်း။

ရေဆိုင်ရာ သတင်းအချက်အလက်များအား Hydro Informatics Centre မှ အချိန်နှင့် တစ်ပြေးညီသိရှိရယူနိုင်ပြီး Decision Making Process ကို အထောက်အကူပြုစေနိုင်မည့် Decision Support System ဖော်ထုတ်နိုင်ရန် ဧရာဝတီမြစ်ဝှမ်း ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး ပင်မစီမံချက်နှင့် ရေဥပဒေရေးဆွဲနိုင်ရေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ သတင်းအချက်အလက်များ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်နိုင်ခြင်း၊ ရာသီဥတုဆိုင်ရာ သတင်းအချက်အလက်များကို တိုးတက်ပံ့ပိုးလာနိုင်ခြင်းကြောင့် စိုက်ပျိုးထုတ်ကုန်များ တိုးတက်ပြီး စားသုံးသူများအတွက် အကျိုးကျေးဇူးများ ရရှိနိုင်ခြင်းတို့ကြောင့် စီမံကိန်း ရေးဆွဲခြင်းဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှပေးပို့သော အီတလီနိုင်ငံအစိုးရ Itlay Development Cooperation ထံမှ ယူရိုသန်း၂၀ ချေးယူရန်ကိစ္စနှင့် စပ်လျဉ်း၍ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ငွေက အဆိုပါ ချေးငွေသည် နှောင်ကြိုးမဲ့ချေးငွေဖြစ်ပြီး အတိုးနှုန်းမှာ ၀ ဒသမ ၀၀ ရာခိုင်နှုန်း ဖြစ်ပါကြောင်း၊ ပြန်လည်ပေးဆပ်ရမည့်ကာလမှာ (၃၈)နှစ် ဖြစ်၍ ဆိုင်းငံ့ကာလမှာ (၂၈)နှစ် ဖြစ်ပါကြောင်း၊ ဆိုင်းငံ့ကာလပြီးဆုံးသည့် (၂၉)နှစ်မြောက်၂၀၄၂-၂၀၄၃ ဘဏ္ဍာရေးနှစ်မှစ၍ နှစ်စဉ် ယူရိုနှစ်သန်းကို ပြန်လည်ပေးဆပ်ရမည်ဖြစ်ပါကြောင်း၊ သတ်မှတ်ကာလတွင် ပြန်လည်ပေးဆပ်နိုင်ခြင်းမရှိပါက စောင့်ဆိုင်းမည်ဖြစ်ပြီး ယင်းရက်ကျော်လွန်ပါက ဒဏ်ကြေးအဖြစ် ၀ ဒသမ ၇၅ ရာခိုင်နှုန်း ပေးဆောင်ရမည်ဖြစ်ပါကြောင်း။



ဒုတိယဝန်ကြီး ဦးတင်ဦးလွင် ရှင်းလင်းစဉ်။ (သတင်းစဉ်)

အီတလီအစိုးရ၏ ချေးငွေဖြင့် ဆောင်ရွက်မည့်စီမံကိန်းကို ဆင်းရဲနွမ်းပါးမှုနှုန်းမြင့်မားပြီး ငြိမ်းချမ်းရေး တည်ဆောက်မှု လုပ်ငန်းစဉ်များနှင့် ဆက်စပ်နေသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့ရှိ မြို့နယ်တစ်မြို့နယ်စီရှိ ကျေးရွာအုပ်စုအားလုံးတွင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ရွေးချယ်ခံရသော စီမံကိန်း မြို့နယ်များရှိ ကျေးရွာအုပ်စုများတွင် ကျေးရွာလူထုက အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးလုပ်ငန်းများကို ကိုယ်တိုင်ဆောင်ရွက်နိုင်ရန် ကျေးရွာအုပ်စုတစ်ခုလျှင် ခန့်မှန်းငွေကျပ်သိန်း ၂၆၀ ကို သုံးနှစ်ဆက်တိုက် ပံ့ပိုးပေးသွားမည်ဖြစ်ပါကြောင်း၊ ယင်းထောက်ပံ့ငွေဖြင့် ကျေးရွာလူထုက မိမိဆောင်ရွက်လိုသည့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးလုပ်ငန်းများကို အများသဘောတူဆုံးဖြတ်၍ ၎င်းတို့ ကိုယ်တိုင်က ဆောင်ရွက်သွားရန်ဖြစ်ပါကြောင်း။

ယင်းစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်းကြောင့် ကျေးရွာလူထုအနေဖြင့် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးများ တိုးတက်ကောင်းမွန်လာမည့်အပြင် အလုပ်အကိုင်အခွင့်အလမ်းများလည်း ရရှိလာမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့သော ကိုရီးယားသမ္မတနိုင်ငံ စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေး ရန်ပုံငွေ (EDCF) မှ အမေရိကန်ဒေါ်လာ ၄၅ သန်း ချေးယူရန်ကိစ္စနှင့် စပ်လျဉ်း၍ ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းက မြန်မာ့မီးရထားအနေဖြင့် နှစ်စဉ်လူစီးတွဲသစ် ၁၀၀ ခန့် ဝယ်ယူထုတ်လုပ်ဖြည့်တင်းနိုင်မှသာ အဆင့်မီ ရထားပြေးဆွဲမှုကို ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း။

မြန်မာ့မီးရထားတွင် လက်ရှိ ၃၀ ဒသမ ၃ ရာခိုင်နှုန်းရှိသော သက်တမ်းလွန် လူစီးတွဲများကို တစ်ပြိုင်တည်း ဖြည့်တင်းရပါက လူစီးတွဲသစ် ၄၀၄ တွဲကို ဖြည့်တင်းရမည်ဖြစ်သည့်အပြင် သက်တမ်းအရလည်း နှစ်စဉ်လူစီးတွဲသစ် ၁၀၀ တွဲခန့် ဖြည့်ဆည်းပေးရန် လိုအပ်ပါကြောင်း၊ ယနေ့ ရထားစီး ပြည်သူများ ခံစားနေရသည့် ရထားခုန်ခြင်း၊ ဆောင့်ခြင်း၊ လှုပ်ခြင်း၊ အသံဆူညံခြင်းအပါအဝင် အဆင်မပြေမှုများ၏ ၅၀ ရာခိုင်နှုန်းခန့်သည် တွဲများ၏ အရည်အသွေးများကြောင့် ဖြစ်ပါကြောင်း။

ပြည်သူလူထုက တောင်းဆိုနေသော ခေတ်မီပြီး လုံခြုံမှုပိုမိုကောင်းမွန်သည့် တွဲသစ်များဖြင့် ဝန်ဆောင်မှုတိုးမြှင့်ပေးလိုသည့်အတွက် ကိုရီးယားချေးငွေကို ရထားတွဲဝယ်ယူရေးကိစ္စတစ်ခုတည်းတွင်သာ သုံးစွဲရန် အဆိုပြုပါကြောင်း၊ တွဲသစ်များ ရရှိလာသည့်အခါ ရန်ကုန်-မန္တလေးလမ်းပိုင်း၊ ရန်ကုန်-နေပြည်တော်လမ်းပိုင်း၊ ရန်ကုန်-မော်လမြိုင် လမ်းပိုင်း၊ ရန်ကုန်-ပြည်လမ်းပိုင်းနှင့် မန္တလေး-မြစ်ကြီးနားလမ်းပိုင်း စသည့်ခရီးသွားလာမှုများပြားသော လမ်းပိုင်းများတွင် ဖြည့်ဆည်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ ပြည်သူများ တောင်းဆိုနေသည့် ခေတ်မီလုံခြုံသည့် တွဲသစ်များဖြင့် ခရီးသည်ဝန်ဆောင်မှု မြှင့်တင်ရေးစီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ပါ၍ ချေးငွေအဆိုပြုချက်ကို ခွင့်ပြုပေးသင့်ပါကြောင်း လေးစားစွာ အဆိုပြုတင်ပြအပ်ပါကြောင်းဖြင့် ပြောကြားသည်။

အထက်ပါ ချေးငွေကိစ္စများနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## လူ့အခွင့်အရေးနှင့်ပတ်သက်သည့် လွှတ်တော်အတွင်း လွှတ်တော်ပြင်ပ ဆောင်ရွက်နေမှုများဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၁၂**

ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဦးဌေးဦးအား နော်ဝေနိုင်ငံ ကာကွယ်ရေးနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပါလီမန်ကော်မတီမှ Ms. Anniken Huitfelt နှင့်အဖွဲ့သည် ယနေ့ ညနေ ၃ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင် (I-1) တွင် လာရောက်တွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာတွင် လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များ၊ ပြောင်းလဲကျင့်သုံးနေသည့် စနစ်သစ်နှင့် လိုက်လျောညီထွေဖြစ်လာသော ဥပဒေပြုရေးဆိုင်ရာ ကိစ္စရပ်များ၊ လူ့အခွင့်အရေးနှင့်ပတ်သက်သည့် လွှတ်တော်အတွင်း၊ လွှတ်တော်ပြင်ပ ဆောင်ရွက်နေမှုများကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## လွှတ်တော်သို့ လာရောက်လေ့လာကြည့်ရှု

**နေပြည်တော် စက်တင်ဘာ ၁၂**

ဂျပန်နိုင်ငံ နိုင်ငံတကာ တက္ကသိုလ်မှ ပါမောက္ခ ဒေါက်တာအောင်မျိုး၊ အာဒရာမြန်မာ (ADRA Myanmar)မှ အဖွဲ့ဝင် ရှစ်ဦး၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဌာနချုပ်၊ စွမ်းရည်ပြည့်ဝသော စီးပွားရေးစီမံခန့်ခွဲမှု သင်တန်း အမှတ်စဉ်(၁)မှ အုပ်ချုပ်သူ နည်းပြများနှင့် သင်တန်းသား သင်တန်းသူ ၈၆ ဦး၊ National Democratic Institute (NDI) မှ နှစ်ဦး၊ UMFCCI ၏ University of the Thai Chamber of Commerce (UTCC) မှ သင်တန်းသား ၄၀ စုစုပေါင်း ၁၃၇ ဦးတို့သည် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့ ကျင်းပနေပုံကို လာရောက်လေ့လာကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

### မိုးလေဝသအခြေအနေ

**နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင်** ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ** ရခိုင်ကမ်းရိုးတန်းဒေသများတွင် မိုးအားဆက်လက်လျော့နည်းနေမည်။

## ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ မော်ရိုကိုသံရုံးမှ သံအမတ်ကြီးနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၁၂**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကိုယ်စား ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေး ကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦးသည် ဗန်ကောက်မြို့အခြေစိုက် မော်ရိုကိုနိုင်ငံသံရုံးမှ သံအမတ်ကြီး H.E.Mr. Abdellah EI Housin ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံရေးရာဆောင် (I-1)၌ လက်ခံတွေ့ဆုံသည်။ ထိုသို့ တွေ့ဆုံရာတွင် နှစ်နိုင်ငံလွှတ်တော်အချင်းချင်း ပူးပေါင်းဆောင်ရွက်ရေးနှင့် လွှတ်တော်ရေးရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

### မှတ်သားဖွယ်ရာမိုးရေချိန်

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ပြင်ဦးလွင်မြို့တွင် ၆ ဒသမ ၈၉ လက်မ၊ ပေါင်မြို့တွင် ၃ ဒသမ ၅၀ လက်မ၊ ပဲခူးမြို့တွင် ၂ ဒသမ ၃၇ လက်မ၊ ဘားအံ(စိုက်ပျိုးရေး)တွင် ၁ ဒသမ ၃၀ လက်မ၊ ကသာမြို့တွင် ၁ ဒသမ ၂၆ လက်မ၊ သထုံမြို့တွင် ၁ ဒသမ ၂၂ လက်မတို့ ဖြစ်ကြသည်။

ပြည်တွင်းသတင်း

# အာဆီယံထိပ်သီးနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပရေးကော်မတီ ၂၀၁၄ ခုနှစ် နှစ်ဝက်ဒုတိယအကြိမ် အစည်းအဝေးကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၂**

(၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပရေးနှင့် စပ်လျဉ်း၍ အာဆီယံထိပ်သီးနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပရေးကော်မတီ၏ ၂၀၁၄ ခုနှစ် နှစ်ဝက်ဒုတိယအကြိမ် အစည်းအဝေးကို ယနေ့ နံနက် ၉ နာရီခွဲတွင် နိုင်ငံခြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် **(ယာပုံ)**က အဖွင့်အမှာစကားပြောကြားရာတွင် (၂၅) ကြိမ်မြောက် အာဆီယံထိပ်သီးနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပရေးကော်မတီ၏ ဒုတိယအကြိမ် အစည်းအဝေးကို ခေါ်ယူကျင်းပရသည့် ရည်ရွယ်ချက်မှာ လာမည့် နိုဝင်ဘာလတွင် ကျင်းပမည့် (၂၅) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို မြန်မာနိုင်ငံ၏ ၂၀၁၄ ခုနှစ် အာဆီယံဥက္ကဋ္ဌသက်တမ်း တစ်လျှောက်တွင် နောက်ဆုံး လက်ခံကျင်းပပေးရမည့် အစည်းအဝေးတစ်ရပ်အဖြစ်ဖြင့် လည်းကောင်း၊ ကမ္ဘာ့အင်အားကြီးနိုင်ငံများမှ နိုင်ငံခေါင်းဆောင်များ ပါဝင်တက်ရောက်ကြမည့် အဓိကအစည်းအဝေးကြီးတစ်ရပ်အဖြစ်ဖြင့် လည်းကောင်း အောင်မြင်စွာ လက်ခံကျင်းပနိုင်ရေးအတွက် ဝန်ကြီးဌာနများနှင့် ဆပ်ကော်မတီများအကြား ပေါင်းစပ်ညှိနှိုင်းပြီး ဆောင်ရွက်ရမည့်လုပ်ငန်းများကို ကြိုတင်ပြင်ဆင်ဆောင်ရွက်နိုင်ရန် ဖြစ်ပါကြောင်း။

ထို့ကြောင့် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ထိပ်သီးနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပရေးကော်မတီဝင်များ၊ ဆပ်ကော်မတီဥက္ကဋ္ဌများ အနေဖြင့် အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်များ ပါဝင်မည့် အစည်းအဝေးတစ်ရပ် ဖြစ်သည့်အပြင် မြန်မာနိုင်ငံ၏ ၂၀၁၄ ခုနှစ် အာဆီယံဥက္ကဋ္ဌ တာဝန်ထမ်းဆောင်မှုသမိုင်းကို အောင်မြင်မှုများဖြင့် ကျန်ရစ်စေရန်အတွက် နောက်ဆုံးနှင့် အရေးပါဆုံး အစည်းအဝေးတစ်ရပ်အဖြစ် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လိုအပ်ချက်များရှိပါက အချင်းချင်း ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန် ပြောကြားသည်။



ထို့နောက် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူတို့က အာဆီယံအသိုက်အဝန်းဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို တင်ပြဆွေးနွေးကြသည်။

ဆက်လက်၍ ဆပ်ကော်မတီအလိုက် ဥက္ကဋ္ဌများက ဆွေးနွေးကြပြီး ထိပ်သီးအစည်းအဝေးနှင့် တစ်ဆက်တည်းကျင်းပမည့် အခမ်းအနားအစီအစဉ်များနှင့်စပ်လျဉ်း၍ ဌာနဆိုင်ရာ တာဝန်ရှိသူများက တင်ပြဆွေးနွေးကြသည်။ ထို့နောက် အစည်းအဝေးဖြစ်မြောက်ရေး လုပ်ငန်းအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

# ပန်ကာထိန်းခလုတ် အပူလွန်ကဲ၍ မီးလောင်မှုဖြစ်

**မန္တလေး စက်တင်ဘာ ၁၂**

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ပြည်ကြီးမျက်မှန်ရပ်ကွက် အကွက် ၈၀၆၊ ၆၂ လမ်း ၂၇ လမ်းနှင့် ၂၈ လမ်းကြား အိမ်အမှတ် ၂၉၆ ရှိ THE BEST INTERNATIONAL Co., Ltd. ဓာတ်မြေသြဇာကုမ္ပဏီအောက်ထပ်တွင် ယနေ့နံနက် ၈ နာရီ မိနစ် ၂၀ ခန့်က လျှပ်စစ်မီးကို ပေါ့ဆစွာ အသုံးပြုခဲ့ခြင်းကြောင့် မီးလောင်မှုတစ်ရပ် ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ အဆိုပါကုမ္ပဏီအောက်ထပ်အတွင်း လယ်ယာလုပ်ငန်းသုံး ဓာတ်မြေသြဇာပစ္စည်းများထားရှိသည့် စတိုခန်း၌ ယနေ့နံနက်မိုးရွာနေချိန် လျှပ်စစ်ပန်ကာထိန်းခလုတ် အပူလွန်ကဲပြီး မီးစတင်လောင်ကျွမ်းခဲ့ရာမှတစ်ဆင့် မီးခိုးများ အူထွက်ကာ လျှပ်စစ်မီးကြိုးနှင့် THE BEST တံဆိပ် Nano သဘာဝဓာတ်မြေသြဇာအထုပ်များ၊ အခန်းတွင်းပစ္စည်းများကို မီးကူးစက်လောင်ကျွမ်းခံခဲ့ရခြင်း ဖြစ်သည်။ မီးလောင်ရာသို့ မန္တလေးခရိုင်မီးသတ်ဦးစီးမှူး ဦးလှမင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးကျော်သူနှင့် အဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင် ၂၄ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၂၀၊ မီးသတ်ရေယာဉ် အစီး ၂၀ တို့ ရောက်ရှိကာ မီးလောင်မှုဖြစ်ပွားခဲ့သည့် ဓာတ်မြေသြဇာကုမ္ပဏီ အောက်ထပ် စတိုခန်းကို ဒေသခံပြည်သူများနှင့်အတူ ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့ရာ **(အောက်ပုံ)** နံနက် ၉ နာရီခန့်တွင် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။ အဆိုပါလောင်ကျွမ်းမှု၌ လျှပ်စစ်မီးအား ပေါ့လျော့စွာ အသုံးပြု၍ မီးလောင်မှုဖြစ်ပွားခဲ့သဖြင့် THE BEST INTERNATIONAL Co., Ltd. ဓာတ်မြေသြဇာကုမ္ပဏီ တာဝန်ခံ ဦးမျိုးခန့် (၃၇နှစ်) ကို သက်ဆိုင်ရာ နယ်မြေရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**



■ *ကျောဖုံးမှ*

တိုက်ကြီးမြို့အထိ အလွယ်တကူ ခရီးဆက်နိုင်မှာ ဖြစ်ပါတယ်”ဟု ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ရန်ကုန်တိုင်းဒေသကြီး အင်ဂျင်နီယာမှူးကြီး ဦးမြင့်ဇော်က ပြောသည်။

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အထူးအဖွဲ့(၁)သည် ယခုအခါ ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆောက်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ကုက္ကိုလ်ဝမြစ်နှင့် လှိုင်မြစ်ဆုံရာအနီးတွင် ကုက္ကိုလ်ဝမြစ်ဖြတ်တံတားကို တည်ဆောက်နေခြင်းဖြစ်သည်။

ကုက္ကိုလ်ဝမြစ်ဖြတ်တံတားသည် အရှည် ၂၂၇၃ ပေရှိပြီး လေးလမ်းသွားဖြစ်သည်။ တံတားအမျိုးအစားမှာ သံမဏိသံပေါင်၊ ရက်မ၊ သံကူကွန်ကရစ်ဖြစ်ပြီး၂၀၁၄-၂၀၁၅ ခုနှစ်မှ စတင်တည်ဆောက်ကာ ၂၀၁၅-၂၀၁၆ ခုနှစ်အတွင်း ပြီးစီးရန် ကြိုးစားသွားမည်ဖြစ်သည်။

ယင်းတံတားသည် ထန်းတပင်မြို့ ဘုရင့်နောင်လမ်းမှ ကုက္ကိုလ်ဝမြစ်ကို ဖြတ်သန်းကာ တစ်ဖက်ကမ်းရှိ လမုတန်းရွာ၊ လှည်းဆိပ်ရွာတို့နှင့် ဆက်စပ်တည်ဆောက်သွားမည် ဖြစ်သည်။ ဘော်လဲကျွန်း၊ လမုတန်း၊ လှည်းဆိပ်ရွာတို့မှတစ်ဆင့် တစ်ဆက်တည်း မှော်ဘီနှင့် တိုက်ကြီးမြို့အထိ မော်တော်ယာဉ်ဖြင့် လွယ်ကူမြန်ဆန်စွာ ခရီးသွားနိုင်ကြမည် ဖြစ်သည်။

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အနေဖြင့် ၂၀၁၃ ခုနှစ်က ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆိပ်ကြီးခနောင်တို ကြိုးတံတားကို တည်ဆောက်ခဲ့ပြီး ဘုရင့်နောင်တံတားအမှတ်(၂)ကိုလည်း တည်ဆောက်လျက်ရှိရာ ယခုအခါ အထူးအဖွဲ့(၁)က ကုက္ကိုလ်ဝ မြစ်ဖြတ်တံတားကို တည်ဆောက်နေခြင်းဖြစ်သည်။

**(မြန်မာ့အလင်း)**

◆ *ကျောဖုံးမှ*

အဲဒီ လိုပြောရာမှာ ဘယ်သူ့ကြောင့်၊ ဘယ်ဝို့ကြောင့် ဆိုတာထက် မြင်မိတဲ့အမြင်နဲ့ ခံစားမိတဲ့ အတွေးကိုပဲပြောမယ်။ ဘာကြောင့်လဲဆိုတော့ ဘယ်သူ့ကြောင့်ရယ်လို့ ပြောစရာလည်းမရှိဘူး။ အထူးသဖြင့်ပေါ့။ တချို့က အဲဒီဗီယက်နမ်နဲ့ပွဲမှာ အပိုင်ဂိုးသွင်းခွင့် နှစ်ကြိမ်စလုံး ဂိုးမဝင်ခဲ့တဲ့ မောင်မောင်စိုးရဲ့ လွဲချော်မှုကို ထောက်ပြတယ်၊ ဝေဖန်တယ်။ ဒါပေမယ့် ပြောရမယ်ဆိုရင် မောင်မောင်စိုးဟာ အင်ဒိုနီးရှားကိုနိုင်တဲ့ပွဲမှာ နှစ်ဂိုးသွင်းခဲ့တဲ့သူ။ ဘရူနိုင်းဘုရင့်ဖလား ပွဲမှာလည်း နှစ်ဂိုးသွင်းခဲ့တဲ့သူဆိုတော့ သူ့ရဲ့ လွဲချော်မှုဟာ ပင်ကိုအရည်အသွေးကြောင့်လား၊ ချွတ်ချော်တိမ်းပါးမှုလား။ အရှင်းဆုံးပြောရမယ်ဆိုရင်ပေါ့၊ မောင်မောင်စိုးမှ မဟုတ်ဘူး။ ကောင်းပါတယ်ဆိုတဲ့ အောင်သူ၊ သန်းပိုင်တို့ကအစ အဲဒီပွဲမှာ ခြေစွမ်းမပြနိုင်ဘူးဆိုတော့။ အဲဒီနောက်မှာ အကြောင်းတရားတစ်ခု ရှိကိုရှိမယ်။ ဒါကို မြင်အောင်ကြည့်တတ်ဖို့ သိပ်လိုတယ်။ ဘာကြောင့်လဲဆိုတာက အစ။ဘာလုပ်သင့်တယ်ဆိုတာအဆုံး။

ပြောရမယ်ဆိုရင်ပေါ့။ စာရေးသူ တစ်ဦးတစ်ယောက်တည်းရဲ့ အယူအဆအရတော့ အတွေ့အကြုံက စကားပြောတယ်ဆိုတာပဲ။ အဲဒီအတွက် ဂျာမနီအထိသွားပြီး လေ့ကျင့်ခဲ့တာကို ထောက်ပြလို့ရပေမယ့် ပြောချင်တာက ပြိုင်ပွဲအတွေ့အကြုံ ရုတ်တရက်ဆိုသလို အရာရာ ပြောင်းပြန်လှန်လိုက်သလို ခြေစွမ်းရောရလဒ်ပါ အဆိုးဘက် နင်းသွားခြင်းရဲ့ နောက်မှာ အဲဒီအခြေခံအကြောင်းတရားရှိကိုရှိမယ်။ ရှိကိုရှိတယ်။

အထူးသဖြင့်ပေါ့။ ယူ-၁၉ ဟာ ခြေစမ်းပွဲတွေ၊ လေ့ကျင့်မှုတွေ ထိထိမိမိလုပ်နိုင်ခဲ့တာမှန်တယ်။ ဒါပေမယ့် ပြိုင်ပွဲအသွင်နဲ့ နိုင်ငံတကာမှာ ဘယ်နှပွဲကစားဖူးသလဲဆိုတော့ ဘရူနိုင်းဘုရင့်ဖလားပွဲက ပထမဆုံး၊ ဒုတိယက အခုအာဆီယံယူ-၁၉ ပြိုင်ပွဲ၊ အရှင်းဆုံးပြောရရင် မြန်မာယူ-၁၉ ဟာ ပြိုင်ပွဲအသွင်နဲ့ နဖူးတွေ့၊ ဒူးတွေ့ နှစ်ကြိမ်ပဲ ဆုံဖူးတယ်။ အဲဒီလို အခြေအနေမှာ ဗီယက်နမ်က ပရိသတ်အားနဲ့ ဖိတယ်။ အဲဒါက အဓိကပြဿနာပဲ။ အဓိကအကြောင်းတရားနဲ့ပြောရရင် အဲဒီနေ့က ဗီယက်နမ်ပရိသတ်က ကွင်းလုံးပြည့်။ အဲဒီအခြေအနေနဲ့ နှိုင်းယှဉ်ပြီး တစ်ခုမေးမယ်။ မြန်မာယူ-၁၉ ဟာ အဲဒီလောက် ပရိသတ်များများနဲ့ ဘယ်နှပွဲကစားခဲ့ဖူးသလဲဆိုတာပဲ၊ နေရှင်နယ်လိဂ် II မှာ ကစားခဲ့တုန်းကလည်း အဲဒီလို ပရိသတ်မျိုးမကြုံဖူးဘူး။ ဂျာမနီခြေစမ်းပွဲမှာလည်း မကြုံခဲ့ဘူး။ ဘရူနိုင်းဘုရင့်ဖလားပွဲမှာလည်း မရှိခဲ့ဘူး။ ဒီတော့ မြန်မာယူ-၁၉ နဲ့ အဲဒီနေ့က အဓိကအားနည်းမှုဟာ ကွင်းထက်က ပရိသတ်ကို စိုးထိတ်မှုလို့ပြောရင် လွန်မလား။ ကွင်းလုံးပြည့် ပရိသတ်အားကို မကြုံဖူးတဲ့အပြင် အဲဒီကွင်းလုံးပြည့်ပရိသတ်ကလည်း အားလုံးနီးပါး ပြိုင်ဘက်ပရိသတ်ဆိုတဲ့အခါ။ သေချာတယ်။ ရုတ်တရက်အားလုံး ပျက်ယွင်းသွားမှုဟာ အဲဒီအပေါ်မှာ ထိထိမိမိကို အခြေတည်နိုင်တယ်။

ပြောရမယ်ဆိုရင်ပေါ့။ သဘောသဘာဝအရ သည်းခံအားပေးသင့်သူကို သည်းခံအားပေးဖို့လိုတယ်။ စောင့်ကြည့်ဖို့ ထိုက်တန်မှုရှိသလား။ မရှိဘူးလားဆိုတာတွေးပြီး ရေရှည်အားပေးသင့် အားမပေးသင့် ချင့်ချိန်ဖို့လိုတယ်။ အခု မြန်မာယူ-၁၉ မှာ အခြေခံကောင်းတွေရှိတယ်။ ပျိုးထောင်ရင် ပျိုးထောင်မှုအားအပေါ် အခြေတည်ကာ တိုးတက်နိုင်တဲ့ အခြေအနေတွေ ရှိတယ်။ ဒီတော့ တစ်ပွဲရှုံးရုံနဲ့ စိတ်ဓာတ်ကျမလား။ အဲဒါကအဖြေပဲ။ အရှင်းဆုံးပြောမယ်။ မြန်မာယူ-၁၉ ဟာ ပရိသတ်အတွက် နုနယ်သေးတဲ့အချိန်မှာ ပေးဆပ်သင့်သလောက်ပေးဆပ်ထားတယ်။ အဲဒီအတွက် တစ်ပွဲစာအရှုံးတစ်ခုကြောင့် အဲဒီအသင်းမှာ စိတ်ဒဏ်ရာမဖြစ်စေသင့်ဘူး။ တစ်ပွဲအရှုံးကြောင့် စိုးရိမ်ကြောက်လန့်မှု မဖြစ်စေချင်ဘူး။ ယုံကြည်မှုကို ပျက်မသွားစေချင်ဘူး။ အဓိကက သူတို့မှာ အခြေခံကောင်းတွေရှိတယ်။ ဒီတော့ သူတို့ရဲ့ လိုအပ်မှုကို အတွေ့အကြုံတွေနဲ့ ဖြည့်ရမယ်။ အားလုံးက စိတ်ရှည်ရမယ်။ ဖြစ်သင့်ဖြစ်ထိုက်တဲ့ အချိန်မှာ ဖြစ်မလာရင်တော့ တစ်မျိုး။

ဒီတော့ အရှင်းဆုံးပြောမယ်။ စောင့်ကြည့်ချင်သူကို စောင့်ကြည့်ဖို့လိုတယ်။ သုံးသပ်ချက် မစောသင့်ဘူး။ ထပ်ပြောရရင် ဗီယက်နမ်ကို ရှုံးတယ်။ အဲဒီအတွက် တတိယလုပွဲကစားရမယ်။ အဲဒီမှာ အနိုင်အရှုံးကိုရော အဓိကထားမလား။ ပြောရမယ်ဆိုရင် ထိုင်းကို ဘရူနိုင်းဘုရင့်ဖလားမှာ တစ်ကြိမ်၊ အခု အာဆီယံယူ-၁၉ မှာ တစ်ကြိမ်။ နှစ်ကြိမ်နိုင်တယ်။ ဒါပေမယ့် နိုင်တဲ့နှစ်ပွဲစလုံး ခက်ခက်ခဲခဲ။ ဘရူနိုင်းဘုရင့်ဖလားမှာ ၃-၂၊ အခု ၂-၁၊ ပြောချင်တာက မကွာဘူးဆိုတာ မြင်ဖို့လိုတဲ့သဘော၊ အထူးသဖြင့် မကွာတဲ့အခြေအနေတစ်ခုမှာ ကြိုတင်ပြင်ဆင်မှုက အခရာကျသလို စိတ်ပိုင်းဆိုင်ရာ ယုံကြည်မှုလည်း အရေးကြီးတယ်၊ ဒီတော့ ဗီယက်နမ်ကိုရှုံးမှုကြောင့် ယုံကြည်မှုမပျက်ဖို့လိုတယ်။ အဲဒါက အဓိကပဲ။ ထပ်ပြောရမယ်ဆိုရင်ပေါ့ ဗီယက်နမ်ကိုလည်း ဘရူနိုင်းဘုရင့်ဖလားမှာ နိုင်တယ်ဆိုပေမယ့် ခက်ခက်ခဲခဲကစားခဲ့ရတာက သက်သေ၊ အဲဒီမှာ ဒီတစ်ကြိမ်ပြန်တွေ့တော့ မကွာတဲ့နှစ်သင်းကြားမှာ ပရိသတ်ရဲ့ မဆုတ်မနစ်အားပေးမှုက ကွာသွားတယ်၊ ကစားသမားတွေရဲ့ ယုံကြည်မှုက ကွာသွားတယ်။

ဒါပေမယ့်ပေါ့။ ဘောလုံးဆိုတာ အဲဒီတစ်ပွဲတည်းနဲ့ မပြီးဘူး၊ အခုပြောရရင် ခြေမကွာပေမယ့် အချို့အရာတွေကွာဟတယ်။ ဒါကိုဖြည့်ရမယ်။ အဓိကကတော့ အာရှယူ-၁၉ ပြိုင်ပွဲပဲ၊ အဲဒီမှာ ဒီအသင်းကို ပံ့ပိုးမှုနဲ့ ဖြည့်ဆည်းမှုဘယ်လို ရှိမလဲ၊ ပရိသတ်ဖိအားဒဏ်ကြောင့် ချွတ်ချွတ်ချော်ချော်ဖြစ်ခဲ့တဲ့ အဲဒီအသင်းကို ကိုယ့်မြေ၊ ကိုယ့်ကွင်းမှာ စိတ်ပိုင်းဆိုင်ရာ ကြံ့ခိုင်မှုရှိအောင် ဘယ်လိုအားပေးမလဲ၊ အရှင်းဆုံးပြောရမယ်ဆိုရင်ပေါ့။ ဘောလုံးမှာ မရှုံးဖူးတဲ့အသင်း မရှိဘူး။ တစ်ပွဲအရှုံးဆိုတာ သင်ခန်းစာ။ ဒါကို ကစားသမားတွေရော အားလုံးကပါ ယူတတ်ရမယ်။ ပရိသတ်ကလည်း စိတ်ရှည်ရမယ်။ အဓိကက အရှုံးနည်းဖို့ပဲ။ အဓိကယုံကြည်မှုပဲ။ အထူးသဖြင့် ယူ-၁၉ မှာ အခြေခံကောင်းတွေရှိတယ်။ ဒါကိုပျောက်မသွားဖို့ သိပ်လိုတယ်လို့ပဲပြောချင်တယ်။

> **အခု မြန်မာယူ-၁၉မှာ အခြေခံကောင်းတွေရှိတယ်။ ပျိုးထောင်ရင် ပျိုးထောင်မှုအားအပေါ် အခြေတည်ကာ တိုးတက်နိုင်တဲ့ အခြေအနေတွေ ရှိတယ်။ ဒီတော့ တစ်ပွဲရှုံးရုံနဲ့ စိတ်ဓာတ်ကျမလား။ အဲဒါကအဖြေပဲ။**

**ချိန်ခါမရွေး**
**သတိပေး**
**မီးဘေး**
**ကင်းဝေးမှာ**

စက်တင်ဘာ ၅ ရက်က ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်၊ ဦးခင်မောင်စိုးနှင့် ဦးညဏ်ထွန်းအောင်တို့ ဆွစ်ဇာလန်နိုင်ငံရှိ ပင်လယ်ရေမျက်နှာပြင် အထက်မီတာ ၂၁၅၀ တွင်ရှိပြီး လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၃၆၀ ထုတ်လုပ်နိုင်သည့် Vleux Emosson ရေအားလျှပ်စစ်စီမံကိန်းသို့ သွားရောက်လေ့လာကြပြီး စက်ရုံမှ တာဝန်ရှိသူများနှင့်အတူ စုပေါင်းဓာတ်ပုံရိုက်စဉ်။ (အဆိုပါ ရေအားလျှပ်စစ်စီမံကိန်းကို မဂ္ဂါဝပ် ၉၀၀အထိ ထုတ်လုပ်နိုင်ရန် အဆင့်မြှင့်တင် တည်ဆောက်လျက်ရှိကြောင်း သိရှိရသည်။) (သတင်းဖော်ပြပြီး)

(သတင်းစဉ်)






# စိုက်ပျိုးရေးကဏ္ဍဖြင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရန် ကြိုးပမ်းနေသည့် ရခိုင်ပြည်နယ်

မင်းမင်းဇော်
(သတင်းစဉ်)

“ကျေးလက်ဒေသဖွံ့ဖြိုးရေးနဲ့ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းစဉ်များ” တွင် လယ်ယာကဏ္ဍတိုးတက်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်သည် အဓိကအခန်းကဏ္ဍတစ်ရပ်ဖြစ်သည်။ မိုးကောင်းသောက်လယ်မြေများကို ဆည်ရေသောက်လယ်မြေများ၊ မြစ်ရေတင်လယ်မြေများ၊ မြေအောက်ရေရရှိရေး လယ်မြေများအဖြစ်သို့ပြောင်းလဲခြင်းလုပ်ငန်း၊ မိရိုးဖလာ လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ပြောင်းလဲခြင်းလုပ်ငန်း၊ အထွက်နှုန်းပိုမိုကောင်းမွန်ပြီး ဈေးကောင်းပိုမိုရရှိနိုင်သည့် မျိုးကောင်းမျိုးသန့်မျိုးစေ့များ ထုတ်လုပ်စိုက်ပျိုးခြင်းလုပ်ငန်း၊ မိရိုးဖလာရှေးရိုးစိုက်နည်းစနစ်များကို ခေတ်မီသိပ္ပံနည်းကျစိုက်နည်းစနစ်(GAP)နည်းများသို့ပြောင်းလဲခြင်းလုပ်ငန်းနှင့် တာဝန်ရှိသူများအပါအဝင် တောင်သူလယ်သမားများကိုယ်တိုင် တိုးတက်ကြီးပွားအောင်မြင်လိုစိတ်ဖြင့် စိတ်ဓာတ်ပိုင်းပြောင်းလဲလာရန်ဟူသည့် လုပ်ငန်းစဉ်(၅)ရပ်ဖြင့် လယ်ယာကဏ္ဍပြုပြင်ပြောင်းလဲရန် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ သို့ဖြစ်ရာ ရခိုင်ပြည်နယ် စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှုများကို ရခိုင်ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဦးသိန်းဝင်းနှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ပြန်လည်ရေးသားတင်ပြလိုက်ရပါသည်။

**မေး ။ ။ ရခိုင်ပြည်နယ်အတွင်းမှာ လက်ရှိဆောင်ရွက်နေတဲ့ လယ်ယာကဏ္ဍလုပ်ငန်းတွေနဲ့ပတ်သက်ပြီး ပြောပြပေးစေချင်ပါတယ်ခင်ဗျာ။**

ဖြေ ။ ။ ရခိုင်ပြည်နယ်ရဲ့ လက်ရှိလယ်ယာကဏ္ဍမှာ အဓိကထားပြီးဆောင်ရွက်နေတဲ့လုပ်ငန်းတွေမှာ တောင်သူလယ်သမားတွေရဲ့ လူမှုစီးပွားရေးဘဝ မြင့်မားလာစေဖို့နဲ့ ဝင်ငွေတိုးတက်စေဖို့ ဆောင်ရွက်နေပါတယ်။ ဝင်ငွေတိုးတက်ပြီး လူမှုစီးပွားဘဝတိုးတက်ဖို့ဆိုရာမှာ စိုက်ပျိုးနေတဲ့သီးနှံတိုင်း အထွက်နှုန်းကောင်းပြီး စိုက်ပျိုးရေးနည်းစနစ်များ မှန်ကန်ဖို့လိုပါတယ်။ ဒါကြောင့် ပညာပေးသင်တန်းတွေ ဆွေးနွေးပို့ချခြင်း၊ မျိုးကောင်းမျိုးသန့်မျိုးစေ့ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်းနဲ့ လက်တွေ့မြင်တွေ့နိုင်စေဖို့အတွက် စံပြကွက်တွေ၊ စမ်းသပ်ကွက်တွေကို ဆောင်ရွက်လျက်ရှိပါတယ်။ မြို့နယ်တိုင်းမှာ တစ်မြို့နယ်ကို ဧက ၅၀ တောင်သူပညာပေးစံပြကွက်များ ပြုလုပ်ထားရှိပြီး လယ်သမားတွေကို ဖိတ်ခေါ်ပြသလျက်ရှိပါတယ်။

**မေး ။ ။ ရခိုင်ပြည်နယ်မှာ လယ်ယာကဏ္ဍရေရှည်ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဘယ်လိုအစီအမံတွေရှိသလဲဆိုတာလည်း ပြောပြပေးပါဦးခင်ဗျာ။**

ဖြေ ။ ။ ရခိုင်ပြည်နယ်ရဲ့ လယ်ယာကဏ္ဍရေရှည်ဖွံ့ဖြိုးတိုးတက်ဖို့အတွက် မျိုးစေ့ထုတ်စိုက်ခင်းတွေကို ဖော်ထုတ်စိုက်ပျိုးလျက်ရှိပါတယ်။ ဌာနအစီအစဉ်အပါအဝင် ပုဂ္ဂလိကလုပ်ငန်းရှင်တွေရဲ့ ကူညီမှုတွေနဲ့ ဆောင်ရွက်ရန် စီမံထားရှိပါတယ်။ ပြည်နယ်တစ်ခုလုံးမှာ မျိုးစေ့ထုတ်ဧက ၄၀၀၀ နှစ်စဉ်ဆောင်ရွက်သွားဖို့ စီစဉ်ထားရှိပါတယ်။ ပုဂ္ဂလိကလုပ်ငန်းရှင်တွေနဲ့ ပူးပေါင်းပြီး အထူးအထွက်တိုး စပါးမျိုးတွေဖြစ်တဲ့ ပုလဲသွယ်စပ်မျိုးစပါးထုတ်လုပ်ခြင်းကို ၂၀၁၄-၂၀၁၅ နွေရာသီကစပြီး ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ခြင်းဖြင့် ပြည်နယ်အတွင်း မျိုးကောင်းမျိုးသန့် မျိုးစေ့များ ဈေးနှုန်းချိုသာစွာ အလွယ်တကူသုံးစွဲနိုင်မှာ ဖြစ်ပါတယ်။

ရခိုင်ပြည်နယ်ဟာ စပါးကို အဓိကထားစိုက်ပျိုးတဲ့ ပြည်နယ်တစ်ခုဖြစ်ပါတယ်။ ဒါကြောင့် လယ်သမားတွေအနေနဲ့ မိမိစိုက်ပျိုးထွက်ရှိတဲ့ဆန်စပါးတွေ ဈေးကောင်းရဖို့အတွက် တစ်ဦးစီ တစ်ဦးစီမျိုးကွဲပေါင်းများစွာ စိုက်ပျိုးနေလို့ မဖြစ်ပါဘူး။ ဈေးကွက်ရှိတဲ့စပါးမျိုး နှစ်မျိုး၊ သုံးမျိုးကို ဧက ၅၀၀ ဇုန်ကြီးတွေ တည်ထောင်ပြီး ဆောင်ရွက်သွားဖို့စီမံထားရှိပါတယ်။ ဒါမှလည်း ဈေးကွက်လည်း ပေါ်လာပြီး ပြည်တွင်း ပြည်ပသို့ တင်ပို့ရောင်းချနိုင်မှာဖြစ်ပါတယ်။

ရခိုင်ပြည်နယ်ဟာ ငပလီလို လှပတဲ့ ပင်လယ်ကမ်းခြေတွေရှိတဲ့အပြင် ရှေးဟောင်းအမွေအနှစ်စေတီပုထိုးတွေလည်းရှိပါတယ်။ အထူးစီးပွားရေးဇုန်တွေ၊ စက်မှုဇုန်တွေ၊ စိုက်ပျိုးရေး မွေးမြူရေးဇုန်တွေ မကြာမီပေါ်ပေါက်လာတော့မှာဖြစ်တဲ့အတွက် နိုင်ငံခြားသားခရီးသွားဧည့်သည်တွေ ဝင်ထွက်သွားလာမယ့် ပြည်နယ်တစ်ခုဖြစ်လာမှာ ဖြစ်ပါတယ်။ နောက်ပြီး ဟိုတယ်ဇုန်တွေ ပေါ်ပေါက်လာမှာဖြစ်လို့ လိုအပ်တဲ့ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများ ဖြည့်တင်းပေးနိုင်ဖို့အတွက် ကြိုတင်ပြီး သံတွဲ၊ စစ်တွေ၊ ကျောက်ဖြူ၊ မြောက်ဦးဒေသတွေမှာ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံဇုန်တွေ စီမံထားရှိကြောင်း ပြောကြားလိုပါတယ်။

ရခိုင်ပြည်နယ်ရဲ့ လယ်ယာမြေတွေဟာ ပုံသဏ္ဍာန်အမျိုးမျိုးရှိနေပါတယ်။ ဒါကြောင့် ရေရှည်မှာ စီးပွားရေးဇုန်တွေပေါ်ပေါက်လာတဲ့အခါ ဝင်ရောက်လုပ်ကိုင်ကြမှာဖြစ်လို့ လယ်ယာလုပ်သားရှားပါးမှုကို ဖြည့်ဆည်းပေးဖို့အတွက် အဆင့်မြင့်လယ်ယာတွေကို ဖော်ထုတ်သွားမှာဖြစ်ပါတယ်။ လက်ရှိအခြေအနေမှာ ဧက ၆၅၀ ဖော်ထုတ်ပြီးဖြစ်ပြီး



ဦးသိန်းဝင်း
ရခိုင်ပြည်နယ်
စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး

ဧက ၂၁၀၀ထိ ဆက်လက်ဖော်ထုတ်ဆောင်ရွက်သွားဖို့ စက်မှုလယ်ယာဦးစီးဌာနနဲ့ ညှိနှိုင်းစီမံဆောင်ရွက်ထားရှိပါသည်။

ရခိုင်ပြည်နယ်ရဲ့ လယ်ယာကဏ္ဍရေရှည်ဖွံ့ဖြိုးတိုးတက်ဖို့အတွက် စိုက်ပျိုးရေးဦးစီးဌာန တစ်ခုတည်းနဲ့ ဆောင်ရွက်လို့မရပါဘူး။ တောင်သူလယ်သမားတွေ၊ လယ်ယာကဏ္ဍအသင်းအဖွဲ့တွေ၊ စိုက်ပျိုးရေးပညာရှင်တွေ၊ အလှူ့အသီးသီးမှ ပုဂ္ဂိုလ်တွေ၊ UN/INGO အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်ဖို့ လိုအပ်မှာဖြစ်တဲ့အတွက် အလွှာအသီးသီးပါဝင်တဲ့ “လယ်ယာကဏ္ဍရေရှည်ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲ”ကို စစ်တွေမြို့နဲ့ ငပလီတို့မှာ ပြုလုပ်သွားဖို့ စီမံထားရှိပါတယ်။ ဒါမှသာ ထိရောက်တဲ့အကြံကောင်း ဉာဏ်ကောင်းတွေ ထွက်ပေါ်လာပြီး အမှန်တကယ် အကောင်အထည်ဖော်ခြင်းဖြင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်မှာဖြစ်ပါတယ်။

**မေး ။ ။ စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ UN/INGO တွေနဲ့ လယ်ယာလုပ်ငန်းတွေမှာ ဘယ်လိုပူးပေါင်းဆောင်ရွက်နေပါသလဲ။**

ဖြေ ။ ။ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ဖို့အတွက် စိုက်ပျိုးရေးဦးစီးဌာနတစ်ခုတည်းနဲ့ ပြုလုပ်လို့မရဘူးဆိုတာကို ဆွေးနွေးတင်ပြထားပြီးဖြစ်ပါတယ်။ UN/INGO အဖွဲ့တွေနဲ့ ပူးပေါင်းဆောင်ရွက်ပြီး မဖြစ်မနေလုပ်ဆောင်ရမယ့် လုပ်ငန်းစဉ်တစ်ခုဖြစ်ပါတယ်။ စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ ၂၀၁၃-၂၀၁၄ ခုနှစ်မှစပြီး FAO အဖွဲ့နဲ့ လယ်သမားတွေအတွက် မျိုးကောင်းမျိုးသန့် မျိုးစေ့တွေ၊ ဓာတ်မြေဩဇာတွေ၊ ဟင်းသီးဟင်းရွက်မျိုးစေ့တွေထောက်ပံ့ခြင်း၊ သီးနှံမျိုးစေ့သိုလှောင်ဖို့အတွက် လေလုံအိတ်တွေ ထောက်ပံ့ပေးတာတွေအပြင် ကျေးရွာတွေမှာ သင်တန်းတွေ၊ ဆွေးနွေးပွဲတွေကို ပြုလုပ်လျက်ရှိပါတယ်။ လာမည့်နှစ်တွေမှာလည်း ရေရရှိရေးလုပ်ငန်းတွေဖြစ်တဲ့ ချောင်းပိတ်၊ မြောင်းပိတ်လုပ်ငန်းတွေ၊ ရေတွင်းရေကန်တူးဖော်ခြင်းလုပ်ငန်းတွေ၊ ဆေးဖျန်းပုံး၊ ဆေးဖျန်းစက်ထောက်ပံ့ခြင်းလုပ်ငန်းတွေ၊ မျိုးစေ့သန့်စင်စက်၊ မျိုးစေ့အခြောက်ခံစက်ထောက်ပံ့ခြင်းလုပ်ငန်းတွေကို ညှိနှိုင်းစီမံထားရှိပါတယ်။

**မေး ။ ။ ရခိုင်ပြည်နယ်ရဲ့ ပဋိပက္ခဖြစ်ပွားတဲ့ဒေသတွေမှာ စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ ဘယ်လိုလုပ်ငန်းတွေမှာ ပါဝင်ဆောင်ရွက်နေပါသလဲ။**

ဖြေ။ ။ စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ ပြည်နယ်အစိုးရရဲ့ အကူအညီနဲ့မျိုးစေ့တွေ အခမဲ့ နှစ်စဉ်ထောက်ပံ့ပေးလျက်ရှိပါတယ်။ ဒီနှစ်မှာ စပါးမျိုးတင်းပေါင်း ၁၄၈၀၅ တင်းကို မြို့နယ်ကိုးမြို့နယ်တွင် ဖြန့်ဖြူးပေးထားပါတယ်။ အချို့ပဋိပက္ခဖြစ်ပွားတဲ့ဒေသတွေမှာ လယ်ယာလုပ်ကိုင်ဖို့အတွက် ကျွဲ၊ နွား အခက်အခဲ၊ လုပ်သား အခက်အခဲရှိလို့ စက်မှုလယ်ယာဦးစီးဌာနနဲ့ ညှိနှိုင်းပြီးထွန်စက်များနဲ့ အခမဲ့ထွန်ယက်ပေးခြင်း၊ စွမ်းအင်ဌာနနဲ့ ညှိနှိုင်းပြီး ဓာတ်မြေဩဇာတွေ၊ စက်သုံးဆီ အခမဲ့ထောက်ပံ့ပေးခြင်းတွေ ဆောင်ရွက်ပေးပြီး ကွက်လပ်မကျန် စပါးစိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ခဲ့ပါတယ်။

**မေး။ ။ သဘာဝဘေးအန္တရာယ်တွေ ကြုံကြိုက်လာတဲ့အခါ ဘယ်လိုကြိုတင်စီမံဆောင်ရွက်ထားပါသလဲခင်ဗျာ။**

ဖြေ။ ။ ရခိုင်ပြည်နယ်ဟာ ပင်လယ်ကမ်းရိုးတန်းဒေသတစ်ခုဖြစ်လို့ မုန်တိုင်းဒဏ်မကြာခဏခံနေရပါတယ်။ ဒီမုန်တိုင်းဒဏ်ကြောင့် ရေကြီးခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်းတို့ကြောင့် စပါးစိုက်ခင်းတွေရေနစ်မြုပ်ပျက်စီးမှုမကြာခဏကြုံတွေ့ရပါတယ်။ ပင်လယ်ရေငန် ဝင်ရောက်ခြင်းကြောင့်လည်း ပျက်စီးဆုံးရှုံးမှုတွေကြုံတွေ့နေရတတ်ပါတယ်။ ဒီအခက်အခဲတွေကို ကျော်လွှားနိုင်ဖို့အတွက် မုန်တိုင်းလွတ်ရာဒေသတွေမှာ ဆားငန်ခံဆင်းသွယ်လတ်စပါးမျိုးများ ကြိုတင်ပွားများထားခြင်း၊ ဆွာနာဆပ်ဝမ်းလို ရေမြုပ်ခံစပါးမျိုးများ ကြိုတင်ပွားများထားခြင်းတို့ ဆောင်ရွက်ထားရှိပါတယ်။ ဒါ့အပြင် သဘာဝဘေးအန္တရာယ်ကျရောက်ပြီး နောက်ဆက်တွဲဖြစ်ပေါ်လာနိုင်တဲ့ ပိုးမွှားကျရောက်မှုကို ကာကွယ်နိုင်ဖို့အတွက် ဆေးဖျန်းအဖွဲ့တွေကိုလည်း စနစ်တကျစုဆောင်းဖွဲ့စည်းထားရှိပါတယ်။

**မေး။ ။ ရခိုင်ပြည်နယ်မှာရှိတဲ့ တောင်သူလယ်သမားတွေရဲ့ လူမှုစီးပွားဘဝမြှင့်တင်ရေးအတွက် လက်ငင်းအကျိုးဖြစ်ထွန်းစေမယ့် လုပ်ငန်းတွေဘယ်လိုစီမံထားရှိပါတယ်ဆိုတာကို သိပါရစေ။**

ဖြေ။ ။ ရခိုင်ပြည်နယ်ရဲ့ တစ်ဧကစပါးအထွက်နှုန်းဟာ ပျမ်းမျှ ၆၈ ဒသမ ၆၀ တင်းသာဖြစ်လို့ စပါးအထွက်နှုန်း ၂ ဆ မြင့်မားဖို့အတွက် ပုလဲသွယ်စပ်မျိုးစပါးတွေ တိုးချဲ့စိုက်ပျိုးထားရှိပါတယ်။ အထွက်ကောင်းမျိုးကောင်း မျိုးသန့်တွေကိုလည်း သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်(၁၄)ချက်နဲ့အတူ လိုက်နာဆောင်ရွက်ဖို့အတွက် မြို့နယ်တိုင်း ဧက ၅၀ စံပြကွက်တွေ ဆောင်ရွက်ထားရှိပြီး စိုက်ပျိုးရာသီကာလတစ်လျှောက်လုံး လယ်သမားတွေကို စဉ်ဆက်မပြတ် ခေါ်ယူပြသလက်တွေ့လုပ်ကိုင်စေခဲ့ပါတယ်။ ရခိုင်ပြည်နယ်မှာရှိတဲ့ လယ်သမားတွေဟာ စပါးရိတ်သိမ်းပြီးရင် နောက်ထပ်သီးထပ် စိုက်ပျိုးမှုအလွန်အားနည်းတာကို သိရှိရပါတယ်။ စပါးတစ်သီးနဲ့ လူမှုစီးပွားဘဝမြှင့်နိုင်မှာ မဟုတ်ပါဘူး။ ဒါကြောင့် ဒီနှစ်ကစပြီး စပါးစိုက်ဧရိယာတွေမှာ မတ်ပဲသီးနှံကို ရေလိုက်ကြဲပက်စနစ်နဲ့ ဧကထောင်သောင်းချီပြီး သီးထပ်စိုက်ပျိုးနိုင်ဖို့ စီစဉ်ထားရှိပါတယ်။ အခြားအဓိကသီးနှံဖြစ်တဲ့ ဆောင်းမြေပဲသီးနှံကိုလည်း ဆင်းပဒေသာ-၁၁လို အထွက်နှုန်းကောင်းတဲ့မျိုးတွေနဲ့ ပြောင်းလဲစိုက်ပျိုးသွားဖို့ ဆောင်ရွက်ထားရှိပါတယ်။

လက်တွေ့အသုံးချပြီး ဝင်ငွေရရှိနိုင်ဖို့အတွက် ကိုင်းကူးကိုင်းဆက်သင်တန်း၊ သစ်သီးဝလံအခြေခံတန်ဖိုးမြင့် ထုတ်ကုန်သင်တန်း၊ သဘာဝမြေဩဇာထုတ်လုပ်ခြင်းလုပ်ငန်းတွေကို ပြင်ပမှ ကျွမ်းကျင်ပညာရှင်များ ဖိတ်ခေါ်ပြုလုပ်သွားဖို့ စီမံထားရှိပါတယ်။

**မေး။ ။ ဘာများဖြည့်စွက် ပြောကြားလိုပါသေးသလဲခင်ဗျာ။**

ဖြေ။ ။ ကျွန်တော်တို့အနေနဲ့ ရခိုင်ပြည်နယ်ရဲ့ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အနေနဲ့ ဆောင်ရွက်လျက်ရှိပါတယ်။ ပြည်နယ်အစိုးရအဖွဲ့ကလည်း အပြည့်အဝကူညီပံ့ပိုးပေးလို့ လယ်ယာကဏ္ဍလုပ်ငန်းတွေဆောင်ရွက်ရာမှာ အားလည်းရှိပါတယ်။ ကျေလည်းကျေနပ်မိပါတယ်။ ရခိုင်ပြည်နယ် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနဲ့ တောင်သူလယ်သမားတွေရဲ့ လူမှုစီးပွားဘဝတိုးတက်မြင့်မားဖို့အတွက် လုပ်ငန်းရှင်တွေ၊ ကုမ္ပဏီတွေ၊ အလွှာအသီးသီးမှ ပုဂ္ဂိုလ်တွေ၊ သတင်းမီဒီယာတွေ၊ လူမှုကွန်ရက်အဖွဲ့တွေကလည်း ဝိုင်းဝန်းကူညီပေးကြဖို့ မေတ္တာရပ်ခံလိုပါတယ်။ ဒီလို ဝိုင်းဝန်းကူညီဆောင်ရွက်ကြမယ်ဆိုရင် ရခိုင်ပြည်နယ်ဟာ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် ဒုတိယအဆင်းရဲဆုံး ပြည်နယ်ကနေ နှစ်အနည်းငယ်အတွင်း အလယ်အလတ်အဆင့်သို့ ရောက်ရှိသွားမှာဖြစ်တယ်လို့ ပြောကြားလိုပါတယ်။

## ငှက်ဖျားရောဂါအန္တရာယ်ကာကွယ်ရေးနှိုးဆော်ချက်

ငှက်ဖျားရောဂါသည် ငှက်ဖျားရောဂါပိုး ( Malaria Parasite ) ကြောင့်ဖြစ်ပွားပြီး ငှက်ဖျားရောဂါပိုးကို သယ်ဆောင်နိုင်သောခြင်အကိုက် ခံရခြင်းမှတစ်ဆင့် ကူးစက်နိုင်ပါသည်။ ကမ္ဘာပေါ်တွင် နှစ်စဉ် ငှက်ဖျားရောဂါဖြစ်ပွားသူဦးရေ သန်းနှစ်ရာခန့်ရှိပြီး လူဦးရေ ခြောက်သိန်းခြောက်သောင်းခန့်မှာ ငှက်ဖျားရောဂါကြောင့် သေဆုံးလျက်ရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ထုတ်ပြန်ချက်များအရ သိရှိရသည်။

ငှက်ဖျားရောဂါဖြစ်ပွားပါက ဖျားခြင်း၊ ချမ်းတုန်ခြင်း၊ ချွေးအလွန်ထွက်ခြင်း၊ ကိုယ်၊ လက်၊ ခြေ နာကျင်ကိုက်ခဲခြင်း၊ မူးဝေခြင်းတို့ ဖြစ်နိုင်ပါသည်။ ရောဂါပြင်းထန်လျှင် အဖျားကြီးခြင်း၊ အားအင်ချည့်နဲ့ခြင်း၊ အသားဝါခြင်း၊ ဆီးအရောင် မည်းမည်းသွားခြင်း၊ အသားအရောင် ဖြူဖပ်ဖြူရော်ဖြစ်ခြင်းတို့ ဖြစ်ပွားနိုင်ပါသည်။ ဦးနှောက်ငှက်ဖျားရောဂါအသွင်ဖြစ်ပွားပါက ဖျားခြင်း၊ ခေါင်းကိုက်ခြင်း၊ မိုန်းခြင်း၊ ဂနာမငြိမ်ဖြစ်ခြင်း၊ တက်ခြင်းနှင့် သတိလစ်ခြင်းတို့ ဖြစ်ပွားနိုင်ပါသည်။ ငှက်ဖျားရောဂါဖြစ်ပွားပါက အချိန်မီ ဆေးကုသမှု မခံယူလျှင် ရောဂါပြင်းထန်ပြီး အသက်ဆုံးရှုံးနိုင်သည်။

ငှက်ဖျားရောဂါသည် တောထဲ၊ တောင်ထဲတွင် အလုပ်လုပ်သူများ၊ ငှက်ဖျားဖြစ်ပွားတတ်သောဒေသရှိ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အလုပ်လုပ်သူများ၊ ငှက်ဖျားဖြစ်ပွားတတ်သောဒေသရှိ ကိုယ်ဝန်ဆောင်မိခင်နှင့် ကလေးငယ်များနှင့် ငှက်ဖျားခြင်ရှိသောဒေသတွင် ညဘက်ခြင်ထောင်နှင့် မအိပ်သူများတွင် ရောဂါပိုမိုဖြစ်ပွားနိုင်ပါသည်။

ငှက်ဖျားခြင်သည် ညအချိန်တွင် ပိုမိုကိုက်လေ့ရှိပြီး တော၊ တောင်ထဲတွင် အလုပ်လုပ်သူများတွင် နေ့လယ်နေ့ခင်းဘက်လည်း အကိုက်ခံရနိုင်သည်။ သို့ဖြစ်ပါ၍ ငှက်ဖျားအန္တရာယ်မှ ကာကွယ်ရန်အတွက် မည်သည့်အချိန်၊ မည်သည့်နေရာမဆို ခြင်ထောင်ထောင်၍ အိပ်ခြင်း၊ အထူးသဖြင့် ဆေးစိမ်ခြင်ထောင်ဖြင့် အိပ်ခြင်း၊ အဝတ်အစားထူထူရှည်ရှည်ဝတ်ခြင်း၊ ခြင်ကိုက် မခံရစေရန် သတိပြုခြင်း၊ ခြင်မကိုက်စေသည့်ဆေးလိမ်းခြင်း စသည်တို့ဖြင့် ကာကွယ်နိုင်ပြီး ငှက်ဖျားခြင်မပေါက်ပွားစေရန်၊ရပ်ကွက်၊ ကျေးရွာအနီးရှိ စိမ့်၊ စမ်းချောင်းများကို ရေစီး၊ ရေလာကောင်းမွန်အောင် လူထုအားဖြင့် စုပေါင်းဆောင်ရွက်ခြင်း၊ ရေတွင်း၊ ရေကန်များတွင် ပိုးလောက်လမ်းစား ငါးများထည့်ခြင်းတို့ဖြင့် ငှက်ဖျားရောဂါကူးစက်မှုမှ ကာကွယ်နိုင်ပါသည်။

ငှက်ဖျားရောဂါဖြစ်ပွားသည်ဟု သံသယရှိပါက နီးစပ်ရာဆေးရုံ၊ ဆေးခန်း၊ ကျန်းမာရေးဌာနသို့ အမြန်ဆုံး (ဖြစ်နိုင်လျှင် ၂၄ နာရီအတွင်း) သွားရောက်ဆေးကုသမှု ခံယူကြပါရန်နှင့် ကျန်းမာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသည့် ကုထုံးအတိုင်း ဆေးပတ်လည်အောင် သောက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**



# အနာဂတ်ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းများဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၁၂**

ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဝင်းထွန်းအား ကုလသမဂ္ဂလက်ထောက်အထွေထွေအတွင်းရေးမှူးချုပ်၊ ကုလသမဂ္ဂဖွံ့ဖြိုးတိုးတက်မှုအစီအစဉ် လက်ထောက်စီမံခန့်ခွဲရေးမှူးနှင့် အာရှပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Mr.Haoliang Xu သည် စက်တင်ဘာ ၁၁ ရက် နံနက် ၉ နာရီက ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံဆွေးနွေးသည်။

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောကဏ္ဍတို့၌ လက်ရှိဆောင်ရွက်လျက်ရှိသည့်အခြေအနေများ၊ မြေအသုံးချမှု မူဝါဒ၊ စီမံအုပ်ချုပ်မှုစီမံကိန်းနှင့် ဥပဒေရေးဆွဲပြုစုရေးနှင့်ပတ်သက်၍ ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများ၊ အစိမ်းရောင်စီးပွားရေး၊ အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်နေမှုများ၊ ရာသီဥတုပြောင်းလဲမှုလျော့ပါးရေးဆိုင်ရာကဏ္ဍအလိုက် စီမံကိန်းများကို အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများ၊ အင်းလေးကန်ရေရှည်တည်တံ့ရေးနှင့် ထိန်းသိမ်းရေးလုပ်ငန်း၊ REDD+ Readiness Roadmap ရေးဆွဲရေးလုပ်ငန်း၊ ရာသီဥတုပြောင်းလဲမှု၏ သက်ရောက်မှုများ လျော့ပါးရေးလုပ်ငန်း၊ အမျိုးသားပတ်ဝန်းကျင်မူဝါဒအကောင်အထည်ဖော်ရေးမဟာဗျူဟာနှင့် လုပ်ငန်းအစီအစဉ်ရေးဆွဲရေးလုပ်ငန်းနှင့် အနာဂတ်ကာလ ပူးပေါင်းဆောင်ရွက်မည့်လုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(အောက်ပုံ)**

**(သတင်းစဉ်)**

## မန္တလေး၌ မီးဘေးလုံခြုံရေး အသိပညာပေး

**မန္တလေး စက်တင်ဘာ ၁၂**

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် ရတနာဘုမ္မိအရှေ့ရပ်ကွက်ရှိ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၌ စာသင်ကျောင်းအခြေပြုမီးဘေးလုံခြုံရေး အသိပညာပေးဟောပြောပို့ချခြင်းနှင့် လက်တွေ့မီးငြိမ်းသတ်မှုသရုပ်ပြမှုတို့ကို စက်တင်ဘာ ၉ ရက် နံနက် ၉ နာရီခွဲက ကျောင်းခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဦးသန်းဇော်ဦးနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များက ကျောင်းအုပ်ဆရာမကြီး၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၃၀၀ တို့ကို စာသင်ကျောင်းအခြေပြု မီးဘေးလုံခြုံရေးအသိပညာပေးဟောပြောပို့ချပြီး လက်တွေ့မီးငြိမ်းသတ်ခြင်းများ သရုပ်ပြဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

# တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ကယ်ဆယ်ရေးအသင်း "ကောင်းကင်ပြာ" ပျောက်ဆုံးတောင်တက်သမားများကို ပူးပေါင်းရှာဖွေရန် ယနေ့ရောက်မည်

**ရန်ကုန် စက်တင်ဘာ ၁၂**

မြန်မာနိုင်ငံတွင် အမြင့်ဆုံးတောင်ထွတ်ဖြစ်သော ခါကာဘိုရာဇီတောင်ထွတ်ကို တက်ရောက်ခဲ့ပြီးနောက် ပျောက်ဆုံးလျက်ရှိသည့် မြန်မာလူငယ်တောင်တက်သမားနှစ်ဦးကို ရှာဖွေရာတွင် ပူးပေါင်းပါဝင်မည့် ကောင်းကင်ပြာကယ်ဆယ်ရေးအသင်း (Blue Sky Rescue Team)သည် ယနေ့ (စက်တင်ဘာ ၁၃ ရက်) နံနက် ၁၀ နာရီ မိနစ် ၄၀ ခန့်တွင် တရုတ်လေကြောင်း ခရီးစဉ်အမှတ် CA-905 ဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဆိုက်ရောက်လာမည်ဖြစ်ကြောင်း သိရသည်။

တောင်တက်သမားများကို ရှာဖွေရန် အချိန်မှာ အကန့်အသတ်ရှိနေပြီး ယခုအခါ အရေးတကြီးအချိန်သို့ ရောက်နေပြီဖြစ်ကြောင်း၊ အဆိုပါ ကယ်ဆယ်ရေးအသင်းသည် ရန်ကုန်လေဆိပ်တွင် ခေတ္တမျှသာရပ်နားကာ ရှာဖွေရေးလုပ်ငန်းများ ဆောင်ရွက်ကြမည့် မြန်မာကယ်ဆယ်ရေးအသင်းများကို အားဖြည့်ပူးပေါင်းဆောင်ရွက်ရန်အတွက် ပူတာအိုသို့ ဆက်လက်ထွက်ခွာမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး၊ ပြန်ကြားရေးနှင့် ပြည်သူ့ရေးရာဌာနအကြီးအကဲက ပြောကြားသည်။

Blue Sky Rescue (BSR)အသင်းသည် အများအကျိုးထမ်းဆောင်ရန် ဝါသနာကြီးသူများက စိတ်အားထက်သန်စွာ စုပေါင်းဖွဲ့စည်းထားသည့် အစိုးရနှင့် မသက်ဆိုင်သော အဖွဲ့အစည်းတစ်ခုဖြစ်ပြီး ၂၀၀၇ ခုနှစ်အတွင်းက ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ BSR သည် လုပ်ငန်းဆောင်တာ ကျယ်ပြန့်ကြီးမားသော ကယ်ဆယ်ရေးအသင်းအဖွဲ့အစည်းတစ်ခုအဖြစ်ဖြင့် တောင်တက်ကယ်ဆယ်ရေး၊ ရေပြင်ကယ်ဆယ်ရေး၊ သဘာဝဘေးအန္တရာယ်နှင့် အခြားဘေးဒုက္ခကပ်များမှ ကယ်ဆယ်ရေးများကို ဆောင်ရွက်လျက်ရှိရာ နှစ်စဉ် ကယ်ဆယ်ရေးလုပ်ငန်းပေါင်း ၆၀၀ ကျော်ကို ပါဝင်ကယ်ဆယ်ဆောင်ရွက်ပေးခဲ့ရသည်။

၂၀၁၃ ခုနှစ် နိုဝင်ဘာ ၉ ရက်က လူ ၈၀၀၀ ကျော်သေဆုံးပြီး လေးသန်းကျော်အိုးအိမ်မဲ့ဖြစ်ခဲ့ရသော ဖိလစ်ပိုင်ကျွန်းများပေါ် တိုင်ဖွန်းမုန်တိုင်းတိုက်ခတ်ခဲ့မှုတွင် BSR လက်ရွေးစင် ရှစ်ဦးပါ ကယ်ဆယ်ရေးနှင့် ရှာဖွေရေးအသင်းတစ်သင်းကို စေလွှတ်ခဲ့ရာ ၁၅ ရက်ကြာ တာဝန်ထမ်းဆောင်ခဲ့ပြီး ရုပ်ကြွင်းပေါင်း ၅၃ ခုကို ရှာဖွေရှင်းလင်းပေးနိုင်ခဲ့ခြင်းကြောင့် ကုလသမဂ္ဂ၊ ဖိလစ်ပိုင်အစိုးရနှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအသင်းတို့က အထူးတလည်ချီးကျူးဂုဏ်ပြုခဲ့ကြောင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး ပြောရေးဆိုခွင့်ရှိသူထံမှ သိရသည်။

**(မြန်မာ့အလင်း)**


ဓာတ်ပုံ-စိုးညွန့်

## ရောဝတီအသင်းနိုင်ပွဲပြန်ယူ

**ရန်ကုန် စက်တင်ဘာ ၁၂**

MNL Myanmar 2014 အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ် (၂၀) ပထမနေ့အဖြစ် ရောဝတီနှင့် ဇွဲကပင်တို့ ယနေ့ညနေပိုင်းက အောင်ဆန်းကွင်း၌ ကစားရာ **(ဝဲပုံ)** ရောဝတီက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသည်။ ယနေ့ပွဲအဖြစ် သုဝဏ္ဏကွင်း၌ မနောမြေနှင့်ချင်း၊ အောင်ဆန်းကွင်း၌ ကမ္ဘောဇနှင့် ဇေယျာရွှေမြေတို့ ကစားမည်ဖြစ်သည်။ **ညီမြတ်သော်တာ**




# စောင့်ကြည့်ရမယ့် ဂျူဗင်တပ်စ်နဲ့ရိုးမား

မိုးမြင့်လင်းလက်

စီးရီးအေပွဲစဉ်(၂)ကို စက်တင်ဘာ ၁၃ ရက် ညပိုင်းနဲ့ ၁၄ ရက် နံနက်မှာ ဆက်လက်ယှဉ်ပြိုင်ကစားပါလိမ့်မယ်။ စီးရီးအေနာမည်ကြီးအသင်းတွေဖြစ်တဲ့ ဂျူဗင်တပ်စ်၊ ရိုးမားတို့ရဲ့ပွဲစဉ်တွေကြောင့် ရင်ခုန်စရာတော့ကောင်းနေပါတယ်။ ရာသီအစ ပွဲစဉ်တွေမို့ နိုင်ပွဲကိုယ်စီရဖို့ ကစားသမားကောင်းတွေကို ပွဲထုတ်လာပါလိမ့်မယ်။ ပြိုင်ဘက်တွေကို ခြိမ်းခြောက်ထားနိုင်ဖို့အတွက် ဂျူဗင်တပ်စ်တို့ရဲ့ စွမ်းဆောင်မှုဟာ သာမန်တော့မဟုတ်မှာ သေချာပါတယ်။

## ဂျူဗင်တပ်စ်နှင့် အူဒီးနိစ်

ဒဏ်ရာရရှိနေတဲ့ နောက်ခံလူ ဘာဇာဂလီနဲ့ ရီးရဲမက်ဒရစ်က ပေါင် ၁၇ ဒသမ ၆ သန်းနဲ့ ပြောင်းရွှေ့လာတဲ့ မာရော့တာတို့ပါဝင်လာဖွယ်ရှိတာမို့ ဂျူဗင်တပ်စ်တို့ စွမ်းအားကောင်းနေမှာဖြစ်ပါတယ်။ မန်ယူကပြောင်းရွှေ့လာတဲ့ အီဗရာလည်းဒီပွဲမှာ ပါဝင်လာနိုင်တဲ့အပြင် လူငယ်ကစားသမား ပေါ့ဘာကို ထည့်သွင်းကစားခဲ့ရင်တော့ အူဒီးနိစ်တို့ ဂိုးရဖို့ထက် ဂိုးများများမပေးရေးဘဲ အာရုံစိုက်ပါလိမ့်မယ်။ ဂျူဗင်တပ်စ်ဟာ အိမ်ကွင်းမှာ အူဒီးနိစ်ကို လေးဂိုးပြတ်အထိသွင်းပြီး နိုင်ပွဲယူခဲ့တဲ့ အစဉ်အလာရှိတာမို့ ခံစစ်ကိုလုံခြုံအောင် မပြင်ဆင်ရင်တော့ ဂျူဗင်တပ်စ်တိုက်စစ်မှူးတွေရဲ့ အုပ်စုဖွဲ့ထိုးဖောက်မှုကို ခံစားရပါလိမ့်မယ်။ ဂျူဗင်တပ်စ်ဟာ အူဒီးနိစ်နဲ့ စုစုပေါင်း ပွဲ ၈၀ တွေ့ဆုံခဲ့ရာ ဂျူဗင်တပ်စ်တို့က ၅၄ ပွဲနိုင်ပြီး ၁၅ ပွဲ သရေဖြစ်ကာ အူဒီးနိစ်က ၁၁ ပွဲ နိုင်ထားပါတယ်။ အစဉ်အလာအရ ဂျူဗင်တပ်စ်တို့အသာစီးရမှာဖြစ်ပြီး ရာသီစပွဲစဉ် (၁) မှာနိုင်ပွဲရခဲ့သလို အခုပွဲစဉ် (၂) မှာလည်း သုံးမှတ်အပြည့်ရယူပြီး ခရီးဆက်ပါလိမ့်မယ်။

## အမ်ပိုလီနှင့် ရိုးမား

ရာသီအစအဖွင့်ပွဲစဉ်မှာ ဖီအိုရင်တီးနားကို နှစ်ဂိုးပြတ်သွင်းပြီး အနိုင်ယူခဲ့တဲ့ ရိုးမားဟာအခုပွဲကိုအမ်ပိုလီကွင်းမှာက ကစားရပေမယ့် အနိုင်ရလဒ်ကို ဆက်လက်ပုံဖော်ပါလိမ့်မယ်။ ပြီးခဲ့တဲ့ အပြောင်းအရွှေ့ကာလမှာ ဟယ်လက်စ်အသင်းမှ အိုင်တာဘီနဲ့ အိုလံပီယာကို့စ်မှ ကွန်စတန်တီနို့စ်တို့ကို ခေါ်ယူအားဖြည့်ထားတဲ့ ရိုးမားဟာ ဒီနှစ်စီးရီးအေမှာတော့ ခြေစွာတဲ့အသင်းဖြစ်နေပါတယ်။ ဒါပေမယ့် ရိုးမားနဲ့ အမ်ပိုလီတို့ရဲ့ နောက်ဆုံးကစားခဲ့တဲ့သုံးပွဲရလဒ်ကိုကြည့်ရင် တစ်ပွဲစီနိုင်ပြီး သရေတစ်ပွဲဖြစ်ထားတာမို့ အခုပွဲမှာရလဒ်ပြတ်သားအောင် ကြိုးစားပါလိမ့်မယ်။ အမ်ပိုလီရဲ့လက်ရှိ ခြေစွမ်းကတော့ အားရစရာမကောင်းတာမို့ ရိုးမားတို့ရဲ့ဖိအားပေးမှုကို ခံစားရမှာဖြစ်ပါတယ်။ အမ်ပိုလီရဲ့နောက်ဆုံးသုံးပွဲ ကစားခဲ့တဲ့ရလဒ်ကိုကြည့်ရင် နိုင်ပွဲတစ်ပွဲမှမရခဲ့တဲ့အပြင် လန်ပိုအသင်းနဲ့ကစားတဲ့ပွဲမှာ ၁၀ ဂိုးပြတ်နဲ့ ရှုံးနိမ့်ခဲ့တာမို့ အခုပွဲရိုးမားတို့ကို ဂိုးအလျှုပေးသလို မဖြစ်အောင် ခုခံရမှာဖြစ်ပါတယ်။



## ဝဲလ်ဘက်အား ဂိုးမသွင်းနိုင်၍ ရောင်းခဲ့သည်ဆို

တိုက်စစ်မှူး ဒန်နီဝဲလ်ဘက်အား အာဆင်နယ်သို့ ရောင်းချရခြင်းမှာ လုံလောက်သော ဂိုးမသွင်းနိုင်ခဲ့၍ဖြစ်ကြောင်း မန်ယူနည်းပြ လူးဝစ်ဗန်ဟားလ်က ပြောသည်။ ၎င်းအနေဖြင့် အင်္ဂလန်ကစားသမား အများစုကို အခွင့်အရေးပေးသွားမည်ဖြစ်ကြောင်း အသက် ၆၃ နှစ်ရှိ ဗန်ဟားလ်က ပြောသည်။ မန်ယူက ဖယ်ကာအိုနှင့် ဒီဘလိုင်းတို့အား နောက်ဆုံးစာချုပ်စဉ် အသက် ၂၃ နှစ်ရှိ ဝဲလ်ဘက်အား အာဆင်နယ်သို့ ပေါင် ၁၆ သန်းဖြင့် ရောင်းချခဲ့ရခြင်းနှင့်ပတ်သက်၍ ရှင်းပြသည်။

"သူက မန်ယူမှာကစားတာ သုံးနှစ်တောင်ရှိပါပြီ။ ဒါပေမယ့် ဗန်ပါစီနဲ့ ရွန်းနေတို့လို ဂိုးစံချိန်တင်အောင် သွင်းပေးတာမတွေ့ရဘူး"ဟု ဗန်ဟားလ်က ပြောသည်။

## ချယ်လ်ဆီးဂိုးသမား ငါးနှစ်ထပ်မံစာချုပ်

ချယ်လ်ဆီးဂိုးသမား ကော့တွိုက်စ်အား နည်းပြမော်ရင်ဟိုက ပထမဦးစားပေးဂိုးသမားအဖြစ် ရွေးချယ်ခဲ့ပြီးနောက် ၎င်းကလပ်က ငါးနှစ်ထပ်မံစာချုပ်ခဲ့သည်။ အသက် ၂၂ နှစ်ရှိ ကော့တွိုက်စ်သည် အက်သလက်တီကိုသို့ သုံးနှစ်ကြာ အငှားသွားရောက်ကစားခဲ့ပြီးနောက် နွေရာသီက ချယ်လ်ဆီးသို့ ပြန်လာခဲ့သည်။ ကော့တွိုက်စ်သည် ဘရာဇီးနိုင်ငံ၌ကျင်းပသော ကမ္ဘာ့ဖလားတွင် ဘယ်လ်ဂျီယံအသင်းနှင့်အတူ ပါဝင်ကစားခဲ့သည်။

၎င်းသည် ၂၀၁၁ ခုနှစ်က ချယ်လ်ဆီးသို့ ပြောင်းရွှေ့လာခြင်းဖြစ်သည်။ ၎င်းသည် အက်သလက်တီကိုအသင်းသို့ အငှားသွားရောက်ကစားစဉ် ကိုပါဒယ်ရေး၊ လာလီဂါဖလားနှင့် ယူရိုပါလိဂ်ဖလားတို့ကို ဆွတ်ခူးပေးနိုင်သည့်အပြင် ချန်ပီယံလိဂ်ဗိုလ်လုပွဲအထိ ပို့ပေးနိုင်ခဲ့သည်။

## စတာရစ် ဒဏ်ရာရ၍ သုံးပတ်နားရမည်

တိုက်စစ်မှူး စတာရစ်ဒဏ်ရာရပြီး သုံးပတ်ကြာ အနားယူခဲ့ရမှုအပေါ် လီဗာပူးနည်းပြ ရော်ဂျာက အင်္ဂလန်အသင်းအပေါ် ဒေါသထွက်လျက်ရှိသည်။ အသက် ၂၅ နှစ်ရှိ စတာရစ်သည် လွန်ခဲ့သော သီတင်းပတ်က အင်္ဂလန်အသင်းနှင့်အတူ လေ့ကျင့်မှုပြုလုပ်စဉ် ပေါင်ထိခိုက်ဒဏ်ရာရရှိသွားခဲ့သည်။ ၎င်းသည် ဒဏ်ရာကြောင့် အင်္ဂလန်နှင့် ဆွစ်ဇာလန်တို့ ယူရို ၂၀၁၆ ကစားရာတွင် လွဲချော်သွားခဲ့သည်။

"သူဒဏ်ရာရသွားတဲ့အတွက် အလွန်စိတ်ပျက်မိပါတယ်။ နိုင်ငံတကာပွဲတွေကြောင့် ကလပ်တွေမှာ ထိခိုက်နစ်နာမှုတွေ ဖြစ်နေပါတယ်"ဟု နည်းပြရော်ဂျာက ပြောသည်။

**ကောင်းမြတ်သူ-စုစည်းသည်**

## နိုင်ငံတကာအားကစားနှင့်ကြော်ငြာ

### ဥရောပပြည်တွင်းလိဂ် ပွဲစဉ်များ (သီဟ)

**အင်္ဂလန်ပရီမီယာလိဂ် ပွဲစဉ်(၄) — စက်တင်ဘာ ၁၃**

| | | | |
|---|---|---|---|
| အာဆင်နယ် | - | မန်စီးတီး | ညနေ ၆း၁၅ |
| ချယ်လ်ဆီး | - | ဆွမ်ဆီး | ည ၈း၃၀ |
| ပဲလေ့စ် | - | ဘန်လေ | ည ၈း၃၀ |
| ဆောက်သမ်တန် | - | နယူးကာဆယ် | ည ၈း၃၀ |
| စတုတ်စီးတီး | - | လက်စတာ | ည ၈း၃၀ |
| ဆန်းဒါးလန်း | - | စပါး | ည ၈း၃၀ |
| ဝက်စ်ဘရွန်း | - | အဲဗာတန် | ည ၈း၃၀ |
| လီဗာပူး | - | အက်စ်တွန်ဗီလာ | ည ၁၁း၀၀ |

**ပြင်သစ်လီဂူး ပွဲစဉ်(၅) — စက်တင်ဘာ ၁၃/၁၄**

| | | | |
|---|---|---|---|
| ရန်းနက်စ် | - | ပီအက်စ်ဂျီ | ည ၉း၃၀ |
| ဘတ်စ်တီယာ | - | လန်းစ် | နံနက် ၀၀း၃၀ |
| မောင့်ပယ်လီယာ | - | လော်ရီယန့် | နံနက် ၀၀း၃၀ |
| နိုက်စ် | - | မတ်ဇ် | နံနက် ၀၀း၃၀ |
| ရိမ်းစ် | - | တူးလော့စ် | နံနက် ၀၀း၃၀ |
| စိန့်အက်တီယန် | - | ကိန်း | နံနက် ၀၀း၃၀ |

**ဂျာမန်ဘွန်ဒက်စ်လီဂါ ပွဲစဉ်(၃) — စက်တင်ဘာ ၁၃**

| | | | |
|---|---|---|---|
| ဘိုင်ယန်မြူးနစ် | - | စတုဂတ် | ည ၈း၀၀ |
| ဒေါ့မွန် | - | ဖရိုင်းဘတ် | ည ၈း၀၀ |
| ဟော်ဖန်ဟိမ်း | - | ဝုဖ်ဘတ် | ည ၈း၀၀ |
| ဟာသာဘာလင် | - | မိန့်ဇ် | ည ၈း၀၀ |
| ပါဒါဘွန်း | - | ကိုလုံး | ည ၈း၀၀ |
| မိုချန်ဂလက်ဘတ် | - | ရှော်လ်ကေး | ည ၁၁း၀၀ |

**အီတလီစီးရီးအေ ပွဲစဉ်(၂) — စက်တင်ဘာ ၁၃/၁၄**

| | | | |
|---|---|---|---|
| အမ်ပိုလီ | - | ရိုးမား | ည ၁၀း၃၀ |
| ဂျူဗင်တပ်စ် | - | အူဒီးနိစ် | နံနက် ၁း၁၅ |

**စပိန်လာလီဂါ ပွဲစဉ်(၃) — စက်တင်ဘာ ၁၃/၁၄**

| | | | |
|---|---|---|---|
| ဘာစီလိုနာ | - | ဘီလ်ဘာအို | ည ၈း၃၀ |
| မာလာဂါ | - | လီဗန်တေး | ည ၁၀း၃၀ |
| ရီးရဲမက်ဒရစ် | - | အက်သလက်တီကို | နံနက် ၀၀း၃၀ |
| ဆယ်လ်တာဗီဂို | - | ဆိုစီဒက် | နံနက် ၂း၃၀ |







### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4F/6209 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

ကညန၊ (အရှေ့ပိုင်းခရိုင်)
တောင်ဒဂုံ

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၇ဃ/၃၁၀၃ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)
သန်လျင်မြို့

### ရှမ်းပြည်နယ်အစိုးရအဖွဲ့ (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရှမ်းပြည်နယ်၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံး အဆောက်အအုံ(၁၀၀ပေ×၇၀ပေ×၂၀ပေ) နှစ်ထပ်(ရေ၊ မီး၊ မိလ္လာမပါ) ဆောက်လုပ်ရန်အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) **တင်ဒါတင်သွင်းရမည့်ရက်** - ၁၃-၉-၂၀၁၄ရက်မှ ၂၂-၉-၂၀၁၄ရက် ၁၂း၀၀ နာရီအတွင်း
(ခ) **တင်ဒါရွေးချယ်မည့်ရက်** - ၂၂-၉-၂၀၁၄ရက် ၁၄း၀၀နာရီ
(ဂ) **တင်ဒါစိစစ်မည့်နေရာ** - ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး၊ တောင်ကြီးမြို့၊

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံး၊ ဖုန်း-၀၈၁-၂၀၆၈၀၄ တွင် ၁၃-၉-၂၀၁၄ ရက်မှစ၍ ရုံးချိန်အတွင်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**

### ဖိုက်မရစ် ဖိုက်မနာ ဝမ်းသွား အားရချင်သလား စုစုအေးအောင် ဝမ်းမှန် အကြောပြေဆေးကိုစား။

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ပမ/၃၄၀၇ Canda Dream 125 ယာဉ်လက်ဝယ်ရှိသူ ဦးသန်းထွေး ၇/မလန(နိုင်)၀၄၉၅၀၁က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(သာယာဝတီ)

ကြော်ငြာ


We Bring Better Living
HASTY POWER
CONSTRUCTION CO., LTD.
TMT
TAUNGGYI MYOMA TOWER
PROVIDED FACILITIES
( 2 ) HIGH SPEED ELEVATORS
(15 - PERSONS)
OWN TRANSFORMER
OWN METER
INTERNET ACCESS
STAND-BY GENERATOR
HOUSEHOLD WASTE DISPOSAL SYSTEM
24 HOURS WATER SUPPLY SYSTEM
( HOT & COLD)
OVERHEAD DISTRIBUTION TANK
(10000 - GAL)
UNDERGROUND WATER TANK
(30000 - GAL)
STANDARD BATH ROOM ACCESSORIES
FIRE ALARM SYSTEM
FIRE FIGHTING SYSTEM
SECURITY GUARD
(24 HOURS)
CCTV CAMERA SYSTEM
SATELLITE SYSTEM, TV LINE
PABX PHONE EXCHANGE SYSTEM
PARQUET & TILE FLOOR
(FOR ALL ROOMS & CORRIDOR)
COFFEE SHOP
BASEMENT CAR PARKING
SHOPPING CENTER
FITNESS CENTER
RESIDENCE TYPE-1
(1861) SQUARE FEET
( 4 ) BED ROOMS
RESIDENCE TYPE-2
(1402) SQUARE FEET
( 3 ) BED ROOMS
RESIDENCE TYPE-3
(1390) SQUARE FEET
( 3 ) BED ROOMS
RESIDENCE TYPE-4
(1361) SQUARE FEET
( 3 ) BED ROOMS
RESIDENCE TYPE-5
(1300) SQUARE FEET
( 3 ) BED ROOMS
RESIDENCE TYPE-6
(1226) SQUARE FEET
( 3 ) BED ROOMS
ပထမအရစ် ၂၀% ပေးသွင်းပြီးတစ်လလျှင်ငွေကျပ်သိန်းလေးဆယ်အား
(၂၄) လပေးသွင်း၍ဖြင့်အဆင့်မြင့်ကွန်ဒိုတိုက်ခန်းပိုင်ဆိုင်နိုင်မည့်အခွင့်အရေး ...
ကွန်ဒိုအရောင်းပြခန်းဖွင့်လှစ်ပြီဖြစ်ပါ၍လာရောက်လေ့လာကြည့်ရှု ဝယ်ယူအားပေးနိုင်ပြီဖြစ်ပါသည်။
ဖွင့်ပွဲကာလ Promotion အဖြစ်အထူးဈေးနှုန်းဖြင့်ရောင်းချခြင်းမှာ ၁၉. ၉. ၂၀၁၄ အထိသာဖြစ်ပါသည်။
ဝယ်ယူအားပေးလျက်ရှိသောကွန်ဒိုတိုက်ခန်းပိုင်ရှင်များအတွက် အထူးကျေးဇူးတင်ဂုဏ်ယူဝမ်းမြောက်မိပါသည်။
TAUNGGYI OFFICE & SHOW ROOM
NO.209, CORNER OF WEST CIRCULAR ROAD & TAUNG KYAUNG STREET, MYOMA QUARTER, TAUNGGYI
TEL: 081-200767, 09-47221881, HP: 09-5109004, 09-5015727, EMAIL: sales-marketing@hastypower-mm.com
YANGON OFFICE
NO.17, KYAIK WINE PAGODA ROAD, MYAING HAY WUN HOUSING, 8TH MILE, MAYANGONE TOWNSHIP, YANGON.
TEL: 01-655654,665295, HP: 09-5195867, WEBSITE : www.hastypower.com

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

# နွေစပါးစိုက်ပျိုးရန် အလှည့်ကျစနစ်ဖြင့် ရေပေးဝေလျက်ရှိ

**လယ်ယာ၊ သားငါး၊ သစ်တော ဆပ်ကော်မတီ(ဆည်မြောင်းဦးစီးဌာန)နှင့်ပတ်သက်၍ မေးမြန်းမှုများအပေါ် ဆောင်ရွက်မှုအခြေအနေများ**

ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ဆပ်ကော်မတီ၏ ၃၁-၁-၂၀၁၄ ရက်နေ့မှ ၂-၂-၂၀၁၄ ရက်နေ့အထိ စစ်ကိုင်းတိုင်းဒေသကြီးခရီးစဉ်တွင် ပြည်သူလူထုကိုယ်စားလှယ်များ၏တင်ပြမှုဖြစ်သော ဝက်လက်မြို့နယ် သရက်ကြီးကျေးရွာတွင် **"ဧက ၆၀၀ ရေနစ်မြုပ်ပါသဖြင့်ကျေးရွာအနီးရှိ ဆည်မြောင်း၊ ရေဆိုးထုတ်မြောင်းပေ ၃၀၀၀ အား ရေနုတ်မြောင်းအဖြစ် တူးဖော်ပေးပါရန်"** ကိစ္စနှင့်စပ်လျဉ်း၍ အဆိုပါရေနုတ်မြောင်းသည် တကောင်းဒေါင့်ရွာ လျှိုချောင်းရေနုတ်မြောင်းဖြစ်ပြီး ဆောင်ရွက်ရမည့် အလျားမှာ ပေ ၃၀၀၀၊ မြေကြီးကျင်းမှာ ကျင်း ၂၅၀ နှင့် ခန့်မှန်းခြေစာရင်းတန်ဖိုး ငွေကျပ် ၁၀၅ သိန်းဖြစ်၍ ဆည်မြောင်းဦးစီးဌာနအနေဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုရန်ပုံငွေမှ တင်ပြတောင်းခံပေးသွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိပါက ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

၄-၄-၂၀၁၄ ရက်နေ့ နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်အတွင်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ကွင်းဆင်းစဉ် ကျေးရွာသူ ကျေးရွာသားများ၏ တင်ပြချက်ဖြစ်သော လယ်ဝေးမြို့နယ် ဝက်လက်(ရှမ်းကြီးစု) ကျေးရွာတွင် **"ကျေးရွာနွေစပါးစိုက်ပျိုးရေးအတွက် ကွင်းအမှတ်(၁၈၄၈)ကွင်းရေရရှိသော်လည်း၊ ကွင်းအမှတ် (၁၈၄၇)တွင် ရေမရရှိပါ၍ ချောင်းမငယ်ရေလှောင်တမံမှ ရေရရှိရေးဆောင်ရွက်ပေးပါရန်"** တင်ပြမှုအပေါ် ဆည်မြောင်းဦးစီးဌာနအနေဖြင့် ချောင်းမငယ်ရေလှောင်တမံမှ နွေစပါးစိုက်ပျိုးရန်အတွက် အလှည့်ကျစနစ်ဖြင့် ရေပေးဝေလျက်ရှိရာ ယခုအချိန်တွင် ကွင်းအမှတ်(၁၈၄၇)သို့ ရေရောက်ရှိပြီး နွေစပါးများ အောင်မြင်စွာစိုက်ပျိုးလျက်ရှိကြောင်း၊ ရွှေကျောင်းကုန်းကျေးရွာ **"ရွှေကျောင်းကုန်းကျေးရွာ-ဆည်ကြီးကျေးရွာ ချောင်းရေကြီးပါက ရေကာတာပြုလုပ်ပေးရန်"** တင်ပြမှုအပေါ် ရွှေကျောင်းကုန်းကျေးရွာ-ဆည်ကြီးကျေးရွာအနီးရှိ ပုလွေချောင်း ရေကြီးခြင်းကြောင့် ချောင်းကမ်းပါးပြိုကျခြင်းဖြစ်သည်။ ချောင်းမငယ်ရေသောက်စနစ်နှင့် သက်ဆိုင်ခြင်းမရှိဘဲ အဆိုပါ ချောင်းကမ်းပါးမှာ အလျားပေ ၄၀၀၀ နှင့် အမြင့် ပေ ၂၀ခန့် ပြိုကျပျက်စီးလျက်ရှိပြီး ရေကြီးမှုကာကွယ်ရန်အတွက် ရေလွှဲကဒစ်တန်းရိုက်ခြင်းလုပ်ငန်းသုံးနေရာခန့် ဆောင်ရွက်ပေးပါက ကျပ်သိန်း ၈၀၀ ခန့်ကုန်ကျမည်ဖြစ်သည်။ သီးခြားရန်ပုံငွေတောင်းခံရရှိပါက ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ ပေတုံးမြောင်ကျေးရွာ **"ပေတုံးမြောင် ကျေးရွာဆည်ရေမြောင်းဖောက်ရာတွင် ရေပွန်လေးနေရာဖောက်လုပ်ပေးရန်"** ကိစ္စနှင့်စပ်လျဉ်း၍ ချောင်းမငယ်ဆည်ရေသောက်စနစ်နှင့် သက်ဆိုင်သည့်အတွက် ပွန်လေးနေရာအားဖောက်လုပ်ပေးသွားမည်ဖြစ်သည်။ အဆိုပါလုပ်ငန်းအတွက် ငွေကျပ် ၁၂ သိန်းခန့် ကုန်ကျမည်ဖြစ်ပြီး အထူးပြင်ဆင်ထိန်းသိမ်းခြင်း ငွေစာရင်းခေါင်းစဉ်အောက်မှ ကျခံဆောင်ရွက်သွားမည်ဖြစ်သည်။ လုပ်ငန်းများအား ၁၀-၆-၂၀၁၄ ရက်မှစတင်၍ ဆောင်ရွက်နေပြီဖြစ်သည်။ ရွှေကျောင်းကုန်းကျေးရွာ **"ရွှေကျောင်းကုန်းကျေးရွာဆည်ပေါင်လမ်းအား ရာသီမရွေးသွားလာနိုင်ရေးဖောက်လုပ်ပေးပါရန်"** ကိစ္စအပေါ် ချောင်းမငယ်ရေသောက်စနစ်နှင့် သက်ဆိုင်သည့်အတွက် လက်ရှိမြေသားလမ်း ပျက်စီးနေမှုအား ပြင်ဆင်ရန် ဆောင်ရွက်ပေးရမည့်လုပ်ငန်းပမာဏမှာ အကျယ် ၁၂ပေ၊ အမြင့် သုံးပေနှင့် အလျားပေ ၂၅၀၀ ရှိပြီး စုစုပေါင်း မြေကြီးကျင်း ၇၀၀ ခန့် ဆောင်ရွက်ပေးရမည်ဖြစ်သည်။ အဆိုပါလုပ်ငန်းအတွက် ခန့်မှန်းကုန်ကျငွေကျပ် ၂၆ သိန်းဖြစ်ပြီး အထူးပြင်ဆင်ထိန်းသိမ်းခြင်း ငွေစာရင်းခေါင်းစဉ်အောက်မှကျခံ၍ လုပ်ငန်းများအား ၁၁-၆-၂၀၁၄ ရက်က စတင်ဆောင်ရွက်နေပြီဖြစ်သည်။ ကြို့တန်းကျေးရွာ **"ကျေးရွာစိုက်ပျိုးရေအတွက် ငလိုက်ဆည်မှ ရေရရှိရေးဆောင်ရွက်ပေးပါရန်"** တင်ပြမှုနှင့် စပ်လျဉ်း၍ ကြို့တန်းကျေးရွာရှိ လယ်မြေများသည် ငလိုက်လက်တံ(၄)၊ လက်တံခွဲမြောင်း(၄) ရေသောက်ဧရိယာအတွင်းတည်ရှိပြီး နှစ်စဉ်မိုးစပါးစိုက်ပျိုးရေပေးဝေလျက်ရှိသည်။ မိုးစပါးစိုက်ပျိုးရေပိုမိုလုံလောက်စွာပေးဝေနိုင်ရန်အတွက် ပြုပြင်ရမည့်လုပ်ငန်းများအနက်မှ လက်တံ(၄)မြောင်းခွဲ(၄) ပေတိုင် ၃၀၀၀ရှိ ရေပေးပွန်(၁)အတွက် မြေသားမြောင်း ကျိုးပဲ့ခြင်းကို ပြန်လည်ပြုပြင်ခြင်းလုပ်ငန်း ၁၀၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးခဲ့ပြီဖြစ်သည်။ ပေတိုင် ၄၀၀၀ရှိ ရေပေးပွန်(၂)ပျက်စီးခြင်းကို ပြန်လည်ပြုပြင်ခြင်းလုပ်ငန်း ၉၀ ရာခိုင်နှုန်း ပြီးစီးခဲ့ပြီဖြစ်သည်။ ပေတိုင် ၅၂၀၀ရှိ၂'Ø ရေဆိုး ထုတ်ပွန်ဆောက်လုပ်ခြင်းလုပ်ငန်းအား ၉၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း လယ်ယာ၊ သားငါး၊ သစ်တော ဆပ်ကော်မတီ(ဆည်မြောင်းဦးစီးဌာန)မှ သိရှိရသည်။

# ဆောက်လုပ်ဆဲစာသင်ဆောင်များကို ပြုပြင်ထိန်းသိမ်းစရိတ် ရန်ပုံငွေမှ ဆောင်ရွက်မည်

**ပညာရေးဝန်ကြီးဌာနနှင့် ပတ်သက်၍ မေးမြန်းမှုအပေါ် ဆောင်ရွက်မှုအခြေအနေများ**

၂၄-၅-၂၀၁၄ ရက်နေ့ နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်အတွင်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ကွင်းဆင်းစဉ် ကျေးရွာများမှ တင်ပြလာသည့် ပညာရေးဆိုင်ရာလိုအပ်ချက်များဖြစ်သော လယ်ဝေးမြို့နယ် မင်းပြင်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း မင်းပြင်အား အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အဆင့်တိုးမြှင့်ခွင့်ရရှိရေးဆောင်ရွက်ပေးပါရန် တင်ပြလာမှုအပေါ် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် အခြေခံပညာအထက်တန်းကျောင်း(ခွဲ) အဖြစ် ဖွင့်လှစ်ခွင့်ပြုပြီးဖြစ်သည်။ **"မင်းပြင်ကျေးရွာ အလကမင်းပြင်ရှိ ဆောက်လုပ်ဆဲ(၂)ထပ်စာသင်ဆောင် အပြီးသတ်ဆောက်လုပ်နိုင်ရေး ရန်ပုံငွေကူညီပေးပါရန်"** ကိစ္စနှင့်စပ်လျဉ်း၍ မင်းပြင် အခြေခံပညာအလယ်တန်းကျောင်းရှိ ဆောက်လုပ်ဆဲနှစ်ထပ်စာသင်ဆောင် အပြီးသတ်ဆောက်လုပ်နိုင်ရန်အတွက် လိုအပ်သောရန်ပုံငွေကို ၂၀၁၄-၂၀၁၅ဘဏ္ဍာရေးနှစ် (၀၄၀၂)ပြင်ဆင်ထိန်းသိမ်းစရိတ်ရန်ပုံငွေခေါင်းစဉ်အောက်မှ ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ အလကမင်းပြင်ရှိ ပျက်စီးနေသော တစ်ထပ်စာသင်ဆောင် ပြုပြင်ရေးကူညီပေးရန် တင်ပြလာမှုအပေါ် မင်းပြင်အခြေခံပညာအလယ်တန်းကျောင်းရှိ ပျက်စီးနေသော တစ်ထပ်စာသင်ဆောင်ပြုပြင်ရန်အတွက် လိုအပ်သော ရန်ပုံငွေကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် (၀၄၀၂)ပြင်ဆင်ထိန်းသိမ်းစရိတ်ရန်ပုံငွေခေါင်းစဉ်အောက်မှ ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ အောင်မြေယာ အမကအား မူလွန်ကျောင်းအဆင့်တိုးမြှင့်ပေးပါရန်နှင့် ကိုယ့်အားကိုယ်ကိုး နှစ် ထပ်ကျောင်းဆောင်အပြီးသတ်ဆောက်လုပ်နိုင်ရေး ကူညီပေးပါရန်ကိစ္စနှင့် စပ်လျဉ်း၍အောင်မြေယာအမကတွင် မူဆင့်သင်ကျောင်းသားပေါင်း ၂၀၄ ဦးရှိခြင်း၊ ပင်မကျောင်းနှင့် သုံးမိုင်ခန့်ကွာဝေးပြီး ကျောင်းသက်တမ်းမှာ တစ်နှစ်ရှိသည်။ ကျောင်းပိုင်မြေဧရိယာ နှစ်ဧကရှိပြီး အခြေခံပညာမူလတန်းလွန်ကျောင်းအဖြစ် အဆင့်တိုးမြှင့်ရန် သက်ဆိုင်ရာမြို့နယ်မှ နေပြည်တော်ပညာရေးညွှန်ကြားရေးမှူးရုံးသို့ တရားဝင်လုပ်ထုံးလုပ်နည်းနှင့်အညီ အဆင့်ဆင့် တင်ပြစိစစ်ဆောင်ရွက်လျက်ရှိသည်။ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် ကျောင်းအဆင့်တိုး တင်ပြတန်းစီဇယားတွင် ထည့်သွင်းရေးဆွဲဆောင်ရွက်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ အောင်မြေယာအခြေခံပညာမူလတန်းကျောင်းရှိ ကိုယ့်အားကိုယ်ကိုး ဆောက်လုပ်ဆဲ နှစ်ထပ်ကျောင်းဆောင်အပြီးသတ်ဆောက်လုပ်ရန်အတွက် လိုအပ်သော ရန်ပုံငွေကို၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်(၀၄၀၂)ပြင်ဆင်ထိန်းသိမ်းစရိတ်ရန်ပုံငွေခေါင်းစဉ်အောက်မှ ဆောင်ရွက်ပေးသွားပါမည်။ မြင်းဇောင်း အမက ကိုယ့်အားကိုယ်ကိုး တစ်ထပ်စာသင်ဆောင်အပြီးသတ်ဆောက်လုပ်နိုင်ရေးကူညီပေးပါရန် တင်ပြလာမှုအတွက် မြင်းဇောင်းအခြေခံပညာမူလတန်း ကျောင်းရှိ ကိုယ့်အားကိုယ်ကိုးဆောက်လုပ်ဆဲ တစ်ထပ်စာသင်ဆောင် အပြီး သတ်ဆောက်လုပ်ရန်လိုအပ်သော ရန်ပုံငွေကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် (၀၄၀၂)ပြင်ဆင်ထိန်းသိမ်းစရိတ် ရန်ပုံငွေခေါင်းစဉ်အောက်မှ ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ *(ဆက်လက်ဖော်ပြပါမည်)*



## ပေါင်မြို့နယ်၌ ကျောင်းပေါင်းစုံ အေရိုးဗစ်ပြိုင်ပွဲကျင်းပ

**ပေါင် စက်တင်ဘာ ၁၂**

မွန်ပြည်နယ် ပေါင်မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၏ ဦးဆောင်ကြီးကြပ်မှုဖြင့် ပျိုရွယ်သူဆယ်ကျော်သက်ကျောင်းသူလေးများ၏ ကိုယ်ကာယကျန်းမာကြံ့ခိုင်ရေးအတွက် ကျောင်းပေါင်းစုံအေရိုးဗစ်အကပြိုင်ပွဲကို စက်တင်ဘာ ၇ ရက်က အထက- ပေါင် ရွှေရတုခန်းမ၌ ကျင်းပသည်။

အဆိုပါ ကိုယ်ကာယအေရိုးဗစ်ပြိုင်ပွဲတွင် ပေါင်မြို့နယ်အတွင်းရှိ အထကကျောင်းများမှ ကျောင်းသူလေးများက အဖွဲ့လိုက်ယှဉ်ပြိုင်သရုပ်ပြကြပြီး ပြိုင်ပွဲတွင် ဆုရရှိသောအဖွဲ့များအား အထက-ပေါင်ကျောင်းအုပ်ဆရာမကြီးနှင့် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်စုစုစံတို့က ဆုများချီးမြှင့်ခဲ့ကြသည်။ **(အပေါ်ပုံ)**

**ချိုမြတ်မြတ်ထွေး(iprd)**

## မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေလွှဲပြောင်းပေး

**ခန္တီး စက်တင်ဘာ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ်အတွင်းရှိ ကျေးရွာ ၃၅ရွာအတွက် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တစ်ရွာလျှင် ငွေကျပ် သိန်း ၃၀၀ နှုန်းအား အရင်းမပျောက် လည်ပတ်ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို စက်တင်ဘာ ၁ ရက်က ခရိုင်ထွေ/အုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ စိုက်ပျိုးမွေးမြူရေးဝန်ကြီး ဦးစောမြင့်ဦးနှင့် မြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှထွန်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ချစ်လွင်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမြမောင်တို့က တစ်ရွာလျှင် ငွေကျပ်သိန်း ၃၀ လွှဲပြောင်းပေးအပ်ခဲ့ကြကြောင်း သိရသည်။

**ချန်လော**

## ကချင်ပြည်နယ်၌ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပ

**မြစ်ကြီးနား စက်တင်ဘာ ၁၂**

ကချင်ပြည်နယ်(၂၁)ကြိမ်မြောက်မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဖွင့်ပွဲကို စက်တင်ဘာ ၉ ရက် နံနက် ၈ နာရီက မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနာယက ပြည်နယ်ဝန်ကြီးချုပ် ဦးလဂွျန်ငန်ဆိုင်း၊ ဦးစီး ကော်မတီဥက္ကဋ္ဌပြည်နယ်အစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဒေါ်ဘောက်ဂျာနှင့် ပြိုင်ပွဲအကဲဖြတ်ခြင်းနှင့် ဆုရွေးချယ်ရေးဆပ်ကော်မတီဥက္ကဋ္ဌ မြစ်ကြီးနားတက္ကသိုလ်တာဝန်ခံပါမောက္ခချုပ် ဒေါက်တာအေးကိုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ကချင်နှင့် ရှမ်းတိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။ ပြိုင်ပွဲကို စက်တင်ဘာ ၉ ရက်မှ ၁၁ ရက်အထိ ကျင်းပခဲ့ကြောင်း သိရသည်။

**ဝင်းအောင်**

### အမည်မှန်

ဦးဇောတိက၏သမီး၊ ကျိုင်းတုံတက္ကသိုလ်၊ ပထဝီဝင်(အဝေးသင်) တတိယနှစ်မှ နန်းဟွမ်နွမ်း၏ အမည်မှန်မှာ နန်းဟောင်နွမ်း ၁၃/မဆန(နိုင်)၀၂၇၂၂၄ဖြစ်ပါကြောင်း။ **နန်းဟောင်နွမ်း**

### ဖခင်အမည်မှန်

ကန့်ဘလူမြို့နယ်၊ ဇီးကုန်းအထက၊ တက္ကသိုလ်ဝင်တန်း(ဂ)မှ မောင်ရဲထက်အောင်၏ ဖခင်အမည်မှန်မှာ ဦးဝင်းနိုင်ဦး ၅/ကဘလ(နိုင်)၁၁၇၅၉၀ဖြစ်ပါသည်။ **ဦးဝင်းနိုင်ဦး**

### ဖခင်အမည်မှန်

ကန့်ဘလူမြို့နယ်၊ ဇီးကုန်းအထက၊ တက္ကသိုလ်ဝင်တန်း(င)မှ မတင်တင်ဖြိုး၏ ဖခင်အမည်မှန်မှာ ဦးမောင်ထွန်း ၅/ကဘလ (နိုင်)၁၂၃၃၈ဖြစ်ပါသည်။ **ဦးမောင်ထွန်း**

### ဖခင်အမည်မှန်

ကန့်ဘလူမြို့နယ်၊ ဇီးကုန်းအထက၊ တက္ကသိုလ်ဝင်တန်း(ဈ)မှ မောင်အောင်ဆန်းဝင်း၏ ဖခင်အမည်မှန်မှာ ဦးမြတ်ကျော် ၅/ကဘလ(နိုင်)၀၇၄၃၉၉ဖြစ်ပါသည်။ **ဦးမြတ်ကျော်**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၃ယ/၅၇၆၈၇၊ Nulang 110 ယာဉ်လက်ဝယ်ရှိသူ ဦးနေမင်းထိုက် ၉/ပမန(နိုင်)၁၄၄၃၄၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (နေပြည်တော်)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၃ယ/၈၄၂၄၂ Honda Wave-100 ယာဉ်လက်ဝယ်ရှိသူ ဦးကိုကို MMT-၆၆၅၄၂၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ပြည်နယ်ဦးစီးမှူးရုံး၊(မော်လမြိုင်မြို့)**

### ဖခင်အမည်မှန်

ကန့်ဘလူမြို့နယ်၊ ဇီးကုန်း အထက၊ တက္ကသိုလ်ဝင်တန်း(ခ)မှ မောင်အေးကို၏ ဖခင်အမည်မှန်မှာ ဦးတင့်လွင် ၅/ကဘလ (နိုင်)၀၇၄၅၂၄ဖြစ်ပါကြောင်း။ **ဦးတင့်လွင်**

### ဖခင်အမည်မှန်

ကျိုင်းတုံမြို့၊ အထက (၃)၊ ပဥ္စမတန်း(က)မှ မောင်ရှန်ဆုံ၏ ဖခင်အမည်မှန်မှာ ဦးဖိုးလစ်ပု ၁၃/ကတန(နိုင်)၀၀၃၆၂၉ဖြစ်ပါကြောင်း။ **ဦးဖိုးလစ်ပု**

### ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်၊ အထက (၂)၊ တက္ကသိုလ်ဝင်တန်း (A) မှ မဝေမာသိမ့်၏ဖခင်အမည်မှန်မှာ ဦးနိုင်ဝင်း ၉/မထရ(နိုင်)၀၁၃၃၂၇ ဖြစ်ပါသည်။ **ဦးနိုင်ဝင်း**

### တစ်ဦးတည်းဖြစ်ပါကြောင်း

အထက(၁၃)၊ မန္တလေးမြို့မှ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင် မရတ-၁၂၃၇ဖြင့် တက္ကသိုလ်ဝင်တန်းအောင်မြင်ခဲ့သူ မဝေဝေဖြိုး ၁၃/လရန(နိုင်)၁၈၉၈၂၅၏ဖခင် လားရှိုးမြို့နယ်၊ မယ်ဟန်ရွာနေ ဦးအားရှင်းနှင့် ဦးမြီးရှင်းတို့သည် တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးအားရှင်း(ခ)ဦးမြီးရှင်း၁၃/နမတ(နိုင်)၀၂၆၇၆၂**

### ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၂၂ယ/၄၀၄၃၃ Honda Wave NF 125 MT ယာဉ်လက်ဝယ်ရှိသူ ဒေါ်သန်းသန်းဌေး ၉/မခလ(နိုင်)၀၀၆၇၄၃က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး၊ တာချီလိတ်**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅ယ/၆၉၇၇၄ Honda Dream C-100 mp ယာဉ်လက်ဝယ်ရှိသူ ဦးစိုးမြင့် ၁၀/မလမ(နိုင်)၀၆၂၅၇၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ပြည်နယ်ဦးစီးမှူးရုံး(မော်လမြိုင်မြို့)**

### တစ်ဦးတည်းဖြစ်ပါကြောင်း

ကန့်ဘလူမြို့နယ်၊ ဇီးကုန်းအထက၊ တက္ကသိုလ်ဝင်တန်း (J)မှ မအေးဇာသွယ်၏ ဖခင် ဦးတင်မောင်ရွှေ ၅/ကဘလ(နိုင်)၀၆၈၉၈၀နှင့် ဦးမောင်ရွှေမှာ တစ်ဦးတည်းဖြစ်ပါသည်။**ဦးတင်မောင်ရွှေ(ခ)ဦးမောင်ရွှေ**

### မိဘအမည်မှန်

လားရှိုးမြို့၊ အထက (၆)၊ တက္ကသိုလ်ဝင်တန်း (A) မှ မောင်နေရှိုင်းဝင်း၏မိဘအမည်မှန်မှာ ဦးကြားချီနှင့် ဒေါ်မြင့်စိုး ဖြစ်ပါသည်။

### ဖခင်အမည်မှန်

လားရှိုးမြို့၊ အထက (၆)၊ တက္ကသိုလ်ဝင်တန်း (A) မှ မစန်းစန်းဝင်း၏ ဖခင်အမည်မှန်မှာ ဦးဖုန်ကွယ်ဖန် ၁၃/ကခန(နိုင်)၀၁၀၄၁၆ဖြစ်ပါသည်။

### ဖခင်အမည်မှန်

လယ်ဝေးမြို့၊ အထက (၂)၊ တက္ကသိုလ်ဝင်တန်းမှ မအေးအေးသိန်း၏ ဖခင်အမည်မှန်မှာ ဦးတိုးလှိုင် ၉/လဝန (နိုင်) ၁၈၃၃၃၃ဖြစ်ပါသည်။ **ဦးတိုးလှိုင် ၉/လဝန(နိုင်)၁၈၃၃၃၃**

### ဖခင်အမည်မှန်

ကျောက်ပန်းတောင်းမြို့၊ အထက (၁)တက္ကသိုလ်ဝင်တန်း (I) မှ မောင်ညီညီစိုးနှင့် မြို့ရှေ့အထက၊တက္ကသိုလ်ဝင်တန်း (D)မှ မဇာဇာစိုးတို့၏ဖခင်အမည်မှန်မှာ ဦးဆန်းဦး ၉/ကပတ(နိုင်) ၀၆၁၅၃၀ ဖြစ်ပါသည်။ **ဦးဆန်းဦး**

### အမည်ပြောင်း

မန္တလေးမြို့၊ CAE ကိုယ်ပိုင်အထက်တန်းကျောင်း၊ နဝမတန်း (A) မှ ဦးသင်းဇော်၏သမီး မအေးသီရိခိုင်အား ယနေ့မှစ၍ မလဝန်းမေဟု ပြောင်းလဲခေါ်ပါရန်။ **မလဝန်းမေ**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၁၈/၄၅၄၂၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန(ရွာသာကြီး)**

### ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ကျောက်ပန်းတောင်းမြို့၊ အထက(၁)တက္ကသိုလ်ဝင်တန်း (I) မခင်သန္တာစိုးနှင့် ညောင်ချိုင်းတောင် အလက(ခွဲ)အဋ္ဌမတန်းမှ မောင်အောင်ကိုကိုတို့၏ ဖခင်အမည်မှန်မှာ ဦးတင်စိုး ၉/ကပတ(နိုင်) ၂၄၄၈၄၂ဖြစ်ပါသည်။ **ဦးတင်စိုး**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၈ယ/၉၃၅၁၂ Honda Dream ND 125 M ယာဉ်လက်ဝယ်ရှိသူ ဦးစည်သူချမ်းမြေ့ ၁၀/ခဆန(နိုင်)၁၂၉၀၂၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ပြည်နယ်ဦးစီးမှူးရုံး(မော်လမြိုင်မြို့)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၂ယ/၈၈၃၀၀ Honda Dream-125 ယာဉ်လက်ဝယ်ရှိသူ ဦးညီညီချမ်း ၁၀/မဒန(နိုင်)၁၉၂၀၇၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ပြည်နယ်ဦးစီးမှူးရုံး(မော်လမြိုင်မြို့)**

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

# နိုင်ငံခြားဧည့်သည်များကို ဆွဲဆောင်စေမည့် တောင်သမန်ဘိုးဘိုးကြီးရိုးရာပွဲ



မုတ်သုံရာသီသို့ ရောက်ပြီဆိုသည်နှင့် အထက်အညာဒေသကျေးရွာများတွင် ရှေးအစဉ်အဆက်ကတည်းက ကျင်းပလာခဲ့သည့် ရိုးရာပွဲများဖြင့် အထူးစည်ကားလှသည်။ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ဦးပိန်တံတားအရှေ့ထိပ် တောင်သမန်ဘိုးဘိုးကြီးနတ်စင်တွင် နှစ်စဉ်တော်သလင်းလဆန်း ၂ ရက်မှ ၁၀ ရက်အထိ တောင်သမန်ဘိုးဘိုးကြီး ရိုးရာပွဲကျင်းပကြသည်။ လမ်းတစ်လျှောက် ဈေးဆိုင်များဖြင့် စည်ကားလှသည်။

တောင်သမန် ဘိုးဘိုးကြီးပွဲတွင် အစည်ကားဆုံးရက်မှာ ဖောင်လှည့်ပွဲဖြစ်သည်။ တော်သလင်းလဆန်း ၃ ရက် မွန်းလွဲ ၁ နာရီခန့်တွင် တောင်သမန်ဘိုးဘိုးကြီးအား ပင့်ဆောင်၍ တောင်သမန်အင်းထဲ၌ ဖောင်ပေါ်သို့ ပင့်ဆောင်၍ ပူဇော်ကြသည်။ ထို့နောက် ဖောင်တော်နှင့်အတူ တောင်သမန်အင်းဘေးရှိ ကျေးရွာများမှ ရေလုပ်သားများ၊ သက်ဆိုင်သူများက လှေများဖြင့် နောက်မှလိုက်၍ ဦးပိန်တံတားအနီးရှိ ဘိုးဘိုးကြီးသက်ပျောက်တိုင်သို့ သွားရောက်ဦးတိုက် ပူဇော်ကြသည်။ ထိုမှတစ်ဆင့် တောင်သမန်အင်းတောင်ဘက်ရှိ ရွာသစ်ကျေးရွာအနီး ဘိုးဘိုးကြီးယာယီတဲနန်းသို့ ဖောင်တော်နှင့်အတူ လှေတပ်ဖွဲ့ကြီးသည် ကန်တော့ပွဲများဖြင့် ပသကြသည်။ အပြန်ခရီးတွင် လှေနှင့်လိုက်ပါလာသော လှေလုပ်သားများ၊ မိဆိုင်ဖဆိုင်ပုဂ္ဂိုလ်များ၊ အဝေးမှလာရောက်ကြသော ဧည့်သည်များသည် တေးသီချင်းများသီဆို၍ တစ်ဦးနှင့်တစ်ဦး ရေပက်ကစားကြသည်။ အဆိုပါ တောင်သမန်ဘိုးဘိုးကြီးနတ်ပွဲတွင် ပါဝင်ဆင်နွှဲသူများအနေဖြင့် နှစ်စဉ်တောင်သမန်အင်းထဲရှိ လယ်မြေယာမြေ စိုက်ပျိုးကြသူများ စပါး၊ ပဲပြောင်းသီးနှံများ အထွက်များ၍ စီးပွားရေး အဆင်ပြေကြကြောင်း ရွာခံတစ်ဦးက ပြောပြသည်။

တောင်သမန် ဘိုးဘိုးကြီးပွဲတွင် နတ်ညီလာခံပွဲ၊ ဖောင်လှည့်ပွဲ၊ ထိန်ခုတ်ပွဲ၊ ထန်းချိုင့်ပွဲများ ကျင်းပကြသည်။ ထူးထူးခြားခြားအဖြစ် တော်သလင်းလဆန်း ၃ ရက် ဖောင်လှည့်ပွဲနေ့တွင် အင်းရေတိုးလာခြင်းကြောင့် တောင်ဘက်ရွာ ယာယီနန်းအထိ ဖောင်ဆိုက်နိုင်ကြောင်း ဒေသခံတစ်ဦးက ပြောပြသည်။

တောင်သမန် ဘိုးဘိုးကြီးပွဲ ဖောင်လှည့်နေ့တွင် ယာယီနတ်နန်းမှ အပြန်ခရီးတွင် မြင်ရသော မြင်ကွင်းသည် ထူးခြားသော မြင်ကွင်းတစ်ခုဖြစ်သည်။ **(အပေါ်ပုံ)** ဦးပိန်တံတားပေါ်မှကြည့်လျှင် တောင်ဘက်အင်းမှ တရွေ့ရွေ့၊ တရိပ်ရိပ်မြင်ရသောမြင်ကွင်းသည် ရှေးအခါက မြန်မာ့ဘုရင်များလက်ထက် ရေတပ်ကြီး ချီတက်လာသလို ခံစားရသည်။

မည်သို့ပင်ဖြစ်စေ မြန်မာလူမျိုးများသည် ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်ဓလေ့၊ ကိုယ်ပိုင်အမွေများကို ပိုင်ဆိုင်ထားသူများ ဖြစ်သည်။ တစ်နည်းဆိုလျှင် နိုင်ငံခြားခရီးသွားများကို ဆွဲဆောင်စေမည့် ရိုးရာပွဲလမ်းတစ်ခုဖြစ်ကြောင်း တင်ပြအပ်ပါသည်။

**သတင်းနှင့်ဓာတ်ပုံ**
**အောင်ကျော်ထွန်း(ပုသိမ်ကြီး)**

# ကျောက်တော်ကြီးမြတ်စွာဘုရားအား အရဏ်ဆွမ်းကပ်ရန် မြို့တွင်းလှည့်လည်အလှူခံ



**မန္တလေး စက်တင်ဘာ ၁၂**

မန္တလေးမြို့တွင် ရတနာပုံဗုဒ္ဓဘောဇနီယဥဿဟ အသင်းကြီးမှ မန္တလေးတောင်ခြေရှိ ကျောက်တော်ကြီးမြတ်စွာဘုရားအား တော်သလင်းလပြည့်နေ့တွင် (၉၂)ကြိမ်မြောက် အရုဏ် ဆွမ်းဆပ်ကပ်လှူဒါန်းပွဲကျင်းပရန် လှူဖွယ်ပစ္စည်းများကို ဝင်းခင်းမင်္ဂလာအခမ်းအနားဖြင့် မြို့တွင်း၌ လှည့်လည်အလှူခံလျက်ရှိသည်။ **(အပေါ်ပုံ)**

အဆိုပါအသင်းကြီးတွင် နှစ်စဉ်ဝါတွင်းသုံးလပတ်လုံး မန္တလေးမြို့တွင်းရှိ သမိုင်းဝင်တန်ခိုးကြီးဘုရားများအား အရုဏ်ဆွမ်းများဆပ်ကပ်လှူဒါန်းသော အသင်းကြီးဖြစ်ပြီး ယခုကျောက်တော်ကြီးဘုရားအား (၉၂)ကြိမ်မြောက် ဆပ်ကပ်လှူဒါန်းခြင်းဖြစ်ကြောင်း အဆိုပါအသင်း၏ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ကိုဝင်းတင့်ကပြောသည်။

"ကျွန်တော်တို့အသင်းက ကျောက်တော်ကြီးဘုရားကို လပြည့်နေ့ဆွမ်းကပ်ဖို့အတွက် တော်သလင်းလဆန်း ၁၄ ရက် မွန်းတည့် ၁၂ နာရီကစပြီး စုရပ်ဖြစ်တဲ့ ကိုင်းတန်းဈေးမှာရှိတဲ့ အသင်းနာယကကြီး အိမ်ကနေ လှူဖွယ်ပစ္စည်းတွေ ယူဆောင်ပြီး ကျောက်တော်ကြီးဘုရားကို ဝင်းခင်းအစီအစဉ်နဲ့ စထွက်လာတာပါ။ ဘုရားကြီးကိုသွားတဲ့ လမ်းကြောင်းကို သိနေကြတဲ့အသင်းဝင်တွေနဲ့ စေတနာရှင် လှူဒါန်းလိုသူတွေက လမ်းခရီးတစ်လျှောက်မှာ စောင့်ပြီး အကြွေးအမွေးတွေနဲ့ ဧည့်ခံတယ်။ ပြီးတော့ လှူဖွယ်ပစ္စည်းတွေလည်း ထည့်ဝင်လှူဒါန်းပေးကြပါတယ်"ဟု ၎င်းက ပြောသည်။

မန္တလေးမြို့သည် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရာ မြို့ဖြစ်သည်နှင့်အညီ ရှေးအစဉ်အလာဖြစ်သည့် ဝင်းခင်း မင်္ဂလာအခမ်းအနားဖြင့် လှူဖွယ်ပစ္စည်းများကို ကျောက်တော်ကြီးဘုရားသို့ သယ်ဆောင်သွားရာ လမ်းတစ်လျှောက်တွင် ကြည်ညို လှူဒါန်းသူများဖြင့် အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## သတင်းတိုများ

### သဘာဝရေပြင်အတွင်း ငါးမျိုးများစိုက်ထည့်

**ပန်းတနော် စက်တင်ဘာ ၁၂**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်သဘာဝရေပြင်အတွင်း ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို စက်တင်ဘာ ၆ ရက်က မင်းဆယ်ကျေးရွာအုပ်စု ဗောဓိရေထိန်းတံခါး၌ ကျင်းပရာ ငါးမြစ်ချင်းကောင်ရေ ၁၀၀၀၀၀၊ ငါးခုံးမကြီး ကောင်ရေ ၂၀၀၀၀၀၊ ရွှေဝါငါးကြင်းကောင်ရေ ၅၀၀၀၀၊ တီလားပီးယားကောင်ရေ ၅၀၀၀၀ စုစုပေါင်း ငါးသန်ကောင်ရေ ၄၀၀၀၀၀ မျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။ **ခင်မောင်ဇော်မြင့်**

### ထရန်စဖော်မာများ တိုးချဲ့တည်ဆောက်ပေး

**ရန်ကုန် စက်တင်ဘာ ၁၂**

ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ သင်္ဃန်းကျွန်းမြို့နယ်အုပ်ချုပ်ရေးမှူးရုံး၌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှမြင့်၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးစောသူရနှင့် လိုင်းဝန်ထမ်းများသည် (ဆ/က) ရပ်ကွက် ဘုရားလမ်းနှင့် ရတနာသုခလမ်းထောင့်တွင် ၃၁၅ ကေဗွီအေ ထရန်စဖော်မာတစ်လုံးနှင့် (ဂ)ရပ်ကွက် ကြိုးစက်ရုံလမ်းတွင် ၃၁၅ ကေဗွီအေ ထရန်စဖော်မာတစ်လုံးတို့ကို ပြည်သူများစဉ်ဆက်မပြတ်ဓာတ်အားရရှိရေးနှင့် ဗို့အားပြည့်ဝစွာ သုံးစွဲရရှိရေး ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွက် တိုးချဲ့တည်ဆောက်၍ စက်တင်ဘာ ၉ ရက်တွင် ဓာတ်အားလွှတ်ပေးခဲ့ရာ အရှေ့ပိုင်းခရိုင်အုပ်ချုပ်ရေးမှူး ဦးစံဌေးနှင့် ခရိုင်လျှပ်စစ်အင်ဂျင်နီယာ ဦးမျိုးခင်တို့က ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**မွေးမွေး(သင်္ဃန်းကျွန်း)**


**အမည်ပြောင်း**
ဦးခင်မောင်ထွန်း၏သမီး အထက၊ အင်းတကော် ပဋ္ဌမတန်း(က)မှ မအိမ့်အိမ့်ထူးမောင်အား မမေသင်းချိုဟု ပြောင်းလဲခေါ်ဆိုပါရန်။

**အမည်ပြောင်း**
ဦးကျော်မိုး၏သား၊ အထက(ဗထူး) တက္ကသိုလ်ဝင်တန်းအောင်မှ မောင်ချစ်မိုးဦးအား ယနေ့မှစ၍ မောင်စစ်နိုင်ဟုပြောင်းလဲခေါ်ဆိုပါရန်။
**မောင်စစ်နိုင်**

**ဖခင်အမည်မှန် နှင့် မွေးသက္ကရာဇ်အမှန်**
ရှမ်းပြည်နယ်မြောက်ပိုင်း၊ မဘိမ်းမြို့နယ်၊ ငါးအိုး၊ အထက တက္ကသိုလ်ဝင်တန်း(A)မှ မစုစုမွန်၏ ဖခင်အမည်မှန်မှာ ဦးစိုးမြင့်အောင် ၉/မနမ(နိုင်)၁၂၃၃၂၇ဖြစ်ပြီး ၎င်း၏မွေးသက္ကရာဇ်အမှန်မှာ ၁၄-၃-၂၀၀၀ ဖြစ်ပါသည်။

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**
ယာဉ်အမှတ် ၁၉ယ/၈၀၈၆၅ Jialing 110 MC ယာဉ်လက်ဝယ်ရှိသူ ဦးစိန်ဝင်း ၉/မနမ(နိုင်)၀၅၈၇၆၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာ သည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင် ပါသည်။
**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**
ယာဉ်အမှတ် ၁၁ယ/၃၆၃၁၄၊ Jialing JL-90 ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဌေးဌေးလှ ၉/မရတ(နိုင်)၀၃၃၁၃၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊မန္တလေးမြို့**

**ဖခင်အမည်မှန်**
ကချင်ပြည်နယ်၊ ရွှေကူမြို့၊ အမှတ်(၂)ရပ်ကွက်၊ ကွက်သစ်ရပ်နေ မောင်ကျော်စိုးထွေး၏ ဖခင်အမည်မှန်မှာ ဦးထင်ကျော် ၁/ရကန(နိုင်) ၀၀၈၅၀၄ ဖြစ်ပါသည်။

**ဖောင်းကွပျောက် လျှောက်ထားခြင်း**
ယာဉ်အမှတ် CC/6799 ၏ ဖောင်းကွန်ပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကွန်ပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**
ယာဉ်အမှတ် ၂၁ယ/၁၄၀၃၊ Luojia 110, M/C ယာဉ်လက်ဝယ်ရှိသူ Shwe Hlaing Htoo Co.,Ltd. က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။
**ကညန၊ တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**
ယာဉ်အမှတ် ၁၂ယ/၈၇၀၇၅ Harley Davidson ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ဝင်းထွန်း ၉/အမဇ(နိုင်)၀၀၀၈၁၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊မန္တလေးမြို့**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**
ယာဉ်အမှတ် ၁၇ယ/၁၉၃၀၉ ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မင်းလွင် ၉/နထက(နိုင်)၁၂၀၃၀၅က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင် ပါသည်။
**ကညန၊ ခရိုင်ရုံး၊ (မြင်းခြံမြို့)**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**
ယာဉ်အမှတ် ၁၁ယ/၅၃၈၀၀ Kenbo 100 ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဒေါ်ငြိမ်းမြတ်သူ ၉/မဟမ(နိုင်)၀၂၂၀၈၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

**အမည်မှန်**
ဦးမြအေး ၉/ကပတ(နိုင်)၁၀၉၅၀၂ ၏သမီး၊ကျောက်ပန်းတောင်းမြို့၊ အမှတ်(၂) အထက ပဋ္ဌမတန်း(D)မှ မနန်းဆုကေဆွမ်၏ အမည်မှန်မှာ မဆုမွန်သာဖြစ်ပါသည်။
**မဆုမွန်သာ**

**ဖခင်အမည်မှန်**
ကန့်ဘလူမြို့နယ်၊ ဇီးကုန်း အထက တက္ကသိုလ်ဝင်တန်း(ဃ)မှ မအိဖြူ၏ ဖခင်အမည်မှန်မှာ ဦးဟန်ထိန် ၅/ကဘလ(နိုင်) ၀၂၇၈၈၇ ဖြစ်ပါသည်။
**ဦးဟန်ထိန်**

**ဖခင်အမည်မှန်**
ကန့်ဘလူမြို့နယ်၊ ဇီးကုန်း အထက တက္ကသိုလ်ဝင်တန်း(ခ)မှ မောင်မျိုးသူအောင်၊ နဝမတန်း(ဃ)မှ မောင်နိုင်သူဇော်တို့၏ ဖခင်အမည်မှန်မှာ ဦးဇော်လွင် ၅/ကဘလ(နိုင်)၁၁၈၈၇၄ ဖြစ်ပါသည်။
**ဦးဇော်လွင်**

**ဖခင်အမည်မှန်**
တန့်ဆည်မြို့နယ်၊ အထက(၁) နဝမတန်း(A)မှ မခင်သန္တာကျော် ၏ဖခင်အမည်မှန်မှာ ဦးမောင်ကျော်သိန်း ၅/တဆန(နိုင်)၀၅၇၇၇၉၈ ဖြစ်ပါသည်။
**ဦးမောင်ကျော်သိန်း**

**ဖခင်အမည်မှန်**
တန့်ဆည်မြို့နယ်၊ နဘက်ကြီး အထက တက္ကသိုလ်ဝင်တန်း(A)မှ မောင်ကျော်သက်နှင့် ဒေါင့်ကြီး အလက အဌမတန်း(A)မှ မကျော့ကျော့ခိုင်တို့၏ ဖခင်အမည်မှန်မှာ ဦးလှညို ၅/တဆန(နိုင်)၁၂၅၀၀၃ ဖြစ်ပါသည်။
**ဦးလှညို**

**ဖခင်အမည်မှန်**
ကန့်ဘလူမြို့နယ်၊ ဇီးကုန်း အထက တက္ကသိုလ်ဝင်တန်း(င)မှ မောင်ဇော်နိုင်ဖြိုး၏ ဖခင်အမည်မှန်မှာ ဦးနိုင်ဝင်း ၅/ကဘလ(နိုင်)၁၈၂၂၅၆ ဖြစ်ပါသည်။
**ဦးနိုင်ဝင်း**

**ဖခင်အမည်မှန်**
တန့်ဆည်မြို့နယ်၊ အထက(၁) တက္ကသိုလ်ဝင်တန်း(D)မှ မသွင်အိဖြိုး၏ ဖခင်အမည်မှန်မှာ ဦးမောင်မြင့် ၅/တဆန(နိုင်)၀၀၄၄၃၁ ဖြစ်ပါသည်။
**ဦးမောင်မြင့်**

**ဖခင်အမည်မှန်**
မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့၊ အထက(၂)တက္ကသိုလ်ဝင်တန်း(E)မှ မောင်ကိုကိုအောင်၏ ဖခင်အမည်မှန်မှာ ဦးမောင်မှတ် ၉/ကပတ(နိုင်)၂၇၉၆၈၂ ဖြစ်ပါသည်။ **ဦးမောင်မှတ်**

# ယာဉ်ရပ်နားရန် နေရာဦးထားသောပစ္စည်းများ လမ်းမတော်စည်ပင်ဖယ်ရှား

**ရန်ကုန် စက်တင်ဘာ ၁၂**

ရန်ကုန်မြို့ လမ်းမတော်မြို့နယ် (၅)ရပ်ကွက်တွင် လမ်းသွယ်များအတွင်း ယာဉ်ရပ်နားရန်အတွက် နေရာဦးချထားသော ပစ္စည်းများကို လမ်းမတော်မြို့နယ် စည်ပင်သာယာရေးက စက်တင်ဘာ ၁၀ ရက်တွင် လိုက်လံ သိမ်းဆည်းဖယ်ရှားခဲ့ကြောင်း သိရသည်။

လမ်းမတော်မြို့နယ် (၅)ရပ်ကွက် (၁၁)လမ်းအတွင်း နေအိမ်များရှေ့ရှိ နေရာဦးထားသော ပစ္စည်းများကို လမ်းမတော်မြို့နယ် စည်ပင်သာယာ အုပ်ချုပ်ရေးမှူးရုံးမှ ဝန်ထမ်းများနှင့် စည်ပင်ရဲဝန်ထမ်းများ ပါဝင်သော အဖွဲ့က လိုက်လံသိမ်းဆည်းပြီး ထော်လာဂျီဖြင့် တင်ဆောင်ကာ ဖယ်ရှားခဲ့ခြင်း ဖြစ်သည်။

မြို့တွင်း မြို့နယ်တစ်ခုဖြစ်သော လမ်းမတော်မြို့နယ်အတွင်း လမ်းသွယ်များတွင် ပန်းအိုးကြီးငယ်များ၊ ထိုင်ခုံများ၊ အင်္ဂတေတုံးများ၊ ကားတာယာများ စသည်တို့ကို ချထားခွင့်မရှိသော်လည်း နေအိမ်များရှေ့တွင် ချထားပြီး ကားရပ်နားရန် နေရာဦးထားကြသဖြင့် လမ်းသွယ်များအတွင်း ဝင်လာသော ကားများ ရပ်ရန်နေရာမရှိသဖြင့် ယာဉ်ပိတ်ဆို့မှုများ ဖြစ်ပေါ်လေ့ရှိသည်။ ရန်ကုန်မြို့တွင်းတွင် ယာဉ်ရပ်နားရန် နေရာခက်ခဲသဖြင့် လမ်းသွယ်များကြား အိမ်ရှေ့များတွင်သာမက အခပေးယာဉ်ရပ်နားရသော နေရာများတွင်ပါ နေရာဦးထားခြင်းများ ရှိနေကြောင်းလည်း သိရသည်။

ထိုသို့ နေရာဦးထားခြင်းများ မပြုလုပ်ရန် မြို့နယ်စည်ပင်အနေဖြင့် အသိပေး ကြော်ငြာများကပ်ခြင်း၊ မကြာခဏ လိုက်လံသိမ်းဆည်းခြင်းများ ပြုလုပ်နေသော်လည်း ပပျောက်ခြင်းမရှိဘဲ ပစ္စည်းများ ချထားနေရာဦးလျက်ရှိနေသဖြင့် ယာဉ်ရပ်နားရန်ခက်ခဲပြီး ယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်နေဆဲ ဖြစ်ကြောင်း၊ လိုက်လံသိမ်းဆည်းခြင်းနှင့် ထိုသို့နေရာဦးခြင်းကို အရေးယူခြင်းများပါ ပြုလုပ်မှသာ လမ်းပိတ်ဆို့မှု လျော့နည်းမည်ဖြစ်ကြောင်း လမ်းအတွင်းနေထိုင်သူ တစ်ဦးက ပြောသည်။

ရန်ကုန်မြို့တွင်း ခြောက်မြို့နယ်တွင် လမ်းမကြီးများနှင့် လမ်းသွယ်များရှိ ပလက်ဖောင်းများတွင် မည်သည့်ပစ္စည်းများမှ ချထားခွင့်မရှိဘဲ ချထားပါက မည်သည့်တန်ဖိုးကြီး ပစ္စည်းကိုမဆို အမှိုက်အဖြစ် သိမ်းဆည်းမည်ဟု ကြေညာထားရာ နေရာဦးထားသော ပစ္စည်းများဖယ်ရှားသည့်အပြင် ပလက်ဖောင်းများပေါ် ကျူးကျော်ရောင်းချနေသောဆိုင်ကြီးဆိုင်ငယ်များ၊ ပလက်ဖောင်းများပေါ်တွင် ခင်းကျင်းရောင်းနေသော ဆိုင်ငယ်များကိုပါ ကြေညာချက်အတိုင်း ဖယ်ရှားသိမ်းဆည်း၍ ထိရောက်စွာ အရေးယူဆောင်ရွက်သင့်ကြောင်း ရန်ကုန်မြို့တွင်း သွားလာနေသူများက ပြောသည်။

**ခင်ဆိုင်**

# ရေစကြိုမြို့နယ်တွင် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့် အခမဲ့ မျက်စိကုသပေး

**ရေစကြို စက်တင်ဘာ ၁၂**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်အတွင်းရှိ ပခန်းကြီးတိုက်နယ်ဆေးရုံ၊ ကြက်ဆူကျင်းတိုက်နယ်ဆေးရုံ၊ မအူအောက်ဆိပ်တိုက်နယ်ဆေးရုံနှင့် ရေစကြိုမြို့ပြည်သူ့ဆေးရုံကြီးတို့တွင် မျက်စိဝေဒနာရှင်လူနာများအား တိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့် စက်တင်ဘာ ၉ ရက်နှင့် ၁၀ ရက်တို့က စမ်းသပ်စစ်ဆေး ကုသပေးခဲ့ကြောင်း သိရသည်။

မျက်စိစမ်းသပ်မှုကို မကွေး၊ ချောက်၊ ပခုက္ကူဆေးရုံတို့မှ မျက်စိဆရာဝန်များနှင့် ဆေးဝန်ထမ်းများက လာရောက်စမ်းသပ်ကုသပေးကြခြင်း ဖြစ်ပြီး သာမန်မျက်စိရောဂါဝေဒနာရှင်များကို ပခုက္ကူဆေးရုံသို့ပို့ကာ ရောဂါပျောက်ကင်းသည်အထိ ဆက်လက်ကုသပေးသွားမည် ဖြစ်ပြီး ခွဲစိတ်ကုသရမည့် မျက်စိရောဂါဝေဒနာရှင်များကို မြင်းမူဆေးရုံသို့ ပို့၍ ကုသပေးသွားမည်ဖြစ်ကြောင်းနှင့် ဆေးဖိုးဝါးခနှင့် ကုန်ကျစရိတ်အားလုံးကို ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်က ကုသိုလ်ပြုပေးသွားမည်ဖြစ်သည်ဟု သိရသည်။

**အိမွန်ဆွေ(ရေစကြို)**

# မျိုးသန့်စပါး မျိုးစေ့ထုတ် လုပ်ငန်းများ တောင်သူအဖွဲ့လေ့လာ

**ထားဝယ် စက်တင်ဘာ ၁၂**

တနင်္သာရီတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနနှင့် World Vision အဖွဲ့တို့ပူးပေါင်း၍ ထားဝယ်ခရိုင် လောင်းလုံးမြို့နယ် ဝေဒီမျိုးသန့်ခြံတွင် ဆောင်ရွက်လျက်ရှိသည့် စပါးမျိုးစေ့ထုတ်လုပ်ငန်းများကို မြိတ်ခရိုင် ပုလောမြို့နယ်မှ တောင်သူ ၃၂ ဦးပါဝင်သော မျိုးစေ့ထုတ် တောင်သူများအဖွဲ့မှ စက်တင်ဘာ ၉ ရက်က လာရောက်ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။



လေ့လာရေးအဖွဲ့အား တနင်္သာရီတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယတိုင်းဒေသကြီးဦးစီးမှူးနှင့် တိုင်းဒေသကြီး မျိုးစေ့တာဝန်ခံ ဦးအောင်ကျော်ငြိမ်း၊ ထားဝယ်ခရိုင် ဦးစီးမှူး ဦးကျော်လှနှင့် ခရိုင်နှင့်မြို့နယ်ဝန်ထမ်းများ၊ ဝေဒီမျိုးသန့်ခြံတာဝန်ခံနှင့် ဝန်ထမ်းများက ကြိုဆိုနှုတ်ဆက်ကာ တိုင်းဒေသကြီးမျိုးစေ့တာဝန်ခံ ဦးအောင်ကျော်ငြိမ်းက မျိုးစေ့ထုတ်လုပ်ပုံနည်းစနစ်များ၊ ထုပ်ပိုးသိုလှောင်ပုံစနစ်နှင့် မျိုးစေ့ဆိုင်ရာဥပဒေများကိုလည်းကောင်း၊ တိုင်းဒေသကြီး သီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်ချယ်ရီက စပါးသီးနှံဖျက် ပိုးမွှားရောဂါများ၊ ကြွက်ကာကွယ်နှိမ်နင်းနည်းများကိုလည်းကောင်း ရှင်းလင်းပြောကြားကာ တက်ရောက်လာသော တောင်သူများက သိလိုသည့်အချက်များ မေးမြန်းပြီး စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့သည်။ **(ခရိုင် ပြန်/ဆက်)**



# ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ မိုးကုတ်မြို့နယ်၌ ကွင်းဆင်းဆောင်ရွက်

**မိုးကုတ် စက်တင်ဘာ ၁၂**

မိုးကုတ်မြို့နယ်တွင် ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများသည် မြို့နယ်အတွင်း ကျေးရွာများသို့ စက်တင်ဘာလဆန်းမှစ၍ ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မိုးကုတ်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘငွေး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဥက္ကာနှင့် မိုးကုတ်မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များနှင့် ဌာနဆိုင်ရာများသည် စက်တင်ဘာလပထမပတ်အတွင်းက မိုးကုတ်မြို့နယ်အတွင်းမှ ရှောလီဝိုင်းအုပ်စု၊ ရေပူအုပ်စု၊ မြို့မရပ်အုပ်စု၊ မင်းတံတားအုပ်စု၊ ကသဲအုပ်စု၊ ကျပ်ပြင်အုပ်စု၊ ဘော်လုံးကြီးအုပ်စုနှင့် ကပိုင်ကျေးရွာအုပ်စုများရှိ ကျေးရွာများသို့ ကွင်းဆင်းပြီး ကျေးရွာအထောက်အကူပြုကော်မတီများ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျေးလက်နေပြည်သူများနှင့် သွားရောက်တွေ့ဆုံ၍ အဆိုပါရပ်ကွက်၊ ကျေးရွာများ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၎င်းတို့၏ အခက်အခဲများနှင့် ဆောင်ရွက်လိုသည့် လုပ်ငန်းများကို ညှိနှိုင်းဆွေးနွေး ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြသည်။

အဆိုပါညှိနှိုင်းဆွေးနွေးပွဲများတွင် အုပ်စုကျေးရွာများမှ ပြည်သူများက ရပ်ကွက်၊ ကျေးရွာအလိုက် မိမိတို့လူနေမှုဘဝအခြေအနေနှင့် အခက်အခဲများကို တင်ပြဆွေးနွေးပြီး မိမိရပ်ရွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ဆောင်ရွက်လိုသည့်လုပ်ငန်းများကို အသေးစိတ်တင်ပြခဲ့ကြပြီး တင်ပြချက်များနှင့်ပက်သက်၍ တာဝန်ရှိသူများက မိမိတို့နှင့် သက်ဆိုင်သော ကဏ္ဍအလိုက်လုပ်ငန်းများကို ဖြေရှင်းနိုင်သည့်ကိစ္စရပ်များအား ချက်ချင်းဖြေရှင်းခြင်းများဆောင်ရွက်ကြပြီး ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ပေးမည့်လုပ်ငန်းများကို ဌာနအလိုက်ဆောင်ရွက်နေမှုကို ပြည်သူများအားချပြဆွေးနွေးညှိနှိုင်းခဲ့ကြပြီး ယခုကဲ့သို့ ပြည်သူနှင့် တိုက်ရိုက်ထိတွေ့သည့်လုပ်ငန်းများကို အရှိန်အဟုန်မြင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ယခုကဲ့သို့ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကွင်းဆင်းဆောင်ရွက်ပေးသဖြင့် ဒေသခံပြည်သူများအနေဖြင့် မိမိတို့ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကို တိုက်ရိုက်တင်ပြနိုင်သကဲ့သို့ ဌာနဆိုင်ရာများကလည်း ဒေသခံများ၏ လိုအပ်ချက်များကို အတိအကျသိရှိပြီး အလျင်အမြန် ဆောင်ရွက်ပေးနိုင်သဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုနိုင်မည်ဖြစ်သည်။

**နေဝါ(မိုးကုတ်)**


## သဲအင်းဂူခုနစ်ရက် အဓိဋ္ဌာန်တရားစခန်းပွဲ

ရန်ကင်းမြို့နယ်၊ မိုးကောင်းဘုရားဝင်းအတွင်း သဲအင်းဂူ ဓမ္မဗိမာန်တော်ကြီး၌ ၂၀၁၄ ခုနှစ် စက်တင်ဘာ ၂၁ ရက်မှ ၂၈ ရက်အထိ ခုနစ်ရက်အဓိဋ္ဌာန်တရားစခန်းပွဲကို မူလသဲအင်းဂူဆရာတော်ကြီး၏ ကမ္မဋ္ဌာန်းမူနှင့်အညီ ကျင်းပသွားမည်ဖြစ်ပါသည်။ တရားစခန်းပွဲတွင် အဖွဲ့၏ ဩဝါဒါစရိယ၊ ကမ္မဋ္ဌာနာစရိယ ဆရာတော် ဦးမုနိန္ဒ(ကျိုက်ဝိုင်း)အရှင်သူမြတ်က သမထဝိပဿနာတရားတော်များကို ချီးမြှင့်ဟောကြားပြသမည်ဖြစ်ရာ တရားစခန်းဝင်လိုသူများ စက်တင်ဘာ ၂၀ ရက် (စနေနေ့) ညနေ ၅ နာရီအရောက် မှတ်ပုံတင်ကတ်ပြားဖြင့် စာရင်းသွင်းရန်နှင့် နေ့ဆွမ်း၊ အရုဏ်ဆွမ်း လှူဒါန်းလိုသူများနှင့် အရိယာလို့ဏ်ဂူပြုပြင်ရန် အလှူရှင်များ ဖုန်း-၀၉-၈၆၂၃၉၉၇သို့ ဆက်သွယ်ပါရန် နိုးဆော်အပ်ပါသည်။

## ရထားပို့ဆောင်ရေးဝန်ကြီးဌာန
## ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏
## နှစ်လဲယာဉ်စစ်ဆေးရေးလုပ်ငန်းအား ဆောင်ရွက်နိုင်ရန်
## စိတ်ဝင်စားသူများအား ဖိတ်ခေါ်ခြင်း
## (Expression of Interest)

ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသော နှစ်လဲယာဉ်စစ်ဆေးခြင်းလုပ်ငန်းများကို ပုဂ္ဂလိကကဏ္ဍမှ ဆောင်ရွက်နိုင်ရန်အတွက် ပုဂ္ဂလိကလုပ်ငန်းရှင်များအား ဖိတ်ခေါ်ပါသည်။

စိတ်ပါဝင်စားသည့် ကုမ္ပဏီများသည် စိတ်ဝင်စားမှုဖော်ပြခြင်း လျှောက်လွှာ (Expression of Interest-EOI)နှင့်အတူ အောက်ဖော်ပြပါ အထောက်အထားများဖြင့် လျှောက်ထားရပါမည်။

- သက်တမ်းရှိ ကုမ္ပဏီမှတ်ပုံတင်လက်မှတ်
- ကုမ္ပဏီသင်းဖွဲ့မှတ်တမ်း/စည်းမျဉ်း
- ကုမ္ပဏီသင်းဖွဲ့၏ဖွဲ့စည်းပုံနှင့် ဝန်ထမ်းအင်အား
- လုပ်ငန်းအတွေ့အကြုံများ
- ဆောင်ရွက်မည့် အစီအစဉ်များနှင့် အခြေအနေများ
- နည်းပညာပူးပေါင်းဆောင်ရွက်မည့် နိုင်ငံခြားကုမ္ပဏီရှိပါက ဖော်ပြရန်

ဖော်ပြပါ စာရွက်စာတမ်းများအား ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ စီမံရေးရာဌာန၊ ရုံးအမှတ် (၂၉)၊ နေပြည်တော်သို့ ၂၀၁၄ ခုနှစ် အောက်တိုဘာ ၉ ရက် ညနေ ၃ နာရီ (မြန်မာစံတော်ချိန်) နောက်ဆုံးထား၍ ပေးပို့ရပါမည်။

**အသေးစိတ်သိရှိလိုပါက ဖော်ပြပါ ဖုန်းများသို့ စုံစမ်းနိုင်ပါသည်။**

**ဖုန်း-၀၆၇-၄၀၅၃၆၀၊ ၀၆၇-၄၀၅၄၁၅၊ ၀၆၇-၄၀၅၀၉၈၊ ၀၆၇-၄၀၅၃၆၂**

## စိန်ရတုမွေးနေ့ ပူဇော်ပွဲဖိတ်ကြားလွှာ

ပုသိမ်မြို့၊ နိဂြောဓာရုံသျောင်ပင်သာ ပရိယတ္တိစာသင်တိုက် ပဓာနနာယက (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) ဆရာတော်ဘဒ္ဒန္တဝိသုတ၏ သက်တော် ၇၅ နှစ်ပြည့် စိန်ရတုမွေးနေ့ အလှူပူဇော်ပွဲကို ၁၃၇၆ ခုနှစ် သီတင်းကျွတ်လဆန်း ၆ရက်၊ ၂၉-၉-၂၀၁၄ရက်(တနင်္လာနေ့)မှ သီတင်းကျွတ်လဆန်း ၈ရက်၊ ၁-၁၀-၂၀၁၄ ရက် (ဗုဒ္ဓဟူးနေ့)အထိ နိဂြောဓာရုံသျောင်ပင်သာ ပရိယတ္တိစာသင်တိုက်တွင် ကျင်းပမည်ဖြစ်ပါ၍ ကြွရောက်ကြည်ညိုပူဇော်နိုင်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ ၁၃၇၆ ခုနှစ် သီတင်းကျွတ်လဆန်း ၈ရက် ၁-၁၀-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၈ နာရီတွင် အနုမောဒနာရေစက်ချအခမ်းအနား ကျင်းပမည်ဖြစ်ပါသည်။

**စိန်ရတုမွေးနေ့ အလှူပူဇော်ပွဲကျင်းပရေးအဖွဲ့**
**ဖုန်း-၀၉-၅၂၀၀၂၁၃၊ ၀၉-၄၂၂၄၆၆၄၅၁**

## ကြံခင်းမြို့နယ်အသင်း(ရန်ကုန်)
## ဆွမ်းလောင်းလှူပွဲ

ကြံခင်းမြို့နယ်အတွင်း ဝါတွင်းကာလတွင် သီတင်းသုံးတော်မူကြသော သံဃာတော်အရှင်မြတ်များအား ဆွမ်းလောင်းလှူရန် ကြံခင်းမြို့သို့ ၆-၁၀-၂၀၁၄ ရက်တွင် သွားရောက်မည်ဖြစ်ပါသည်။

လိုက်ပါလိုသူများနှင့် လှူဒါန်းလိုသူများ အောက်ပါအမှုဆောင်များထံသို့ ၂၇-၉-၂၀၁၄ ရက် နောက်ဆုံးထား၍ ဆက်သွယ်စုံစမ်းကြပါရန်။

**ဦးစန်းလွင် ဖုန်း-၀၁-၆၃၆၇၈၀ ဦးကျော်ဒွန်း ဖုန်း-၀၉-၅၁၂၄၅၇၆**
**ဦးစိန်ငွေ ဖုန်း-၀၉-၅၁၃၈၁၅၈ ဒေါ်တင်တင်ထွေး ဖုန်း-၀၁-၅၄၁၀၆၅**
**ဒေါ်အေးအေးညွန့် ဖုန်း-၀၉-၄၉၃၃၁၉၃ ဒေါ်ခိုင်ခိုင်စိုး ဖုန်း-၀၉-၅၁၆၅၇၀၁**

**အမှုဆောင်အဖွဲ့**

## မသက်ဆိုင်တော့ပါကြောင်း

မင်းပြားမြို့၊ ဈေးဟောင်းပိုင်း ရွှေမင်းကန်ရပ်ကွက်နေ ဒေါ်အေးစိန်နု၏ခင်ပွန်း ဦးသိန်းဟန် ၁၁/မပန(နိုင်)၀၆၀၇၁၄ သည် ခွင့်မလွှတ်နိုင်သည့်ကိစ္စများကို ပြုမူဆောင်ရွက်ပြီး ၂၀၀၇ ခုနှစ်မှစ၍ မိမိသဘောဆန္ဒအလျောက် နေအိမ်မှ ဆင်းသွားပါသဖြင့် ယနေ့မှစ၍ ခင်ပွန်းအဖြစ် မသက်ဆိုင်တော့ပါကြောင်း ကြေညာအပ်ပါသည်။

**စုံစမ်းမေးမြန်းခြင်းသည်းခံပါ။**

**ဒေါ်အေးစိန်နု ၁၁/ပမန(နိုင်)၀၈၃၁၀၁**

## အမည်မှန်

မင်းပြားမြို့၊ အထက(၁) တက္ကသိုလ်ဝင်တန်း(E)မှ မောင်ကျော်ဇင်ထွန်း၏ ဖခင် ဦးလှမောင်၏ အမည်မှန်မှာ ဘိုခင်လှ ၁၁/မပန(နိုင်)၀၇၀၄၇၈ ဖြစ်ပါကြောင်း။

**ဘိုခင်လှ**

## ပျောက်ဆုံးကြောင်း

ဦးဂရမ်ကျန်း ၇/အတန(နိုင်)၀၆၇၈၉၆ ကိုင်ဆောင်သော CDC-၅၅၇၉၉၏ SID ကတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**ဖုန်း-၀၉-၇၃၀၇၆၀၉၇**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 9F/5767 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၁၀ယ/၁၆၄၄၄ Suzuki Smash 110 ယာဉ်လက်ဝယ်ရှိသူ ဦးစံဝင်းထွန်း ၇/ပတတ(နိုင်)၁၀၆၀၇၉က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ပြည်)၊ ပြည်မြို့**

# အဖွဲ့အစည်း ၁၀၀ ကျော်သို့ စာအုပ် ၁၆၀၀၀ ကျော် အာရှဖောင်ဒေးရှင်းလှူဒါန်း

**ရန်ကုန် စက်တင်ဘာ ၁၂**

အမေရိကန်သံရုံး၏ ကူညီပံ့ပိုးမှုဖြင့် အာရှဖောင်ဒေးရှင်းမှ မြန်မာနိုင်ငံအတွင်းရှိ တက္ကသိုလ်ကောလိပ်များ၊ အခြေခံပညာကျောင်းများ၊ လူမှုရေးအဖွဲ့အစည်းများမှ အရပ်ဘက်စာကြည့်တိုက်များ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ဗုဒ္ဓဘာသာဘုန်းကြီးကျောင်းများ၊ ဘာသာရေးအဖွဲ့အစည်းများအစရှိသည့် အဖွဲ့အစည်း ၁၂၁ ခုတို့ထံ အမျိုးအစားစုံစာအုပ်ပေါင်း ၁၆၃၁၁ အုပ် ပေးအပ်လှူဒါန်းပွဲကို စက်တင်ဘာ ၁၀ ရက်က ရန်ကုန်မြို့ ကမာရွတ်မြို့နယ် တက္ကသိုလ်ရိပ်သာလမ်းရှိ အမေရိကန်စင်တာ၌ ကျင်းပခဲ့သည်။

လှူဒါန်းသည့် စာအုပ်အမျိုးအစားများတွင် အမေရိကန်သမိုင်း၊ နိုင်ငံရေး၊ အပြည်ပြည်ဆိုင်ရာဆက်သွယ်ရေး၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ၊ လူမှုဗေဒ၊ ဘာသာစကား၊ ဒဿနိကဗေဒ၊ စိတ်ပညာရပ်၊ ကွန်ပျူတာဘာသာရပ်နှင့် ကလေးငယ်နှင့် ဆယ်ကျော်သက်များဖတ်ရှုနိုင်မည့် ဘာသာရပ်များ ပါဝင်ကြောင်း သိရသည်။

အာရှဖောင်ဒေးရှင်းမှ စီမံရေးရာအရာရှိ ဒေါ်ဝိုင်းဝေဝေဝင်းက "အဓိကရည်ရွယ်ချက်ကတော့ ကျွန်မတို့ မြန်မာနိုင်ငံသားတွေရဲ့ အသိပညာဆိုင်ရာဗဟုသုတစုဆောင်းမှုတွေ တိုးတက်စေချင်တဲ့ရည်ရွယ်ချက်နဲ့ လှူဒါန်းတာပါ။ ရုံးကို ၂၀၁၃ ခုနှစ်အောက်တိုဘာလက စတင်ပြီးဖွင့်ခဲ့ပါတယ်။ အရင်ရုံးမဖွင့်လှစ်ခင်ကတည်းက ၂၀၀၇ ခုနှစ်မှာ အမေရိကန်သံရုံးနဲ့တွဲပြီး လှူခဲ့ပါသေးတယ်။ မူကြိုအရွယ်ကစပြီး ပါရဂူတန်းအထိဖတ်ရှုနိုင်ဖို့ လှူတာပါ။ အသစ်ဖွင့်လှစ်သွားမယ့် စာကြည့်တိုက်တွေကိုလည်း လှူဒါန်းဖို့အစီအစဉ်ရှိပါတယ်။ ကျွန်မရဲ့ အီးမေးလ်လိပ်စာ wine.win@asiafoundation.org သို့မဟုတ် အမေရိကန်စင်တာကို မေးမြန်းနိုင်ပြီး လျှောက်လွှာမှာ စာအုပ်အမျိုးအစားကို ဖြည့်စွက်လျှောက်ထားနိုင်ပါတယ်"ဟု ပြောသည်။

အဆိုပါ စာအုပ်လှူဒါန်းမှုသည် အာရှဖောင်ဒေးရှင်းက မြန်မာနိုင်ငံ၌ သုံးကြိမ်မြောက်လှူဒါန်းမှုဖြစ်ပြီး သုံးကြိမ်ပေါင်းတွင် စာအုပ်ပေါင်း ၁၄၀၀၀၀ ကျော်ကို အဖွဲ့အစည်းပေါင်း ၂၃၃ ခုသို့ လှူဒါန်းပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**မြတ်စန္ဒီသင်းဇော်**



## မှုခင်းကျဆင်းရေး အထက်မြန်မာပြည် သတင်းစာဆရာအသင်း ပညာပေးဟောပြော

**ကောလင်း စက်တင်ဘာ ၁၂**

အထက်မြန်မာပြည်သတင်းစာဆရာများအသင်းနှင့် ရှုထောင့်သတင်းမီဒီယာအဖွဲ့တို့ ပူးပေါင်း၍ မှုခင်းကျဆင်းရေးပညာပေးဟောပြောပွဲကို စက်တင်ဘာ ၉ ရက်က စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့ အင်ပင်သာအုပ်စု ကသစ်ကုန်းကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း၌ ကျင်းပသည်။

ဟောပြောပွဲတွင် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမြင့်ဦး၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြအေးတို့က အမှာစကားပြောကြားကြပြီး အထက်မြန်မာပြည်သတင်းစာဆရာများအသင်း ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်ညိမ်း(မြန်ဂုဏ်ဆောင်)က အမျိုးဘာသာ၊ သာသနာထိန်းသိမ်းရေးနှင့် မှုခင်းကျဆင်းရေးခေါင်းစဉ်ဖြင့် ဟောပြောသည်။

ထို့နောက် ကောလင်းမြို့နယ် အင်ပင်သာအုပ်စု စစ်တောကျေးရွာ မူလတန်းကျောင်းတွင် ဆက်လက်ဟောပြောရာ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးစိုးသိန်းက အမှာစကားပြောကြားပြီး ဒုတိယဥက္ကဋ္ဌက လူငယ်ကိုယ်ကျင့်တရားနှင့် သက်ငယ်မုဒိမ်းမှုများ လျော့နည်းပပျောက်ရေးအကြောင်းတို့ကို အသိပညာပေးဟောပြောခဲ့သည်။

**အောင်ကျော်စိုး(iprd)**

## ကိုယ့်အားကိုယ်ကိုး ကျေးရွာချင်းဆက်လမ်း ဖောက်လုပ်

**ကျောက်ထု စက်တင်ဘာ ၁၂**

ဂန့်ဂေါခရိုင် ကျောက်ထုမြို့နယ် (ခွဲ)ဒေသ မြို့ပေါက်ကျေးရွာနှင့် နတ်ရဲကျေးရွာဆက်သွယ်သည့် ကျေးရွာချင်းဆက်လမ်းကို အဆိုပါကျေးရွာများနေ ပြည်သူများက ကိုယ့်အားကိုယ်ကိုးစနစ်ဖြင့် စက်တင်ဘာ ၇ ရက်က စတင်ဖောက်လုပ်လျက်ရှိသည်။

အဆိုပါလမ်းမှာ သုံးမိုင်ရှည်လျား၍ အကျယ် ၁၂ ပေရှိ ကျောက်ခင်းလမ်းအဖြစ် ဖောက်လုပ်လျက်ရှိပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီက ဦးဆောင်ကာ ဒေသနေပြည်သူများ ထည့်ဝင်ငွေကျပ် ၂၅ သိန်းကို မတည်ဖောက်လုပ်ခြင်းဖြစ်သည်။

ယခင်က မိုးရာသီတွင် ရွှံ့ညွန်တောကို ဖြတ်သန်းသွားလာခဲ့ကြရကြောင်းနှင့် လမ်းပြီးစီးသွားပါက ကျေးရွာချင်းဆက်သွယ်သွားလာမှု လွယ်ကူလာမည်ဖြစ်သည့်အပြင် ကုန်စည်စီးဆင်းမှုလည်း မြန်ဆန်လာမည်ဖြစ်ကြောင်း သိရသည်။ **(၁၀၁)**

## တိုင်းရင်းဆေးဖြင့် အခမဲ့ဆေးကုသပေး



**ပုသိမ်ကြီး စက်တင်ဘာ ၁၂**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် တိုင်းရင်းဆေးဦးစီးဌာနကကြီးမှူး၍ တိုင်းရင်းဆေးပညာ ဟောပြောပွဲနှင့် အခမဲ့ဆေးကုသခြင်းတို့ကို ရွှေစာရံကျေးရွာအုပ်စု ကျောက်ချောကျေးရွာနှင့် ကျွဲနဖားကျေးရွာတို့တွင် စက်တင်ဘာ ၈ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

တိုင်းရင်းဆေးအခမဲ့ကုသပေးခြင်းကို ကျွဲနဖားကျေးရွာဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ကျင်းပခဲ့ပြီး ဝေဒနာရှင်ပြည်သူ ၁၅၀ ခန့်ကို ကုသပေးခဲ့ကြောင်း သိရသည်။

ထို့နောက် ကျောက်ချောကျေးရွာ ရွာဦးဘုန်းကြီးကျောင်း၌ တိုင်းရင်းဆေးပညာဟောပြောပွဲကို ကျင်းပရာ ကျောက်ချောကျေးရွာ တိုင်းရင်းဆေးဆရာကြီး ဦးသိန်းဆွေက သက်ကြီးသူချင်းကူညီစောင့်ရှောက်ရေးအဖွဲ့ (ROICA)အကြောင်းကို လည်းကောင်း၊ မြို့ခံစာရေးဆရာတစ်ဦးက တိုင်းရင်းဆေးပညာနှင့် တတိယလှိုင်းခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြို့နယ်တိုင်းရင်းဆေးဦးစီးမှူး ဦးသစ်လွင်က ကျန်းမာရေးဝန်ကြီးဌာန၏ မူဝါဒများအကြောင်းကိုလည်းကောင်း ဟောပြောခဲ့သည်။

ထို့နောက် ကျောက်ချောကျေးရွာပြည်သူများအား တိုင်းရင်းဆေးများဖြင့် အခမဲ့ကုသပေးမှုကို ဆက်လက်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**အောင်ကျော်ထွန်း(ပုသိမ်ကြီး)**


### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၆ယ/၄၁၆၈၉၊ Honda Wave 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးလှထွေး ၁၄/ငပတ(နိုင်)၀၅၉၃၃၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၆ယ/၂၇၂၀၇၊ Kenbo 110 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်သင်းသင်းမာ ၁၄/ငပတ(နိုင်)၀၅၆၂၃၇က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၃ယ/၉၉၆၈၈၊ Honda Wave 125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်အိအိချို ၁၄/မမန(နိုင်)၂၁၇၁၆၈က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးဦးစီးမှူးရုံး(ပုသိမ်မြို့)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၂ယ/၄၉၃၆၄ Lugia 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးကတ်ပလင်း ၁၄/ပသန(နိုင်)၀၂၂၃၁၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၆ယ/၅၇၅၁၆၊ ဟွန်ဒါဝေ့ဖ် NF 100, M/C ယာဉ်လက်ဝယ်ရှိသူ ဦးသန်းထွန်းလေး ၁၄/ပသရ(နိုင်)၀၀၇၀၂၉က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၆ယ/၂၆၉၈၃ Kenbo 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးကြင်ဟုန် ၁၄/ငပတ(နိုင်)၁၃၈၉၁၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7B/3195 MITSUBISHI CANTER VAN(4x2) ယာဉ်လက်ဝယ်ရှိသူ Auto Kaung Trading Co.,Ltd. က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)၊ ရန်ကုန်မြို့**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၆ယ/၅၂၈၄၁ ယာဉ်လက်ဝယ်ရှိသူ ဦးမောင်ချို ၉/တသန(နိုင်)၀၅၂၆၆၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မြင်းခြံမြို့)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅ယ/၅၅၃၃၁ Kenbo M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်တင့် ၉/ပသက(နိုင်)၀၇၁၃၁၀က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၁ယ/၂၇၈၄ New Anho C 2, 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းထွန်းဇော် ၅/အရတ(နိုင်)၀၆၇၁၅၁က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

### ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်း (I)မှ မသန်းသန်းဌေး၏ ဖခင်အမည်မှန်မှာ ဦးပိုက်အေး ၉/ကပတ(နိုင်)၁၄၆၅၉၇ဖြစ်ပါသည်။

**ဦးပိုက်အေး**

### ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၆/မြို့မရပ်၊ မြေကွက်/ဦးပိုင်အမှတ် ၇၉၊ ဧရိယာ ၀ ဒသမ ၂၁၇ ဧကရှိ ဦးကျော်သိန်း အမည်ဖြင့် ပိုင်ဆိုင်သော ဘိုးဘပိုင်မြေကွက်အား ဦးမျိုးတင့်ထူး၊ ဦးမိုးမြင့်ဦး ၉/လဝန(နိုင်)၀၀၁၂၉၀၊ ၉/လဝန(နိုင်)၁၁၁၄၈၇(ဘ) ဦးတင့်အောင်မှ ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး ဘိုးဘပိုင်မြေကွက်ခွဲစိတ်၊ အမည်ပြောင်းလျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဘုရားကုန်းအဆင့်(၂)၊ မြေကွက်အမှတ်(၄၇၆)အမည်ပေါက် ဒေါ်သန်းစိန်၏မြေကွက်ကို လက်ရှိလက်ဝယ်ပိုင်ဆိုင်သူ ဦးမြင့်ကြည် ၁၂/လမတ(နိုင်)၀၂၂၇၉၀ က မြေကွက်စလစ်(မူရင်း)၊ ငွေသွင်းချလန်(မူရင်း)နှင့် အရောင်းအဝယ်စာချုပ်(မူရင်း)များ တင်ပြပြီး မြေချပါမစ်ထုတ်ပေးပါရန်လျှောက်ထားလာသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း အထောက်အထားမူရင်းများ တင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေယာရုံးခွဲ(၂)မြေနှင့်အခွန်ဌာနခွဲ**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ မြိုင်သာယာကွက်သစ်၊ မြေကွက်အမှတ်(၂၃၅)၊ အမည်ပေါက် ဦးမြင့်ဝေ၏ မြေကွက်ကို လက်ရှိလက်ဝယ်ပိုင်ဆိုင်သူ ဦးမျိုးတင့် ၁၂/မဂတ(နိုင်)၀၄၅၆၉၁ က မြေကွက်စလစ်(မူရင်း)နှင့် အရောင်းအဝယ်စာချုပ်(မူရင်း)များတင်ပြပြီး မြေချပါမစ်ထုတ်ပေးရန်လျှောက်ထားလာသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေယာရုံးခွဲ(၂)မြေနှင့်အခွန်ဌာနခွဲ**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# မြစ်သား-အိုးသူကြီး-အင်းကုန်း ကတ္တရာလမ်းသစ်ကြောင့် မြစ်သားမြို့နယ် ဒေသခံများ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်လာ

ထွန်းထွန်းနိုင်(ကျောက်ဆည်)



ကျောက်ဆည်ခရိုင် အတွင်းရှိ မြစ်သားမြို့မှ ကျေးရွာများသို့ ဆက်သွယ်ထားသော မြစ်သား-အိုးသူကြီး-အင်းကုန်း ကတ္တရာလမ်းသစ်ကြီး ဖောက်လုပ်ခဲ့မှုကြောင့် လမ်းတစ်လျှောက်ရှိ ရွာခိုင်ကြီး၊ မြနဒီ၊ ဒိုင်းကျေးရွာအုပ်စုမှ ကျေးရွာများ၊ နွားကူးကြီး၊ ခင်လယ်၊ပိန္နဲပင်၊ မြဂနိုင်စသည့် ကျေးရွာများမှ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာခဲ့ကြောင်း ဒေသခံပြည်သူများ၏ ပြောကြားချက်များအရ သိရသည်။

မြစ်သား-အိုးသူကြီး-အင်းကုန်းလမ်းသည် ယခင်က မြစ်သားမြို့မှ ရွာခိုင်ကြီးကျေးရွာအထိ လမ်းရှိသော်လည်း ကတ္တရာလမ်းအဖြစ် မြစ်သားမြို့မှ လမ်းခွကျေးရွာအထိသာရှိပြီး လမ်းခွမှ ရွာခိုင်ကြီးအထိ ကျောက်ချောလမ်းအဖြစ်သာ ရှိခဲ့သည်။ ရွာခိုင်ကြီးမှ ကျန်ကျေးရွာများသို့ ကျေးရွာချင်းဆက် လမ်းများနှင့် ပန်းလောင်မြစ်ကြောင်းတစ်လျှောက် မြောင်းပေါင်လမ်းများကိုသာ အသုံးပြုသွားလာခဲ့ရသောကြောင့် လမ်းပန်းဆက်သွယ်ရေးခက်ခဲကာ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သော ကျေးရွာများထက် ဖွံ့ဖြိုးမှုနောက်ကျခဲ့ရကြောင်း သိရသည်။

“ဒီဒေသက အရင်ကဆိုရင် ကားမပြောနဲ့ ဆိုင်ကယ်နဲ့တောင် မနည်းသွားနေရတာ၊ မိုးတွင်းဆိုရင် ဆိုင်ကယ်တောင် ထမ်းထုတ်ရတာ။ မိုးရွာပြီးရင်လည်း ချက်ချင်းသွားမရဘူး၊ ချောင်းတွေ၊ မြောင်းတွေကလည်းပေါ၊ တောင်တွေကလည်းပေါတော့ တောင်ကျရေတွေ ကျလာပြီဆိုရင် အနည်းဆုံး တစ်နာရီ၊ နှစ်နာရီ လောက်စောင့်ပြီးမှ သွားရတာ။ ဒီဘက်ကို တာဝန်နဲ့ ခဏခဏရောက်တယ်။ ရောက်တဲ့အခေါက်တိုင်းလည်း သွားရေးလာရေးအဆင်မပြေမှုတွေကြုံတယ်၊ တစ်ခေါက်ကဆို မိုးရွာပြီး တောင်ကျရေနဲ့တွေ့လို့ ဆိုင်ကယ်ကို ရွာသားတွေက ဝိုင်းထမ်းပြီး ပို့ပေးရတာ။ အခုတော့ ဒီလမ်းကြီးကြောင့် ကြိုက်တဲ့အချိန်သွား၊ ကြိုက်တဲ့ကားနဲ့သွား သွားလို့လာလို့ သိပ်ကို အဆင်ပြေသွားပြီ” ဟု လမ်းသစ်ဖောက်လုပ်ခဲ့မှုကြောင့် သွားလာရေး အဆင်ပြေချောမွေ့လာပုံကို မြစ်သားမြို့နယ်တွင် မြို့နယ်အဆင့်ရာထူးဖြင့် ခုနစ်နှစ်ကျော် တာဝန်ထမ်းဆောင်နေသူတစ်ဦးက ပြောပြသည်။

အဆိုပါဒေသသည် ပန်းလောင်မြစ် အထက်ပိုင်းတွင် တည်ရှိသောကြောင့် စိုက်ပျိုးရေးဖြစ်ထွန်းကာ စပါး၊ ပဲ၊ ပြောင်း၊ ဝါ၊ ငှက်ပျော သီးနှံမျိုးစုံ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းမှုကိုလည်း ဒေသခံမြနဒီကျေးရွာသား ဦးအေးဆွေဝင်းက “ကျွန်တော်တို့ဒေသက သီးနှံမျိုးစုံစိုက်ပျိုး အောင်မြင်ဖြစ်ထွန်းတယ်။ ဒီလမ်းကြီးမဖောက်ခင်ကတော့ စိုက်တဲ့သီးနှံက အောင်မြင်ဖြစ်ထွန်းပေမယ့် မြို့နဲ့အလှမ်းဝေး၊ သွားလာရေးက ခက်ခဲတော့ အကျိုးဖြစ်ထွန်းသင့်သလောက် မဖြစ်ထွန်းဘူး။ အခုတော့ လမ်းသစ်ကြီးကြောင့် သွားလာရေးလွယ်ကူသွားလို့ ကိုယ်တိုင်မြို့တက်ရောင်းတော့ ကိုယ်လုပ်သလောက် ကျန်တယ်။ ဒီလမ်းကြီးကြောင့် ကျွန်တော်တို့ဘဝတွေ အရင်တုန်းကထက် ဖွံ့ဖြိုးတိုးတက်ခဲ့တယ်”ဟု ပြောကြားခဲ့သလို ကျေးရွာရပ်မိရပ်ဖတစ်ဦးကလည်း “ဒီလမ်းမဖောက်ခင်တုန်းက ကျွန်တော်တို့ဒေသကို လူကြီးတွေလာတာနည်းတယ်။ အခု ဒီလမ်းပြီးမှ လူကြီးတွေ တော်တော်လာတယ်။ လူကြီးတွေလာတော့ ကျွန်တော်တို့ဒေသက ရွာတွေရဲ့ လိုအပ်ချက်တွေကို တောင်းဆိုလို့ရတော့ ဒေသကတစ်နေ့တခြား ဖွံ့ဖြိုးတိုးတက်လာတာပေါ့”ဟု ပြောသည်။

အဆိုပါဒေသသည် ယခင်က ဆိုင်ကယ်ကိုသာ အဓိကအားထားပြီး သွားလာခဲ့ရသော်လည်း ယခုအခါတွင် ကျေးရွာတိုင်းတွင် နောက်ဆုံးပေါ် ခေတ်မီကားများ၊ ထွန်စက်ကြီးများဖြင့် ကျေးရွာအရောက် အခက်အခဲမရှိ သွားလာနိုင်သလို ကျေးရွာများ၏ လယ်ယာထွက်ကုန်ပစ္စည်းများကို ထော်လာဂျီများဖြင့် သယ်ယူပို့ဆောင်နေကြသည်ကို မြစ်သား-အိုးသူကြီး - အင်းကုန်းလမ်းပေါ်တွင် ဥဒဟို မြင်တွေ့နိုင်မည်ဖြစ်သည်။ အဆိုပါ လမ်းသစ်ကြီးကြောင့် ပြောင်းလဲလာသော ခေတ်စနစ်နှင့်အညီ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး အစစပြည့်စုံလာမည်ဟု ဒေသခံ ရွာသူ ရွာသားများက ပြောသည်။

မြစ်သား- အိုးသူကြီး- အင်းကုန်းလမ်းသည် ၁၈ မိုင် ခြောက်ဖာလုံ ရှည်ပြီး ယခင်က မြစ်သားမြို့မှ လမ်းခွကျေးရွာအထိသာ ကတ္တရာလမ်းရှိခဲ့ပြီး ရွာခိုင်ကြီးကျေးရွာအထိ မြေသားလမ်းအဖြစ် တည်ရှိခဲ့သည်။ ရွာခိုင်ကြီးကျေးရွာမှ မြနဒီ၊ ဒိုင်းကျေးရွာအုပ်စုမှ ကျေးရွာများ၊ နွားကူးကြီး၊ ခင်လယ်၊ ပိန္နဲပင်၊ မြဂနိုင်ကျေးရွာများသို့ ရှစ်မိုင် ခြောက်ဖာလုံကို လမ်းအသစ်ဖောက်လုပ်ပြီး လမ်းတစ်လျှောက်လုံးကိုလည်း ကတ္တရာလမ်းအဖြစ် ကျောက်ဆည်ခရိုင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီး ဖွံ့ဖြိုးရေးရန်ပုံငွေမှ ငွေကျပ်သန်းပေါင်း ၁၇၂၂ အကုန်အကျခံဖောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ။

## သတင်းတိုများ

### မီးရထားရဲတပ်ဖွဲ့ ပြည်သူ့အကျိုးပြုလုပ်ငန်းဆောင်ရွက်

အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ နှစ်(၅၀)ပြည့်ရွှေရတုကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးရထားရဲတပ်ဖွဲ့အမှတ်(၂)တပ်ခွဲ ကောလင်းမှ တပ်ခွဲမှူးဒုတိယရဲမှူးသန်းဌေးနှင့် တပ်ဖွဲ့ဝင်များသည် ကောလင်းမြို့နယ်ပြည်သူ့ဆေးရုံကြီး၌ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆေးရုံဝင်းအတွင်း သန့်ရှင်းလှပစေရေးအတွက် ပေါင်းမြက်များ ရှင်းလင်းခြင်းလုပ်ငန်းကို စက်တင်ဘာ ၉ ရက်က စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **အောင်ကျော်စိုး(iprd)**

### လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ စာစီစာကုံးပြိုင်ပွဲ မုံရွာ၌ကျင်းပ

မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲများကို မုံရွာတက္ကသိုလ် သုံးထပ်ဆောင်နှင့် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၌ စက်တင်ဘာ ၆ ရက်က ကျင်းပရာ လူသားအချင်းချင်းစာနာလို့ လူကုန်ကူးမှုတိုက်ဖျက်စို့ ခေါင်းစဉ်ဖြင့် မုံရွာတက္ကသိုလ်၊ မုံရွာစီးပွားရေးတက္ကသိုလ်၊ ပညာရေးကောလိပ်၊ သူနာပြုသင်တန်းကျောင်းများမှ ကျောင်းသားကျောင်းသူ ၅၇ ဦးနှင့် အခြေခံပညာအထက်တန်းကျောင်းများမှ ကျောင်းသားကျောင်းသူ ၂၀ ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။ **အောင်ဝင်းဆွေ**

## မိတ္ထီလာ၌ လျှော်ဖြူပျိုးပင်များပေးအပ်ပွဲကျင်းပ

**မိတ္ထီလာ စက်တင်ဘာ ၁၂**

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့နာယက၏ လမ်းညွှန်မှုဖြင့် မိတ္ထီလာမြို့နယ်သစ်တောဦးစီးဌာန ပြည်သူ့ပျိုးဥယျာဉ်တွင် စိုက်ပျိုးထားရှိသည့် လျှော်ဖြူပျိုးပင်များကို ခရိုင်နှင့်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များထံ ပေးအပ်ပွဲကို စက်တင်ဘာ ၉ ရက်က အဆိုပါ ပျိုးဥယျာဉ်၌ ကျင်းပသည်။

လျှော်ဖြူပျိုးပင်ပေးအပ်ပွဲတွင် ခရိုင်အမျိုးသမီးရေးအဖွဲ့ဝင်များအတွက် လျှော်ဖြူပျိုးပင်များကို ခရိုင်အမျိုးသမီးရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်လှလှဌေးထံသို့ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးခန့်ကြည်က ပေးအပ်ပြီး မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များအတွက် လျှော်ဖြူပျိုးပင်များကို မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ချိုမျိုးထိုက်ထံသို့ တောအုပ်ကြီး ဦးသက်မောင်က ပေးအပ်သည်။ ခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များထံသို့ လျှော်ဖြူပျိုးပင် ၂၅၀၀ ကိုပေးအပ်ခဲ့ခြင်းဖြစ်ပြီး အဆိုပါပျိုးပင်ပေးအပ်ပွဲသို့ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင့်ဝေသုံ၊ မြို့နယ်အုပ်ချုပ်ရေးမှူးဦးမျိုးလှိုင်နှင့် ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်အားပေးခဲ့ကြောင်း သိရသည်။ **ချမ်းသာ(မိတ္ထီလာ)**




## ကျေးဇူးအထူးတင်ရှိခြင်း

ပျဉ်းမနားမြို့၊ မြို့ဦးရပ်ကွက်၊ ဗိုလ်တောက်ထိန်လမ်းတွင် **မြတ်စေတနာ** စာကြည့်တိုက်အား ၇-၉-၂၀၁၄ ရက်တွင် ဖွင့်လှစ်ပေးခဲ့သော **စိုး**လျှပ်စစ်နှင့် စက်ပစ္စည်းကုမ္ပဏီမှ ဥက္ကဋ္ဌကြီး ဦးစိုးတင့်၊ ပျဉ်းမနားမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြို့နိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးခိုင်တို့အား ကျေးဇူးအထူးတင်ရှိပါသည်။ ထို့အပြင် စာကြည့်တိုက်ဖြစ်မြောက်အောင် မတည်လှူဒါန်းပေးပါသော ဦးစိုးတင့် ဥက္ကဋ္ဌ **စိုး**လျှပ်စစ်နှင့်စက်ပစ္စည်းကုမ္ပဏီမိသားစုနှင့် မြို့မိမြို့ဖများ၊ အလှူရှင်များအားလုံးကို အထူးကျေးဇူးမှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

**စာကြည့်တိုက်ဖြစ်မြောက်ရေးကော်မတီ၊ နေပြည်တော်၊ ပျဉ်းမနားမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2G/3251 HONDA ACTY HA6, PICKUP (4×2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်တင်တင်အောင် ၁၂/ဗဟန(နိုင်)၀၇၇၁၀၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၈ċ/၃၀၃၃ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဈ/၇၇၂၉၊ Y.C.O MPV, M/B(4×2) ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းကြိုင် ၇/ပမန(နိုင်)၀၉၂၈၆၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ပြည်)၊ ပြည်မြို့**

**ဖခင် အမည်မှန်**

မိတ္ထီလာမြို့၊ အထက(၂)၊ တက္ကသိုလ်ဝင်တန်း(E)မှ မသီရိကေလွင်၏ ဖခင်အမည်မှန်မှာ ဦးမျိုးဦး ဖြစ်ပါကြောင်း။

**ဦးမျိုးဦး ၉/မထလ(နိုင်)၂၁၅၁၄၁**

## အများသိစေရန် အသိပေးကြေညာခြင်း

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကျောက်မဲခရိုင်၊ သီပေါမြို့နယ်၊ ပန်းထိမ်မြောက်ရပ်ကွက်၊ အကွက် ၁၃/ပန်းတိမ်ရပ်၊ ဦးပိုင်အမှတ် ၂၁၆/က၊ ဧရိယာ ၀ ဒသမ ၁၆၃၈ဧကအကျယ်အဝန်းရှိ ဒေါ်နန်းစံဟွမ် အမည်ပေါက်ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ နံကပ်နှစ်ထပ်အဆောက်အအုံ၊ ပျဉ်ထောင်နှစ်ထပ်အဆောက်အအုံ၊ သွယ်တန်းတပ်ဆင်ထားသည့် လျှပ်စစ်မီတာ၊ ရေမီတာ၊ ပေါက်ရောက် သစ်ပင်၊ ဝင်းခြံအကာအရံအစရှိသည့် ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်နန်းစံဟွမ် (ဘ)ဦးဆန်မောင် ၉/မရမ(နိုင်)၀၉၂၇၈၅ထံမှ ကျွန်ုပ်၏မိတ်ဆွေသည် အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေအချို့ ပေးချေပြီးဖြစ်ပါသည်။

ယင်းအရောင်းအဝယ်အပေါ် ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာ ကြေညာချက်ပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးနေမျိုးဇော်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၇၅၅)**
**အမှတ် ၃၅၊ ၂၇ လမ်း၊ ၇၀×၇၁ လမ်းကြား၊**
**အကွက် ၇၃၀၊ ပါတ်ကုန်းဝန်းကျင်ရပ်၊ ချမ်းအေးသာစံမြို့နယ်၊**
**မန္တလေးမြို့၊ ဖုန်း-၀၉-၉၁၀၁၈၄၆၈**

## ပထမအကြိမ်မြောက် မြို့ဦးမိုးကုတ်ဝိပဿနာရိပ်သာတရားစခန်းဖွင့်ပွဲ

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၂၁) ရပ်ကွက်၊ မြို့ဦးကျောင်းတိုက်၌ ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း နိုင်ငံတော်ကမ္မဋ္ဌာနာစရိယ၊ ကမ္မဋ္ဌာန်းနည်းပြချုပ် မိုးကုတ်ဝိပဿနာဌာနချုပ်၊ မန္တလေးမြို့၊ ဆရာတော်ဘဒ္ဒန္တကုန္တက(သိမ့်၊ ပွားမှု့၊ ပယ်မှု့)မှ (၁၃၇၆ ခုနှစ် သီတင်းကျွတ်လဆန်း ၃ရက်မှ သီတင်းကျွတ်လဆန်း ၉ရက်အထိ) ၂၆-၉-၂၀၁၄ ရက်မှ ၂-၁၀-၂၀၁၄ ရက် အထိ ဟောကြားပြသမည်ဖြစ်ပါ၍ တရားစခန်းဝင်ရောက်လိုသောယောဂီများ ကြိုတင်စာရင်းပေးသွင်းနိုင်ကြစေရန် အသိပေးကြေညာအပ်ပါသည်။

**မှတ်ချက် - ယောဂီများ ၂၅-၉-၂၀၁၄ ရက် ညနေ ကျောင်းတိုက်သို့ အရောက်လာရပါမည်။**

**ဆက်သွယ်ရန် ဖုန်း-၀၉-၄၂၁၀၉၀၀၉၀၊ ၀၉-၄၂၀၁၆၃၇၃၃၊ ၀၉-၄၂၁၀၄၇၅၈၅**

## ဖခင်အမည်မှန်

မိတ္ထီလာမြို့ အထက(၃) တက္ကသိုလ်ဝင်တန်း(I)မှ မောင်မျိုးမင်းသူ၏ ဖခင်အမည်မှန်မှာ ဦးမျိုးမျိုးဖြစ်ပါကြောင်း။

**ဦးမျိုးမျိုး**
**၉/မလန(နိုင်)၀၈၅၃၂၂**

## ဖခင်အမည်မှန်

မိတ္ထီလာမြို့ အထက(၂) တက္ကသိုလ်ဝင်တန်း(E)မှ မမြတ်နိုးငယ်၏ ဖခင်အမည်မှန်မှာ ဦးမြင့်ဇော်ဦး ဖြစ်ပါကြောင်း။

**ဦးမြင့်ဇော်ဦး**
**၉/မထလ(နိုင်)၀၈၈၂၉၆**

## ဖခင်အမည်မှန်

မိတ္ထီလာမြို့နယ်၊ အထကခွဲ(ချည်စက်) သတ္တမတန်း(C)မှ မောင်ဝင်းမင်းဦး၏ဖခင်အမည်မှန်မှာ ဦးမျိုးမျိုး ဖြစ်ပါကြောင်း။

**ဦးမျိုးမျိုး**
**၉/မလန(နိုင်)၀၈၅၃၂၂**

## ဖခင်အမည်မှန်

နေပြည်တော်၊ တပ်ကုန်း၊ တော်ဝင်ကိုယ်ပိုင်အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းတွင် တတ်ရောက်ပညာသင်ကြားနေသော မနန်းသက်မွန်ထွေး၏ ဖခင်အမည်မှန်မှာ ဦးစောမန်းငွေ ၁၂/ဗတထ(နိုင်)၀၂၂၄၅၉ ဖြစ်ပါကြောင်း။

## ကျန်းမာရေးဝန်ကြီးဌာန
## တိုင်းရင်းဆေးပညာဦးစီးဌာန
## မွန်ပြည်နယ်ဦးစီးဌာနမှူးရုံး၊ မော်လမြိုင်မြို့
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ မွန်ပြည်နယ်၊ သထုံခရိုင်၊ သထုံမြို့တွင် (၂၅-ခုတင်)ဆံ့ တိုင်းရင်းဆေးရုံ ဆောက်လုပ်ခြင်းနှင့် လေးခန်းတွဲ၊ လေးထပ် ဝန်ထမ်းအိမ်ရာတည်ဆောက်ခြင်းလုပ်ငန်းအတွက် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ ၃၀-၉-၂၀၁၄ ရက် ညနေ ၄း၃၀ နာရီ နောက်ဆုံးထား၍ အိတ်ဖွင့်တင်ဒါများတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းများကို မွန်ပြည်နယ် တိုင်းရင်းဆေးပညာဦးစီးဌာန ပြည်နယ်ဦးစီးဌာနမှူးရုံးတွင် ရုံးချိန်အတွင်း ရယူနိုင်ပြီး အသေးစိတ်အချက်အလက်များ သိရှိလိုပါက ပြည်နယ်ဦးစီးဌာနမှူးရုံး ဖုန်း-၀၅၇-၂၇၀၄၇နှင့် ၀၅၇-၄၀၅၉၈ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**

## လိပ်စာမှန်ပြင်ဆင်ခြင်း

၉-၉-၂၀၁၄ရက်စွဲပါ ခင်ပွန်းအဖြစ်မှ မသက်ဆိုင်တော့ပါကြောင်း အများသိစေရန် ကြေညာချက်တွင် မခင်စန္ဒာလင်း(ခ)ဆိုဖီယာဘီ၏လိပ်စာအမှန်သည် အမှတ်-၈/၉၊ ဗိုလ်ချုပ်လမ်း၊ (၁)ရပ်ကွက်၊ မြဝတီမြို့ဖြစ်ကြောင်း ကြေညာပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးမြင့်သောင်း(စဥ်-၄၀၄၄)** **ဦးစိန်မြင့်(စဥ်-၁၀၉၁၆)** **ဒေါ်ခင်နီတာ(စဥ်-၃၄၇၅၉)**
**တရားလွှတ်တော်ရှေ့နေ** **အထက်တန်းရှေ့နေများ**
**အမှတ် (၂၀၃)၊ သုံးလွှာ၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်တင်တင်မြင့် ၁၂/ဥကမ(နိုင်)၀၇၅၆၅၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သိစေအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဓ)ရပ်ကွက်၊ ဥဇ္ဇနာ(၂)လမ်း၊ အမှတ် (၉၃)၊ မြေပေအကျယ်(၁၀×၆၀)၊ ခေါင်းရင်းခြမ်းနေအိမ်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ဦးအေးကြိုင် ၁၂/ဥကမ(နိုင်)၁၁၈၄၇၁ (ကွယ်လွန်)သူ၏ဇနီး ဒေါ်တင်တင်မြင့် ၁၂/ဥကမ(နိုင်)၀၇၅၆၅ တစ်ဦးတည်းပိုင်ဆိုင်နေထိုင်သော နေအိမ် မရွှေ့မပြောင်းနိုင်သော ပစ္စည်းသာဖြစ်ပါသည်ကို သိစေအပ်ပါသည်။

အမွေပုံ/အမွေဆိုင် အိမ်မဟုတ်ပါ။ မည်သူနှင့်မျှ ပတ်သက်မှုမရှိကြောင်း၊ အရှုပ်အရှင်းကင်းကြောင်း၊ မည်သူမျှတားဆီးနှောင့်ယှက်ပိုင်ခွင့်မရှိကြောင်းကို အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်တင်တင်မြင့်၏ သဘောတူညီမှုမရှိဘဲ အကျိုးပျက်စီးစေသော အပြုအမူ၊ အကြောင်းအရာများရှိပါက ဥပဒေကြောင်းအရ အရေးယူတုံ့ပြန်ရှင်းလင်းမှုပြုမည်ကို သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

**ဒေါ်ညိုညိုဆင့် LL.B, D.B.L, D.M.L, D.I.L** **ဒေါ်ဇင်မာမျိုး LL.B**
**အထက်တန်းရှေ့နေ(စဥ်-၃၁၃၀၈)** **အထက်တန်းရှေ့နေ(စဥ်-၃၈၆၄၃)**
**အမှတ် (၃/ဆ)၊ သမာဓိလမ်း၊ ဆ/ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်သန်းရီ
## အသက်(၈၀)

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ အမှတ်(၂)၊ ဂန္ဓမာလမ်း၊ ငွေကြာရုံရိပ်သာနေ (စွမ်းအင်ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး)ဦးဇေယျာအောင်-ဒေါ်သူဇာဝေတို့၏မိခင်ကြီး ဒေါ်သန်းရီ အသက်(၈၀)သည် ၈-၉-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**Omni Focus Co., Ltd.**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ဟန်ကြည် (ပခုက္ကူ)
## အသက် (၆၄)နှစ်

ဦးဝင်းမောင် ပြည်နယ်မန်နေဂျာ-မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(ငြိမ်း)၏ဇနီး မယဉ်သူဝင်း (ဗန်ကောက်)၊ မောင်ဇေယျာဝင်း-မနှင်းနှင်းဝင်း (စင်ကာပူ)၊ မောင်သီဟန်ဝင်း- မခင်သီရိချို (စင်ကာပူ)တို့၏မိခင်၊ မောင်နိုင်လင်းဝင်း(ခ)လမင်းလေး၏ အဘွား ဒေါ်ဟန်ကြည်သည် ရန်ကုန်မြို့၌ ၉-၉-၂၀၁၄ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ပါမောက္ခ ခင်မောင်ဝင်း (အသည်းအထူးကုဆရာဝန်ကြီး)-**
**ဒေါက်တာဒေါ်ခင်လေးရီနှင့်မိသားစု**

## ကျေးဇူးဥပကာရတင်ရှိခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၅)ရပ်ကွက်၊ အောင်ချမ်းသာလမ်း၊ တိုက် ၁၂၁၊ အခန်း ၂၀၁ နေ မရွှေအိပုံ၏မိခင်၊ ကိုတင်နိုင်ထွန်း၏ ချစ်လှစွာသော ဇနီး မနွယ်နွယ်အောင် အသက်(၄၂)နှစ်သည် ၇-၉-၂၀၁၄ ရက် (တနင်္ဂနွေနေ့) ၂ နာရီတွင် ကွယ်လွန်ခဲ့ပါသဖြင့် ၉-၉-၂၀၁၄ရက် မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ခဲ့ပြီးဖြစ်ပါသည်။ ဦးထွန်းလွင် (ရွှေသိဒ္ဓိရှင်ကုမ္ပဏီ)မန္တလေး၊ ဦးပြည်စိုး (ဂျပန်ရိုးရာစားသောက်ဆိုင်)နတ်မောက်လမ်း၊ ဦးကံမြင့်-ဒေါ်ပျော့(ရွှေဗဟို၊ Electronic) (ရွှေဘုံသာလမ်း)၊ ဦးကျော်ဆန်းဦး Treasure Land ဇနီး နာမကျန်းဖြစ်စဉ်ကပြုစုပေးခဲ့ကြသော ဒေသခံဆရာဝန်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ ကမာရွတ် ရဲစခန်းဝင်းမှ အရာရှိအရာခံ မိသားစုများ၊ အထက(၂) ကမာရွတ်ကျောင်းမှ ဆရာ ဆရာမများ၊ မြောင်မြို့မှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်း၊ အဘက်ဘက်မှ တယ်လီဖုန်းများဖြင့် အားပေးကူညီခဲ့ကြသော၊ ဝိုင်းဝန်းကူညီပေးခဲ့ကြသော ရပ်နီးရပ်ဝေးရှိ ဆွေမျိုးသားချင်းမိတ်သင်္ဂဟအပေါင်းတို့အား အထူးကျေးဇူးဥပကာရတင်ရှိရပါကြောင်း။ **ကိုတင်နိုင်ထွန်း(ရွှေသိဒ္ဓိရှင်ကုမ္ပဏီ/တမခမ်)**

**သမီး-ရွှေအိပုံ (အထက-၂၊ ကမာရွတ်)**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ၁၃၃ ရပ်ကွက်၊ အမှတ် ၁၁၀၃နေ မောင်ဝေယံထွန်း ၁၂/ဥကတ(နိုင်)၁၈၁၈၆၈၏ ဖခင်ဦးနိုင်ဝင်း(ခ)ဦးကြည်ဇင်ငွေမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးနိုင်ဝင်း(ခ)ဦးကြည်ဇင်ငွေ**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်သန်းရီ(မုဒုံ)
## အသက်(၈၀)

ဦးဇေယျာအောင်-ဒေါ်သူဇာဝေတို့၏ ကျေးဇူးရှင်မိခင်ကြီး ဒေါ်သန်းရီ (မုဒုံ) အသက်(၈၀)သည် ၈-၉-၂၀၁၄ ရက် (တနင်္လာနေ့) နံနက် ၁၀နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးထွန်းနွယ်နှင့်ဇနီး**
**ဦးစိုင်းထွန်းမြတ်နှင့်ဇနီး**
**ဦးငွေအောင်နှင့်ဇနီး**
**ထွန်းမြတ်အောင်ကုမ္ပဏီလီမိတက်**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်သန်းရီ(မုဒုံ)
## အသက်(၈၀)

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်-ဒေါ်သူဇာဝေတို့၏မိခင်ကြီး ဒေါ်သန်းရီ(မုဒုံ)သည် ၈-၉-၂၀၁၄ရက် နံနက် ၁၀း၀၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**ခေတ္တစက်ရုံမှူးနှင့်ဝန်ထမ်းများ**
**အမှတ်(၁)ရေနံချက်စက်ရုံ(သန်လျင်)**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်သန်းရီ
## အသက်(၈၀)

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ အမှတ်(၂)၊ ဂန္ဓမာလမ်း၊ ငွေကြာရုံရိပ်သာနေ (စွမ်းအင်ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး)ဦးဇေယျာအောင်-ဒေါ်သူဇာဝေတို့၏မိခင်ကြီး ဒေါ်သန်းရီ အသက်(၈၀)သည် ၈-၉-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဒေါက်တာဒေါ်ခင်စန္ဒာဝင်း-ဦးအေးဇော်ဝင်း**
**ဦးအေးနေဝင်း၊ ဦးကျော်နေဝင်း၊ ဦးဖွဲ့နေဝင်း**

# အထူးဝမ်းနည်းကြေကွဲခြင်း
# ဒေါ်သန်းရီ
## အလယ်တန်းပြဆရာမ(ငြိမ်း)
## အသက် (၈၀)

စွမ်းအင်ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်-ဒေါ်သူဇာဝေတို့၏ ကျေးဇူးရှင်မိခင်ကြီး ဒေါ်သန်းရီ အသက်(၈၀)သည် ၈-၉-၂၀၁၄ရက် နံနက် ၁၀နာရီတွင် ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ငွေကြာရုံရိပ်သာ၊ ဂန္ဓမာလမ်း၊ အမှတ်(၂)နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရသည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးစိုင်းမျိုးဝင်း-ဒေါ်နန်းခင်မြင့်ရီ**

**EXCELLENT FORTUNE DEVELOPMENT GROUP CO.,LTD.**

# လူမှုရေးကြော်ငြာ

## ခရစ်တော်၌ အိပ်ပျော်ခြင်း
## ဒေါက်တာဒေါ်ခင်ဆွေ
### အသက်(၉၆)နှစ်

ပြည်၊ ပုတီးကုန်းမြို့နေ(ဆရာကြီး ဦးသိန်းဖေ-ဒေါ်အုန်းဘွင့်)တို့၏သမီး၊ သုံးဆယ်မြို့၊ ခြံကြီးဝင်းနေ (ဦးရှုဖေ-ဒေါ်စိမ်းရွှေ)တို့၏သမီးချွေးမ၊ [ဦးသန်းဖေ(မြန်မာ့အလင်း/မြန်မာ့တမန်/ဂျာမန်ရှုဖွယ်)]၏ဇနီး၊ (ဦးသိန်းအုန်း-ဒေါ်ကြည်ကြည်)၊ (ဦးရွှေရင်-ဒေါ်သိန်းဘွင့်)၊ (ဦးဇော်ဖေသိန်း-ဒေါ်မြမြ)တို့၏ညီမ/အစ်မ၊ ဒေါ်မှုံမှုံ-ဦးမောင်မောင်ထွေး၊ ဒေါ်ဝေဝေ-ဦးစောဒွိုက်ဖေ၊ ဦးသူရ-ဒေါက်တာသန်းသန်းထွေး၊ ဒေါ်နီနီ-ဦးလွင်ဦး၊ ဦးရူပ-ဒေါ်ခင်ဦးလွင်၊ ဒေါ်မာမာ-ဆလိုင်းအမ်ကျော်ထွေး၊ ဒေါ်ဥဥ-ဦးခင်မောင်လေးတို့၏မိခင်၊ မြေးရှစ်ယောက်၊ မြစ်နှစ်ယောက်တို့၏ဘွားဘွားကြီးသည် ၁၁-၉-၂၀၁၄ရက်(ကြာသပတေးနေ့)နံနက် ၅း၃၀နာရီတွင် အမှတ် ၇(က)၊ ကတိုးနွယ်ခြံ၊ ကြို့ကုန်းအရှေ့နေအိမ်တွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၃-၉-၂၀၁၄ရက်(စနေနေ့) မွန်းတည့် ၁၂နာရီတွင် ရွာမ နှစ်ခြင်းခရစ်ယာန်အသင်းတော်ဗိမာန်တော်၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

**ကျန်ရစ်သူမိသားစု**

---

